မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၁၆၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။

**ဟဟုသစ္စဥ္စ မင်္ဂလာ**

အကြားအမြင် ဗဟုသုတများခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

# (၇) ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (မူကြမ်း) ဆွေးနွေးပွဲ ပြန်လည်စတင်

**ရန်ကုန် မတ် ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် သတ္တမအကြိမ်မြောက်အစည်းအဝေးအား ၂၀၁၅ ခုနှစ် မတ် ၁၇ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြန်လည်ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ (၇) ကြိမ်မြောက်ဆွေးနွေးပွဲ၌ ပဋိပက္ခလျှော့ချရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) ပါ တပ်ပိုင်းဆိုင်ရာကိစ္စများကို ဆွေးနွေးခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA)တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသော အချက်များနှင့် အထွေထွေကိစ္စရပ်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲ ပထမနေ့၌ UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့သည်မိမိတို့နိုင်ငံငြိမ်းချမ်းရေးလုပ်ငန်း

စာမျက်နှာ ၅ ကော်လံ ၁ ✻



# ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ယိမ်းအဖွဲ့များ ယှဉ်ပြိုင်နိုင်



သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၇**

နှစ်စဉ် စည်ကားစွာ ကျင်းပယှဉ်ပြိုင်သည့်နည်းတူ ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင်လည်း ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ ယိမ်းအကပြိုင်ပွဲများကျင်းပပေးမည်ဖြစ်ခြင်းကြောင့် ပါဝင်စာရင်းပေးသွင်းနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သတင်းထုတ်ပြန်သည်။

ယိမ်းပြိုင်ပွဲများကို မူကြိုအရွယ်ကလေးငယ်များအတွက် ၁၂ ဦး ယိမ်း

စာမျက်နှာ ၁၁ ကော်လံ ၄ ●

# ပွိုင့်-၁၄၆၈ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်၊ ကိုးကန့်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၇**

ပါစင်ကျော်ကျေးရွာနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၇ ဆက်သွယ်ထားသော ကားလမ်းအား စိုးမိုးထားသည့် ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့် ပတ်ဝန်းကျင်ရှိ စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းအချို့အား တပ်မတော်စစ်ကြောင်းများက မတ် ၁၆ ရက်ညပိုင်းတွင် တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

လောက်ကိုင်ဒေသအတွင်း ပါစင်ကျော်ကျေးရွာမှ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၇သို့သွားသော ကားလမ်းမြောက်ဘက်ရှိ ကိုးကန့်သောင်းကျန်းသူအင်အားစုများ အခိုင်အမာခြေကုပ်ယူ ခံစစ်ပြင်ဆင်ထားသည့် ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့်

စာမျက်နှာ ၁၂ ကော်လံ ၃ ☆

# မြန်မာ ယူ-၂၀အသင်း မလေးရှား ယူ-၂၂အသင်းနှင့် ခြေစမ်းကစားမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် မတ် ၁၇**

နယူးဇီလန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ ယူ-၂၀ ဘောလုံး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ -၂၀ ဘောလုံးအသင်း သည် လာမည့် မတ် ၁၉ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးပြိုင်ကွင်း၌ မလေးရှား ယူ-၂၂ ဘောလုံးအသင်း နှင့် ခြေစမ်းကစားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ပြုလုပ်သည့်ပွဲကြို မီဒီယာရှင်းလင်းပွဲမှ သိရသည်။

"အခုလိုမြန်မာနိုင်ငံရဲ့ ကမ္ဘာ့ဖလားဝင်ရောက်ယှဉ်ပြိုင်မယ့် ယူ-၂၀ ဘောလုံးအသင်းနဲ့ရော မြန်မာ ယူ-၂၂ ဘောလုံးအသင်းနဲ့ပါ လာရောက်ခြေစမ်းကစားခွင့်ပေးတဲ့အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို အထူးပဲကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ❄

## ယနေ့ မာတိကာ

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း — စာမျက်နှာ » ၉

အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းနှင့် ရေယာဉ်များကြံ့ခိုင်မှုအား စစ်ဆေးဆောင်ရွက်လျက်ရှိ — စာမျက်နှာ » ၁၁



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြည်သူ့အကျိုးစီးပွား အလေးထားဆောင်ရွက်

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က အခြေအနေအကြောင်းကြောင်းကြောင့် သိမ်းဆည်းမြေများရှိခဲ့ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ပြည်သူများ၏အကျိုးစီးပွားကို အလေးထားသောအားဖြင့် မူလပိုင်ဆိုင်သူများထံ စနစ်တကျလွှဲပြောင်းပေးရေးအစီအမံတစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ အထိုက်အလျောက် ခရီးပေါက်ပြီးအောင်မြင်လုနီးပါး အခြေအနေသို့ရောက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့်လည်း မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက မတ် ၁၄ ရက်တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်တို့၏ မြေအသုံးချမှုဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြေကိစ္စများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများတွင် လက်ရှိအခြေအနေထက် ပိုမိုထိရောက်ကောင်းမွန်၍ လွယ်ကူရှင်းလင်းမည့် လုပ်ငန်းစဉ်များ ထပ်မံဖြည့်စွက်ဆောင်ရွက်နိုင်ရန်နှင့် မြေသိမ်းဆည်းခံရမှုများကြောင့် အမှန်တကယ်နစ်နာဆုံးရှုံးခဲ့ကြသည့် ပြည်သူများအတွက် ရသင့်ရထိုက်သည့် ပြန်လည်စွန့်လွှတ်မြေများ (သို့မဟုတ်) လျော်ကြေးငွေများအား သက်ဆိုင်သူများလက်ဝယ် အမြန်ပြန်လည်ပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာနေသည့် အတားအဆီးအခက်အခဲများကို ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းကောင်းများကို ဖော်ထုတ်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ယခုလို တွေ့ဆုံဆွေးနွေးပွဲကို စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

မြေယာစီမံခန့်ခွဲမှု ဗဟိုကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း (၁)မှ အပိုင်း (၁၀)အထိ ပေးပို့ခဲ့ခြင်းအပေါ် အပိုင်း(၇) အထိ ၆၄၄၅ မှု စိစစ်ဖြေရှင်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာနှင့်စပ်လျဉ်းသည့် စွန့်လွှတ်မြေများအား သက်ဆိုင်သူ တောင်သူ ၁၅၅၇၈ ဦးတို့ထံ စိုက်ပျိုးမြေနှင့် အခြားမြေ ၁၀၀၄၁၆ ဒသမ ၃၉၈ ဧက စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ သီးခြားပြန်လည်စွန့်လွှတ်မြေများအား တောင်သူ ၁၆၆၅၄ ဦးကို စိုက်ပျိုးမြေနှင့် သီးခြားမြေ ၂၂၀၈၃၅ ဒသမ ၀၉၉ ဧက လွှဲပြောင်းပြီးဖြစ်ကြောင်း သိရပါသည်။

သို့ပါ၍ နိုင်ငံတော်က ပြည်သူများ၏အကျိုးစီးပွားကို အလေးထားသောအားဖြင့် စွန့်လွှတ်ရနိုင်သော သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများအား ပြန်လည်လွှဲပြောင်းပေးနေသကဲ့သို့ ဆက်လက်လွှဲပြောင်းပေးနိုင်မည့် လယ်ယာမြေများကိုလည်း အမြန်ဆုံးလွှဲပြောင်းပေးနိုင်ရေး ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## အောင်ချမ်းသာရပ်ကွက် မိုးအခါရေဝင်မှုကြိုတင်ကာကွယ်မှုပြုပေးစေချင်

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်ဘေးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသော စမ်းချောင်းမြောင်းကြီးမှာ တော်လှန်ရေးပန်းခြံဘေးမှသည် ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်နှစ်ခုအကြားမှ ဖြတ်သန်း၍ လှိုင်မြစ်အတွင်းသို့ စီးဝင်သောမြောင်းကြီးတစ်ခုဖြစ်သည်။ မိုးတွင်းကာလ၌ ရေစီးအားအလွန်ကောင်းပြီး ရေမျက်နှာပြင်အလွန်မြင့်တက်လျက်ရှိလာသည်။

မိုးရွာချိန် နာရီဝက်ခန့်မပြည့်မီပင် ထိုရေထွက်ပေါက်များမှ ရပ်ကွက်အတွင်းသို့ ရေဆိုးများပြန်လည်ဝင်ရောက်သည်။ ရပ်ကွက်အတွင်း မြေညီအထပ်တိုင်းသို့ ရေဆိုးများနှင့်အတူမြောင်းအတွင်းမှ အမှိုက်များပါ အလုံးအရင်းဖြင့်ဝင်လာမှုများနှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။




အောင်ချမ်းသာရပ်ကွက် အနောက်ဘက်ရှိ ပျက်စီးနေသောစမ်းချောင်းမြောင်းအား တွေ့ရစဉ်။

မကြာမီမိုးကာလသို့ ရောက်ရှိလာတော့မည် ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့တော်နှင့် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တွင်း မြို့နယ်များအား ယခုနှစ်မိုးရာသီမှ အစပြုကာ ရေကြီးရေလျှံခြင်းမရှိစေရန် ငွေကျပ် ၄ ဒသမ ၉ ဘီလီယံအကုန်အကျခံ ပြုပြင်တည်ဆောက်နေသည်ကို တွေ့မြင်နေရသည်။

သို့ပါ၍ မိုးကာလရောက်တိုင်း အမှန်တကယ် ရေဝင်နစ်မြုပ်လျက်ရှိနေသော အောင်ချမ်းသာရပ်ကွက်အား မိုးအခါ ရေဝင်မှုမှ ကြိုတင်ကာကွယ်ရန် ထင်သာမြင်သာကဏ္ဍမှ ရေးသား တင်ပြလိုက်ရပါသည်။ **ဘော်ဂါသွေး**




## ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အလွှတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ကြေညာ

**နေပြည်တော် မတ် ၁၇**

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် ရာသီပြောင်းမှု တုံ့ပြန်ဖို့ ဘက်စုံအသိဖြင့် ဆောင်ရွက်စို့ Climate Knowledge for Climate Action ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

ဆောင်းပါးပြိုင်ပွဲ ပထမဆုကို ဒေါ်ဝေဝေလှိုင် (ဝေဝေလှိုင်) ဦးစီးအရာရှိ (မြို့ပြ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်၊ ဒုတိယဆုကို နော်လယ်မူဖော (ရှို့စ်-ပုသိမ်တက္ကသိုလ်) အထပြ အထက (ဟိုင်းကြီးကျွန်း) ငပုတောမြို့နယ်၊ တတိယဆုကို ဦးမြင့်သိန်း (ရွှေရိုး) အထက (ဟိုင်းကြီးကျွန်း) ငပုတောမြို့နယ်၊ နှစ်သိမ့်ဆု (၁)ကို ဦးအောင်သန်း (အောင်ခန့်ဖြိုးဝေ) ဦးစီးအရာရှိ (ငြိမ်း) စည်ပင်ဦးစီးဌာန တောင်ငူမြို့၊ နှစ်သိမ့်ဆု (၂) ကို ဒေါ်နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း) စာကြည့်တိုက်မှူး အိုအေစစ်စာကြည့်တိုက် ဟိုပင်မြို့တို့က ရရှိကြသည်။

ဆုရရှိသူများသည် ဒေါ်မေခင်ချော ဒုတိယညွှန်ကြားရေးမှူး၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးကော်မတီအတွင်းရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်မြို့ ကမ္ဘာအေး ဖုန်း-၀၁-၆၆၁၆၈၄နှင့် ၆၆၂၈၀၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၆၆-၁၀၇၂ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၀၅၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၄၇၀-၁၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၀၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၆၀၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် USAID တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် USAID မှ အာရှဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာ ဂျော်နသန် နီကိုလပ်စ် စတီဗားစ်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်း၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ မဲစာရင်းပြုစုခြင်းစနစ်နှင့် အခြေခံမဲစာရင်း ပြုစုဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်း ပြည်ပ Observer များအား ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာနိုင်ရေးအတွက် ဖိတ်ကြားရန် စီစဉ်ထားရှိမှု၊ Observer များနှင့် နိုင်ငံရေးပါတီများ၏ Code of Conduct များကို CSO များ၊ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းရေးဆွဲနေမှုတို့ကို ရှင်းလင်းပြောကြားသည်။



USAID မှ အာရှဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ပြင်ဆင်စီမံ ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲပြီးနောက် ဖြစ်ပေါ်လာနိုင်သည့်အငြင်းပွားမှုများကို ဆောင်ရွက်ရန်စီစဉ်ထားမှုတို့နှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် USAID တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် အမေရိကန် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အာရှဗျူရိုမှ လက်ထောက်အုပ်ချုပ်ရေးမှူး မစ္စတာ ဂျော်နသန် နီကိုလပ်စ် စတီဗားစ်သည် မတ် ၁၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မိဘဆရာအသင်းများ၏ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၁၇**

အခြေခံပညာကျောင်းများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် အခြေခံပညာရေးဆိုင်ရာကိစ္စများ ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူး (ပညာ)များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်း၊ ကျောင်းကောင်စီများ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ မိဘဆရာအသင်းများ၏ ဆောင်ရွက်မှုအခြေအနေတို့ကို ကွင်းဆင်းသုတေသနပြုတွေ့ရှိချက်များနှင့် လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခြေအနေများကို တက်ရောက်လာကြသူများက တင်ပြကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုများ၊ ကျောင်းသားအားကစားပွဲတော် ကျင်းပရေး၊ ကျောင်းစာကြည့်တိုက်များတည်ထောင်ရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ရာတွင် မိဘဆရာအသင်းများ ဦးဆောင်မှု၊ ကျောင်းကောင်စီများ၏ပါဝင်မှုတို့ဖြင့် လုပ်ငန်းများ အောင်မြင်ထိရောက်စွာ ဝိုင်းဝန်းဆောင်ရွက်ရေး၊ ကျောင်းများ၌ မိဘဆရာအသင်းအစည်းအဝေးများ သုံးလတစ်ကြိမ်ကျင်းပပြီး ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ် ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် နေ့ရက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆုအတွက် ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myan-mar education.edu.mm တွင် ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ဒုတိယအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၁၇၂ ဦးနှင့် မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် တတိယအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၅၆၄ ဦး ပေါင်းရွေးချယ်ခံရသူ ၇၃၆ ဦးသည် ဧပြီ ၁ ရက်မှစ၍ လူတွေ့ဖြေဆိုရမည်ဖြစ်သည်။

မွေးမြူရေးနှင့်ဆေးကုသရေး၊ စိုက်ပျိုးရေးနှင့် သစ်တောပညာရပ်များအတွက် လျှောက်ထားသူများသည် နေပြည်တော်(ရေဆင်း)ရှိ သက်ဆိုင်ရာတက္ကသိုလ်များတွင် ဖြေဆိုရမည်ဖြစ်ပြီး ကျန်ပညာရပ်များအတွက် လျှောက်ထားသူများသည် ရန်ကုန်မြို့၌ လူတွေ့ဖြေဆိုရမည် ဖြစ်သည်။

လူတွေ့ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများအနက် နောက်ဆုံး အခြေအနေကိုဖော်ပြသည့် Updated အချက်အလက်များဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်းပုံစံကို scholarmm2015@gmail.com သို့ မပေးပို့ရသေးသူများအားလုံးသည် မတ် ၂၄ ရက်အရောက် pdf. format ဖြင့် အီးမေးလ်ပေးပို့ရန် လိုအပ်ပါသည်။

လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာ အသေးစိတ်နှင့်ကြေညာချက်များကို မတ် ၂၅ ရက်မှစတင်၍ www.myanmar-education.edu.mm Website တွင်ဖော်ပြမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့လည်း အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်သည်။

လူတွေ့ဖြေဆိုရန် လာရောက်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ မိမိ၏စိတ်ဝင်စားမှု၊ ပညာရေးရည်မှန်းချက်နှင့် ဘဝရှေ့ရေးအစီအစဉ်အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာလုံးရေ ၄၅၀ ခန့် Scholarship Essay၊ နောက်ဆုံးအခြေအနေကို ဖြည့်စွက်ထားသော Updated ကိုယ်ရေးမှတ်တမ်းငါးစုံတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်းနှင့် လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေးကော်မတီက နောက်တစ်ဆင့် ဆန်ခါတင်ရွေးချယ်၍ ဘာသာရပ်အလိုက် ထူးချွန်သူများကို နိုင်ငံတကာတက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေး ကြေညာသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

# အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးနှင့်လူ့အခွင့်အရေးဆိုင်ရာ အိုင်ယာလန်ဗဟိုဌာနတို့ပူးပေါင်း၍ အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မတ် ၁၆ နှင့် ၁၇ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ အရာထမ်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ အိုင်ယာလန်ဗဟိုဌာနတို့မှ လူ့အခွင့်အရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များနှင့် စာချုပ်ဝင်နိုင်ငံများက အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်အပေါ် နှစ်ဖက်ခေါင်းဆောင်တို့၏အမြင်များ

**သတင်း – ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ – ဖိုးထောင်**


ဦးသိန်းဇော်


ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း


ဦးနိုင်ဟံသာ


ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး


ဗိုလ်ချုပ်ဂွမ်မော်


ပဒိုစောကွယ်ထူးဝင်း

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် (၇) ကြိမ်မြောက်အစည်းအဝေးအား ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြန်လည်ကျင်းပနိုင်ခဲ့သည်။

ယင်းသို့ကျင်းပရာ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေး အဖွဲ့ (NCCT) တို့မှ နှစ်ဖက်ခေါင်းဆောင်များ၏ သဘောထားအမြင်များကို ဖော်ပြအပ်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း (ဒုတိယဥက္ကဋ္ဌ)**
**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)**

အခု NCA ညှိနှိုင်းမှုကနေ နောက်တစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေစတင်ပြီး နိုင်ငံရေးသဘောတူညီချက်တွေရနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ NCA ကို ရည်မှန်းချက်သုံးခုအခြေခံပြီး ကြိုးပမ်းနေတာဖြစ်ပါတယ်။ တစ်အချက် နောင်အစိုးရတက်လာတဲ့အခါမှာ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆက်လက် လက်ဆင့်ကမ်းသွားနိုင်ဖို့ အုတ်မြစ်ချတာဖြစ်ပါတယ်။ နှစ်အချက် အပစ်အခတ်ရပ်စဲရေးကို ခိုင်မာနိုင်ရေးဖြစ်ပါတယ်။ သုံးအချက် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ရေးဆိုတဲ့သုံးချက်ကိုအခြေခံထားတာ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲမှု ခိုင်ခံ့ရေးအတွက် ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းဖို့လည်း သဘောတူနိုင်ခဲ့ကြပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပူးတွဲကမကထပြုဖို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီဖွဲ့စည်းရေးကိုလည်း သဘောတူနိုင်ကြပြီး ဖြစ်ပါတယ်။ ဒီနှစ်ချက်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းရဲ့ အရေးကြီးတဲ့အကောင်အထည်ဖော်မှုတွေ ဖြစ်လာမှာပါ။

လက်ရှိ ညှိနှိုင်းမှုအပေါ် လူထုကလည်း စိတ်ဝင်စားနေကြပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မှာ ဘာတွေပါလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှာလည်းဆိုတာ လူထုကလည်း သိချင်နေကြပါတယ်။ ဘာလို့ကြာနေတာလဲလို့ မေးနေတာရှိပါတယ်။ ပွင့်လင်းမြင်သာမှု ရှိဖို့ဆိုတာကိုလည်း ပြောနေကြပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးပြီးတာနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်ဆွေးနွေးတဲ့အပေါ်မှာ လူထုအများစုသိနိုင်အောင် နှစ်ဖက်စလုံးက ရှင်းလင်းဆွေးနွေးပြသဖို့ တိုက်တွန်းလိုပါတယ်။ UPWC အနေနဲ့ ဒီဆွေးနွေးပွဲကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာအောင် အစွမ်းကုန် ကြိုးစားသွားပါမယ်။

**ဦးနိုင်ဟံသာ (အဖွဲ့ခေါင်းဆောင်)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)**

၂၀၁၄ စက်တင်ဘာလမှာကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ်အစည်းအဝေးမှာ အမြင်သဘောထားကွဲပြားရာကနေ ငါးလကျော် ခြောက်လနီးပါး တရားဝင်ဆွေးနွေးပွဲတွေ ပြတ်တောက်ခဲ့ရပါတယ်။ အဲ့ဒီကာလအတောအတွင်းမှာ လက်နက်ကိုင်တိုက်ပွဲတွေ ဒေသအနှံ့အပြားမှာ တိုးပွားဖြစ်ပေါ်လာတာကိုလည်း တွေ့ကြရပါတယ်။ ဒီအခြေအနေက နိုင်ငံအတွက်ရော တိုင်းရင်းသားပြည်သူတွေအတွက်ပါ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်နေတဲ့ ရေရှည်တည့်တံ့ခိုင်မြဲမယ့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း များစွာထိခိုက်ပျက်ပြားစေပါတယ်။

ဒါကြောင့် ဒီအခြေအနေကို အမြန်ဆုံးပြုပြင်ဖို့အတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအရ ဆွေးနွေးဖြေရှင်းဖို့ တာဝန်ခံ ကြိုးစားလုပ်ဆောင်နေကြတဲ့ NCCT အဖွဲ့ဝင်တွေနဲ့ UPWC အဖွဲ့ဝင်တွေမှာ အထူးတာဝန်ရှိပါတယ်။ ဒီ ခုနစ်ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ NCCT ဘက်က KIO အဖွဲ့ဝင်တွေအပါအဝင် အစုံအညီတက်ရောက်လာပါတယ်။ KIO ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှာ အစိုးရအကြီးအကဲတပ်မတော်အကြီးအကဲတွေနဲ့ ဝင်ရောက်တွေ့ဆုံနိုင်ခဲ့တာဟာ အလွန်ကောင်းမွန်တဲ့ အလားအလာဖြစ်ပါတယ်။ KIO နဲ့ အစိုးရကြား ယုံကြည်မှုကိုတည်ဆောက်နိုင်ရင် NCCT နဲ့ UPWC တို့ ဆွေးနွေးနေတဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှုရရှိဖို့ များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ NCCT အဖွဲ့ဟာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ကျွန်တော်တို့ဘက်မှာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။ အကယ်၍ အစိုးရနဲ့ သဘောတူညီမှုရရင် အပြီးသတ် သဘောတူညီဖို့ ရှိပါတယ်။

**ဦးသိန်းဇော် (ဒုတိယဥက္ကဋ္ဌ)**
**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

အဖွဲ့အစည်းအရေးထက် နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အရေးကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့အတွက် ဆောင်ရွက်ဖွယ်ရာတွေကို ဆောင်ရွက်လျက်ရှိနေပါတယ်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားနေတဲ့ ဒီမိုကရေစီအရေး တန်းတူညီမျှရေးနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းခွင့်ရရှိရေး စတဲ့အချက်တွေကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ဖို့အတွက် ကျရာအခန်းကဏ္ဍကတာဝန်ကျေပွန်စွာနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် တူညီတဲ့ရည်မှန်းချက်ကိုကိုင်စွဲပြီး စုပေါင်းဆောင်ရွက်သွားကြဖို့ ဆန္ဒပြုပါတယ်။

**ပဒိုစောကွယ်ထူးဝင်း (ဒုတိယအဖွဲ့ခေါင်းဆောင်)**
**တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ဒီကနေ့ ခုနစ်ကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ရရှိနိုင်ဖို့ ပြုလုပ်တဲ့ အစည်းအဝေးမှာ ကျွန်တော်တို့ NCCT အနေနဲ့ အင်မတန်အရေးကြီးတဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ အလေးအနက်ခံယူပါတယ်။ နှစ်ဖက်စလုံးကကိုယ်စားလှယ်ခေါင်းဆောင်တွေ နားလည်မှုရှိရှိနဲ့ NCA စာချုပ်မှာ ကျန်ရှိနေတဲ့အချက်တွေကို သဘောတူညီမှုရရှိသည်အထိ ညှိနှိုင်းပြီး အဖြေရှာနိုင်ကြမယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ NCCT အဖွဲ့ဟာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိဖို့ အစိုးရရဲ့ကိုယ်စားပြုတဲ့ UPWC နဲ့ ဆွေးနွေးညှိနှိုင်းတဲ့အဖွဲ့ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အဓိကတာဝန်က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ရရှိဖို့ ညှိနှိုင်းလုပ်ဆောင်တဲ့တာဝန်ရှိပါတယ်။ NCCT နဲ့ UPWC တို့ရဲ့ ညှိနှိုင်းမှု အချိန်ကာလကြာလာတာနဲ့ အမျှ အများပြည်သူနဲ့ နိုင်ငံတကာရဲ့စိုးရိမ်စိတ်၊ သံသယစိတ်နဲ့ မယုံကြည်မှုတွေဖြစ်ပေါ်ခဲ့တာကိုလည်း သိရှိရပါတယ်။ ကျန်ရှိနေတဲ့အချက်တွေကို နှစ်ဖက်စလုံးက လက်ခံနိုင်တဲ့ လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်တဲ့ သဘောတူညီမှုရလဒ်တွေရရှိမယ်လို့ NCCT က မျှော်လင့်ပါတယ်။

တစ်ကြိမ်တည်းမှာပဲ NCCT နဲ့ UPWC တို့ရဲ့ ခုနစ်ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲမှာ အကုန်လုံးသဘောတူညီမှုရရှိနိုင်ဖို့ ကျွန်တော်တို့ NCCT ကလည်း ဆွေးနွေးမှုလုပ်လာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်တဲ့အခါမှာ တည်ငြိမ်အေးချမ်းမှုရှိမှသာ အကောင်အထည်ဖော်လို့ရမှာ ဖြစ်ပါတယ်။ ဒီကျွန်တော်တို့နိုင်ငံရဲ့ အရင်းခံပြဿနာဖြစ်တဲ့ တိုင်းရင်းသားပြဿနာကို ဖြေရှင်းနိုင်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ဖို့အတွက် လက်ရှိဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကိုရပ်စဲပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးနည်းနဲ့ အဖြေရှာနိုင်မှာ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (အဖွဲ့ဝင်)**
**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

ဒီနေ့ဆွေးနွေးပွဲက အင်မတန်မှ ထူးခြားတဲ့ဆွေးနွေးပွဲတစ်ခုလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအပတ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ KIO၊ KIA ခေါင်းဆောင်တွေက သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်မှာ တွေ့ဆုံခဲ့ကြပါတယ်။ တပ်မတော်နဲ့ KIO၊KIA အဖွဲ့တွေကြားမှာလည်း အတော်အသင့် နားလည်မှုတွေ ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောလို့ရတယ်။ ဒီလိုရရှိလာတဲ့ နားလည်မှုယုံကြည်မှုတွေကနေပြီးတော့မှ ဒီနေ့ ကျွန်တော်တို့မျှော်မှန်းထားတဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုတဲ့အရာကို ဘယ်လိုပဲဖြစ်ဖြစ် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဗိုလ်ချုပ်ဂွမ်မော် (ဒုတိယအဖွဲ့ခေါင်းဆောင်)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ဒီတစ်ကြိမ် အစည်းအဝေးမှာ KIO အနေနဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာ လဂျာဦးဆောင်ပြီး အဖွဲ့ငယ်တစ်ဖွဲ့ ဆင်းလာတာ ဖြစ်ပါတယ်။ ဗဟိုကော်မတီအဖွဲ့ဝင် ရှစ်ဦး ပါဝင်ပါတယ်။ နေပြည်တော်မှာ ဒုတိယသမ္မတကြီးနဲ့ ဦးစွာတွေ့ဆုံပါတယ်။ ပြီးတော့ သမ္မတကြီးနဲ့တွေ့တယ်။ ပြီးတော့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ခဲ့ပါတယ်။

ခုနစ်ကြိမ်မြောက်အစည်းအဝေးမှာ KIO ရဲ့ ဗဟိုကော်မတီဝင်တွေအနေနဲ့ လေ့လာသူနဲ့လာပြီး တက်ရောက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအသီးသီးမှာ ဆွေးနွေးတဲ့အခါမှာ လိုအပ်ရင် ဆွေးနွေးသွားမယ်။ အဖြေရှာသွားမှာဖြစ်ပါတယ်။ KIO ဗဟိုကော်မတီအနေနဲ့ အခုလို စေလွှတ်လိုက်ရတာကတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ အကြီးအကဲ နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ်ကိုတွေ့ဖို့ လိုအပ်တယ်ဆိုတာကို သဘောပေါက်ပါတယ်။ တွေ့ဖို့လည်း ကျွန်တော်တို့ နှစ်ဖက်ကြိုးစားခဲ့ကြသော်လည်း အခြေအနေအမျိုးမျိုးကြောင့် မတွေ့နိုင်ခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ အစည်းအဝေးကို လာရင်းနဲ့ နိုင်ငံတော်ရဲ့ခေါင်းဆောင်တွေကိုတွေ့ဆုံပြီး KIO ရဲ့သဘောထား၊ ကျွန်တော်တို့ရဲ့ ရှေ့မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အထွေထွေအတွင်းရေးမှူးက နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ်ကို အပြည့်အစုံတင်ပြနိုင်ခဲ့ပါတယ်။ တပ်ပိုင်းဆိုင်ရာကိစ္စတွေကိုလည်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးမြင့်စိုး ပြောခဲ့သလိုပဲ တစ်စုံတစ်ရာနားလည်မှုရခဲ့တယ်လို့ ကျွန်တော်လည်း ထပ်လောင်းပြီး အတည်ပြုပြောကြားလိုပါတယ်။

နောက်တစ်ခုရည်မှန်းချက်ကတော့ ကျွန်တော်တို့ဟာ နိုင်ငံတော်ကသွားနေတဲ့ လမ်းစဉ်အရ အချိန်အကန့်အသတ်ရှိတယ်ဆိုတာကို ကျွန်တော်တို့ KIO ဗဟိုကော်မတီမှာလည်း အမြဲတမ်းသုံးသပ်ပါတယ်။ ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့်လုပ်ငန်းတွေမှာ ကျွန်တော်တို့ရဲ့ ဗဟိုကော်မတီကနေပြီး တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ဝင်ရောက်နားထောင်ဆွေးနွေးရင်းနဲ့ ဆုံးဖြတ်ချက်တွေချတဲ့အခါမှာ လွယ်ကူနိုင်အောင် ရောက်ရှိလာတာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ကျွန်တော်တို့က တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်အပြစ်ရှာတဲ့ ပုံစံမျိုးမဟုတ်ဘဲနဲ့ ကောင်းမွန်တဲ့အပြုသဘောဆောင်တဲ့ ဆွေးနွေးမှု၊ ယုံကြည်မှုကနေတစ်ဆင့် အဖြေရှာမယ်။ အဲဒီအဖြေကနေတစ်ဆင့် ကျွန်တော်တို့လိုလားနေတဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်အောင် ကြိုးစားကြမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ပြင်ဆင်ပြီး ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်မှာ တချို့အချက်တွေ ကျန်ပါသေးတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီတစ်ကြိမ်မှာ နားလည်မှုအပြည့်နဲ့ ကျွန်တော်တို့ ဆွေးနွေးကြမယ်။ ပြီးတော့ ဒီ NCA ကို ကျွန်တော်တို့ အောင်မြင်အောင် ဆောင်ရွက်ကြမယ်ဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။

---

### ❍ *ကျောဖုံးမှ*

၁၂၇၅၀၊ စိုက်ပျိုးမြေများမှ ပြန်လည်စွန့်ပစ်ရေထုတ်သည့် ရိုးတူးမြောင်းများဖြစ်သည့် သပြေရိုး(လွှဲကော)ကို အရှည်ပေ ၁၉၆၀၀၊ မုံပေါင်းရိုးအား အရှည်ပေ ၂၂၅၀၀ နှင့် ရှမ်းကမ်းရိုးအား အရှည်ပေ ၂၄၁၂၉ ပေတို့ကို ရန်ပုံငွေကျပ် သိန်းပေါင်း ၁၅၀၀ ကျော်အကုန်အကျခံကာ စိုက်ပျိုးမြေများရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် စက်ယန္တရားများဖြင့် တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အရင်တုန်းက ဒီရိုးတူးမြောင်းတွေက ရှိတယ်၊ ဒါပေမယ့် ပြန်မတူးတဲ့နှစ်တွေများလာတော့ ရေစီးရေလာမကောင်းတော့ဘူး၊ ဒါကြောင့် မိုးတွင်းဆို ရေကမထွက်တော့ လယ်မြေတွေက စိုက်ပျိုးပြီးသားတွေ မလိုလားဘဲ တချို့ဆုံးရှုံးမှုတွေဖြစ်တယ်၊ စိုက်ပျိုးပြီးသားတွေ ရေနစ်သွားရင် တောင်သူအတွက် အကျိုးရှိသင့်သလောက် မရှိတော့ဘူး။

“အခုလို ရိုးတွေကောင်းသွားတော့ ရေကြီးနစ်မြုပ်မှု ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး” ဟု မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်း၏ ပြောကြားချက်အရ သိရှိရသလို ရိုးတူးမြောင်းများ တူးဖော်ပေးခြင်းကြောင့် အကျိုးကျေးဇူးရှိလာမည်ကို သိရသည်။

“ဒီနှစ်က ရိုးတွေတူးပေးတော့ ပိုးပြီးအကျိုးရှိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနှစ်က တောင်သူတွေ နွေနှမ်းတွေပဲ ကြဲကျမှာ၊ နှမ်းက စပါးလောက် ရေဒဏ်မခံနိုင်ဘူး၊ ကျွန်တော်တို့ဆီက မိုးများရင် ရေကတော်တော်နဲ့မထွက်ဘူး၊ လယ်တွေ ၃ ရက်၊ ၄ ရက်လောက် မြုပ်ကုန်တာ၊ စပါးဆို တော်သေးတယ်၊ နှမ်းဆို မရဘူး၊ အခုလို ရိုးတွေကောင်းသွားတော့ မိုးများလည်း မကြောက်တော့ဘူး”ဟု သပြေရိုးကျေးရွာမှ တောင်သူတစ်ဦး၏ပြောကြားချက်အရ သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ

အကောင်အထည်ဖော်မှု အတွက် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခု အစည်းအဝေးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အပြီး သတ်ညှိနှိုင်းနိုင်ရန် အရေးကြီးသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် နောင်ပေါ်ပေါက်လာမည့် အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းဆက်လက် လက်ဆင့်ကမ်းသွားနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေးကို ခိုင်မာစွာလုပ်ဆောင်နိုင်ရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် စသည့်ရည်မှန်းချက်(၃)ခုကို အခြေခံ၍ ကြိုးပမ်းနေကြောင်း၊ မိမိတို့ UPWC အနေဖြင့် ယခုဆွေးနွေးပွဲမှ ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန်နှင့် NCA ညှိနှိုင်းမှုအားလုံး ပြီးပြတ်သွားစေရန် အစွမ်းကုန်ကြိုးစားသွားရန် ရည်မှန်းထားကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ NCCT ၏ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက မိမိတို့ NCCT အဖွဲ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန် တာဝန်ပေးခဲ့သည့် အဖွဲ့လည်းဖြစ်ကြောင်း၊ ထို့အတူ NCCT အဖွဲ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို မိမိတို့တိုင်းရင်းသားများဘက်တွင် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေး ပြင်ဆင်လာခဲ့ကြောင်း၊ အကယ်၍ အစိုးရနှင့် သဘောတူညီမှုရရှိပါက NCA ကို အပြီးသတ်သဘောတူညီသွားရန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲ၍ လက်နက်ကိုင် အဖွဲ့ဝင်အားလုံး ပါဝင်ဆွေးနွေးနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲကိုကျင်းပပေးနိုင်ပါမှ ပြည့်စုံခိုင်မာပြီး ရေရှည်တည်တံ့မည့် ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အင်အားသုံး ဖြေရှင်းမှုများကြောင့် တိုင်းရင်းသားပြည်သူအတွက် ပိုမိုဒုက္ခရောက်ကြရမည်ဖြစ်ပြီး တိုင်းပြည်လည်း ပိုမိုခေတ်နောက်ကျမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြားတွင်လည်း အမုန်းတရားများ ပိုမိုတိုးပွားလာမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြား ယုံကြည်မှုပျက်ပြား၍ အမုန်းတရားများ ကြီးထွားခိုင်မြဲသွားပါက ဖြေရှင်းရန် မလွယ်သည့်အခြေအနေသို့ ရောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခေတ်ကာလတွင် မိမိတို့တာဝန်ယူနေသည့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းကို ပြီးမြောက်အောင်မြင်အောင်ကြိုးပမ်းကြပါဟု သက်ဆိုင်သူအားလုံးကို ပန်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် UPWC အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသော ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ်ဂွမ်မော်တို့က အဖွင့်နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ သတ္တမအကြိမ်မြောက် ပထမနေ့အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားခဲ့သည်။ ပထမနေ့ ညှိနှိုင်းဆွေးနွေးမှုအပြီး၌ UPWC ၏ နည်းပညာ အထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေ၊ NCCT ၏ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာနှင့်အဖွဲ့ဝင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့က ယနေ့ အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ဒုတိယနေ့ အစည်းအဝေးကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ယနေ့ ပြုလုပ်သော အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)မှ ကိုယ်စားလှယ်များ၊ NCCT မှ ခေါင်းဆောင်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)မှ တာဝန်ရှိသူများ၊ လေ့လာသူအဖြစ် ကုလသမဂ္ဂနှင့် နိုင်ငံတကာ သံတမန်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်နေ့တွင် **ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် (၃၆၆/က)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီက** နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။



**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၏ အလံပုံစံ**



**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

* ရှေ့ဖုံးမှ

မြန်မာ ယူ-၂၀ ဘောလုံးအသင်းဟာ ကမ္ဘာ့ဖလား ယူ-၂၀ ဝင်ခွင့်ရ တောင့်တင်းတဲ့အသင်းတစ်သင်းဖြစ်သလို မြန်မာယူ-၂၂ အသင်းဟာလည်း ခက်ခက်ခဲခဲကစားရမယ့် အသင်းကောင်းထဲမှာပါပါတယ်။ မြန်မာနဲ့ မလေးရှားဘောလုံးအသင်းတို့ဟာ အရှေ့တောင်အာရှမှာ သိပ်ပြီးခြေကွာတဲ့အသင်းတွေမဟုတ်ကြပါဘူး။ ထိပ်တိုက်တွေ့တိုင်း ခဲရာခဲဆစ်နဲ့ ကပ်ပြီးနိုင်ခဲ့ကြတာပါ။ အခုကစားမယ့်ခြေစမ်းပွဲတွေကတော့ တော်တော်လေးကို ကြည့်ကောင်းမယ့်ပွဲတွေလို့ ထင်ပါတယ်" ဟု မလေးရှားဘောလုံးအသင်း နည်းပြချုပ် Mr. Razip က ပြောကြားသည်။

မလေးရှား ယူ-၂၂ ဘောလုံးအသင်းသည် ၂၀၁၅ ကမ္ဘာ့ဖလား ယူ-၂၀ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၂၀ လက်ရွေးစင်အသင်းနှင့် မတ် ၁၉ ရက် ညနေ ၄ နာရီတွင်လည်းကောင်း၊ AFC ချန်ပီယံရှစ်ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် မတ် ၂၂ ရက် ညနေ ၄ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးပြိုင်ကွင်း၌ ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ Join Training နှင့်အတူ ခြေစမ်းပွဲများ လာရောက်ကစားမည့် မလေးရှား ယူ- ၂၂ ဘောလုံးအသင်းသည် အုပ်ချုပ်သူ/နည်းပြ ၁၁ဦး၊ ကစားသမား ၂၉ ဦးတို့နှင့်အတူမြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

" ကျွန်တော့်အသင်းအနေနဲ့ ပြည်ပခြေစမ်းခရီးစဉ်တွေမသွားခင် မလေးရှား ယူ-၂၂ ဘောလုံးအသင်းနဲ့ အခုလို ခြေစမ်းခွင့်ရတာ တော်တော်လေးကောင်းပါတယ်။ တစ်ခုပဲရှိတယ်၊ ယူ-၂၂ ဆိုတော့ ကျွန်တော်တို့ထက် တစ်ဆင့်မြင့်တဲ့အတွက် အထူးဂရုစိုက်ပြီးတော့ ယှဉ်ပြိုင်ကစားရမယ်။ ကျွန်တော်တို့ နိုင်ထားတဲ့ ဖီဂျီအသင်းက ဒီမလေးရှား ယူ-၂၂ ဘောလုံးအသင်းကို နိုင်ထားတယ် ဆိုပေမယ့် ပေါ့ပေါ့ဆဆတော့ ကစားမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘောလုံးဆိုတာ ပုံသေခန့်မှန်းလို့မရတဲ့အတွက်ပဲ။

"အရန်ကစားသမားတွေနဲ့တော့ ပွဲထွက်မှာမဟုတ်ပါဘူး။ ဒီမလေးရှား ယူ-၂၂ အသင်းဟာ ခိုင်မာပြီးတောင့်တင်းတဲ့အသင်းကောင်း တစ်သင်းဖြစ်လို့ပဲ" ဟု မြန်မာ ယူ-၂၀ ဘောလုံးအသင်းနည်းပြချုပ် Mr. Gerd က ဆိုသည်။

အဆိုပါခြေစမ်းပွဲများမှာ နိုင်ငံတကာအဆင့်ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်နေသည့်အသင်းများဖြစ်သောကြောင့် ခြေစမ်းပွဲများဖြစ်သော်လည်း အကြိတ်အနယ်ရှိမည့် ပွဲကြီးပွဲကောင်းများဖြစ်မည်ဖြစ်ကြောင်း ဘောလုံးဝါသနာရှင်များက သုံးသပ်ပြောကြားကြသည်။ ယင်းခြေစမ်းပွဲများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကွင်းဝင်ကြေးကို အထူးတန်း ငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀ နှုန်းဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ABU Radio Song Festival (2015) တွင် အသုံးပြုမည့် Logo ပြိုင်ပွဲတွင် ဆုရရှိသည့်အမည်စာရင်းထုတ်ပြန်




**နေပြည်တော် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်း (ASIA-PACIFIC BROADCASTING UNION – ABU) တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေလအတွင်း Radio Asia Conference 2015 နှင့် Radio Song Festival 2015 အား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်နှင့် အခမ်းအနားများတွင် Banner များ၊ လက်ကမ်းစာစောင်များနှင့် Backdrop များတွင် အသုံးပြုမည့် Logo အား ပြိုင်ပွဲပြုလုပ်ရွေးချယ်ပြီး ဆုချီးမြှင့်နိုင်ရန် စိတ်ပါဝင်စားသည့် ဒီဇိုင်းပညာရှင်များအား တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းကို မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများ၊ MRTV နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပေးပို့ယှဉ်ပြိုင်လာသည့် ပြိုင်ပွဲဝင်(၂၁)ဦး၏ လက်ရာ Logo (၃၂)ခုအနက်မှ ပွဲတော်နှင့် အကိုက် ညီဆုံး Logo တစ်ခုကို မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံးဗဟိုမှ ပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရွေးချယ်ရေးဒိုင်အဖွဲ့မှ ရွေးချယ်ခဲ့သည်။

ပြိုင်ပွဲဝင် Logo များထဲမှ ရွေးချယ်သော Logo ၏ အဓိပ္ပာယ်မှာ မြန်မာကိုယ်စားပြု စောင်းကောက်နှင့် တေးသီချင်းကိုယ်စားပြု ဂီတသင်္ကေတဖြင့် ဖွဲ့စည်းထားသဖြင့် ရေဒီယိုသီချင်းပွဲတော် (Radio Song Festival 2015)အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း Logo ကို ရေးဆွဲသူ လက်ရာရှင်မှာ မောင်အောင်ကျော်ခင် အဖအမည် ဦးအောင်ကျော်ညွန့် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဥပဒေရေးရာ

*National Network for Education Reform (NNER) နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညှိညှိသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း(၂)

ပါမောက္ခဒေါက်တာစိုးသန်း(ရန်ကုန်ပညာရေးတက္ကသိုလ်)

**ဥပဒေတစ်ခုကို ရေးသားရာတွင် ရှေ့နောက်ဆင်ခြင်တိုင်းထွာ၍ ရေးသားသင့်ပါသည်။ မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည် အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့်၊ မြန်မာနိုင်ငံသားအားလုံး ပညာအရာတွင် တန်းတူ ရည်တူ တိုးတက်ခံစားရရှိစေမည့် အခွင့်အလမ်းပွင့်သည့် ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ရေးသားသင့်**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၁ တွင် မူလအမျိုးသားပညာရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဍ)ပါစာသား "ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့်လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကိုကျင့်သုံးရေး။" ဟူသည့် စာသားကို ပုဒ်မခွဲ (ထ)အဖြစ် "ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ပညာရေးစနစ်ကိုကျင့်သုံးရေး။" ဟူသောစာသားဖြင့် အစားထိုးမည်ဟုဆိုပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization) နှင့် ဗဟိုချုပ်ကိုင်မှု (Centralization) တို့မှာ ဖြစ်စဉ်များသာဖြစ်ပြီး ပုံသေအခြေအနေများမဟုတ်ပါ။ ယင်းဖြစ်စဉ်နှစ်ခုတို့၏ ကွဲပြားမှုအတိုင်းအတာလေးမျိုးရှိပါသည်။ Functional Decentralization , Functional Centralization, Territorial Decentralization,နှင့် Territorial Centralization တို့ဖြစ်ပါသည်။ နယ်မြေဒေသ နယ်ပယ်အလိုက် (Territorial) ဆိုလျှင်ပင် Deconcentration (A central authority establishes field units or branch offices, staffing them with its own officers.) Delegation (Having stronger degree of decision making power at the local level.) နှင့် Devolution (Powers are formally held at subnational levels, the officers of which do not need to seek higher -level approval for their actions.) ဟူ၍ ရှိနေပြန်ပါသည်။ ထို့ကြောင့် မည်သို့သော ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်ပညာရေးစနစ်ကို ကျင့်သုံးမည်ဟု တိတိပပဖော်ပြနိုင်စွမ်းမရှိပါ။ မူလအမျိုးသားပညာရေးဥပဒေတွင်မူ "ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍" ဟု ဖော်ပြသဖြင့် Functional Decentralization ကို ကျင့်သုံးမည်ဟု ပေါ်လွင်ပါသည်။ မည်သည့်ဖြစ်စဉ်ကပို၍ ကောင်းမွန်သည်ဟုယတိပြတ်မသတ်မှတ်နိုင်ပါ။ ပညာရေးတွင် ထိပ်တန်းစာရင်းဝင်နိုင်ငံများဖြစ်သည့် Denmark, Netherland, Sweden တို့သည် Functional Centralization ကို ကျင့်သုံးနေသော်လည်း ထိရောက်မှုရှိနေပြီး Italy, Germany ,USA နိုင်ငံများသည် Territorial Decentralization ကို ကျင့်သုံးနေကြပြီး ထိရောက်မှုရှိနေသည်ကို သုတေသီများတွေ့ရှိနေပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂ တွင် မူလအမျိုးသားပညာရေးဥပဒေအခန်း ၄ ၏ ခေါင်းစဉ်ကို "ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကိုအာမခံခြင်း။" ဟု ပြင်ဆင်ထားပါသည်။ ယင်းပြင်ဆင်ချက် အပိုဒ်(က)တွင် "ကျောင်းသားများသည် (ကက) ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/သားများကိုယ်တိုင်လွတ်လပ်စွာ ဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်ရှိရမည်။ (ခခ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဂဂ) အခြေခံပညာပြီးဆုံးသည့်ကျောင်းသူ/သားများအားလုံးအဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာဘာသာတွဲရွေးချယ်သင်ယူခွင့်ရှိမည်။ (ဃဃ) ကျောင်းသားများသည် လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိသည်။ (ငင) ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။ (စစ) ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေးကောင်စီသို့ တင်သွင်းသည့်အခါ ၎င်းကောင်စီသည် စဉ်းစားဆုံးဖြတ်ပေးရမည်။" ဟု ဖော်ပြထားပါသည်။

ဤသည်ကား ဒီမိုကရေစီနှင့် ပညာရေး၏ အဓိပ္ပာယ်များကို နားမလည်မှုမရှိဘဲ ပုဂ္ဂလိကဆန္ဒကို ဥပဒေတွင် ပါဝင်အောင်ထည့်သွင်းရေးဆွဲချင်သည့်သဘောဖြစ်နေပါသည်။ ဒီမိုကရေစီဆိုသည်မှာ Greek ဘာသာစကား *Dēmokraliā* မှ ဆင်းသက်လာပြီး *dēmos* သည် မူရင်းအဓိပ္ပာယ်အားဖြင့် the people ဖြစ်ပြီး Kratos မှာ Strength ဖြစ်ပါသည်။ *dēmos* ကို ကျောင်းသားဟု ရေးသားထားသည်ကို မတွေ့ရပါ။ (ကက) (ခခ) (ဂဂ) (ငင) (စစ) တို့တွင် ရေးသားထားသည့် အချက်များအားလုံးမှာ ကျောင်းသားပညာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဘာသာတွဲ ရွေးချယ်သင်ယူခွင့် စသည့် တောင်းဆိုချက်များသာ ဖြစ်နေပါသည်။ ထို့ကြောင့် ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ဟူသော ခေါင်းစဉ်နှင့် မကိုက်ညီပါ။ ကျောင်းသားသည် ပြည်သူလူထု၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါသည်။ ဒီမိုကရေစီပညာရေး၏ အဓိပ္ပာယ်သဘောသက်ဝင်အောင် ကျောင်းသားများက ကျောင်းသားအများ သို့မဟုတ် ပြည်သူ့ကောင်းကျိုးကို မည်သို့ပြုမည်ကို ရေးသားပြဋ္ဌာန်းသင့်ပါသည်။ (Democratic means insisting on equal rights and privileges for all.) ထို့အပြင် ပညာရေး (Education) ဟူသော စာလုံးသည် Latin ဘာသာစကား *ēducāre* မှ ဆင်းသက်လာပြီး to rear ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ပညာရေးဆိုသည်မှာ bringing up,or training as of a child; instruction; strengthening of the powers of body or mind ဖြစ်ပါသည်။ သို့ဖြစ်လျှင် မည်သူက မည်သူကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရပါမည်နည်း။ ကိုယ်တိုင်လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားဟု သုံးနှုန်းထားသဖြင့် ဦးဆောင်သူ ဆရာ မလိုအပ်၊ သင်စရာမလို၊ လေ့ကျင့်ပေးစရာမလိုဟု အဓိပ္ပာယ်သဘောသက်ဝင်နေပါသည်။ ဤသို့ဖြစ်လျှင် ပညာရေးဟူသောအမှုကို ပြုရန်ကော လိုအပ်ပါတော့မည်လား။ပညာသင်ကြားခြင်း သို့မဟုတ် ကျောင်းတက်ခြင်း၏ အဓိက အလုပ်မှာ ကျောင်းသားသမဂ္ဂများကို ကျောင်းသူ/ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားရန်သက်သက်ဟုတ်ပါလား။ ကျောင်းတက်ခြင်း၏ မူလအဓိပ္ပာယ် (the education you receive at school) ကို နားလည်မှု လွဲမှားစေအောင်ရေးသားထားသကဲ့သို့ ဖြစ်နေပါသည်။

ကိုယ်၊ စိတ်စွမ်းရည်များကို ပိုမိုခိုင်မာတောင့်တင်းအောင် ဆရာများ၏ သွန်သင်မှုကို မလိုအပ်သော်လည်း ၎င်းတို့လွတ်လပ်စွာ လုပ်ချင်ရာကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်ဟုလည်း ဆိုပြန်ပါသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ရန် တောင်းဆိုထားပြီး ဆရာ၊ ဆရာမများအပေါ် ကျောင်းသူ၊ ကျောင်းသားများက အကဲဖြတ်မှုများလည်း ပြုလုပ်ကြပါဦးမည်။ ပြဋ္ဌာန်းချက်များထည့်မထားသဖြင့် တော်ပါသေးသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအစား တက္ကသိုလ်ကောင်စီ (a governing body in a university) ကျောင်းအုပ်ချုပ်ရေးအဖွဲ့အစား ကျောင်းကောင်စီ (an assembly called together for deliberation, advice, administration or legislation) ဟုသာ ဖြစ်သင့်ပါသည်။ သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုစီ ရေးဆွဲ၍ ဆောင်ရွက်သည့်အခါတွင် ဆရာက တပည့်အပေါ် ထင်သလို မတရားမပြုလုပ်နိုင်ရန် စည်းမျဉ်းစည်းကမ်းများ ထည့်သွင်းရေးဆွဲလာပါလိမ့်မည်။ ဆရာများ၏ Professional Development ကိုပြဋ္ဌာန်း သတ်မှတ်ရာတွင် Supervisor's Rating Scale, Peer Appraisal,နှင့် Students' Rating Scale များကို ထည့်သွင်းစဉ်းစားလေ့ရှိပါသည်။ ဒီမိုကရေစီပညာရေးဟုဆိုလျှင် Democratic principles များကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ တစ်ဖက်သတ် လိုအပ်ချက်ကို အခြားတစ်ဖက်က အမြဲတစေ လိုက်လျောနေရမည်ဟု ထုံးစံမရှိပါ။ ထို့ကြောင့် The Democratic Conception in Education နှင့်ပတ်သက်၍ John Dewey (1915) ခုနှစ်က ရေးသားသည့် Democracy and Education စာအုပ်ပါ စာသားအနည်းငယ်ကိုကောက်နုတ်ဖော်ပြအပ်ပါသည်။ (A democracy is more than a form of government ; it is primarily a mode of associated living of conjoint communicated experience ... A society which makes provision for participation in its good of all its members on equal terms and which secures flexible readjustment of its institutions through interaction of the different forms of associated life is in so far democratic. Such a society must have a type of education which gives individuals a personal interest in social relationships and control , and the habits of mind which secure social changes without introducing disorder.) စာမျက်နှာ ၁၀၁ နှင့် ၁၁၅ ရှု။

ဤအချက်ကို ထောက်ချင့်၍ ဒီမိုကရေစီကျင့်သုံးမည့် လူ့ဘောင်သည် မိမိဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းပေးရန် တွင်တွင်တောင်းဆိုနေပြီး ကသောင်းကနင်းဖြစ်အောင် မပြုလုပ်ဘဲ လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် အလျော့အတင်း အပြန်အလှန်ညှိနှိုင်းမှုပြုလုပ်တတ်သော အလေ့အထရှိသည့်၊ အားလုံး၏ အကျိုးစီးပွားအတွက် အားလုံးသာတူညီမျှပါဝင်စေပြီး အတူတကွ အကျိုးကျေးဇူး ပြန်လည်ခံစားရရှိစေသည့် လူ့ဘောင်ကိုကောင်းကျိုးပြုမည့် ပညာရေးမျိုးရှိရပါမည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၂ (ခ) "ဆရာ၊ဆရာမများသည်" "(ဂဂ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်"ဟု ထပ်မံရေးသားထားပါသည်။ ဤသို့ဆိုလျှင် တက္ကသိုလ်နှင့် စာသင်ကျောင်းများရှိ အခြားစာရေးဝန်ထမ်းများ၊ ကျောင်းသားရေးရာဌာနဝန်ထမ်းများ၊ ငွေစာရင်းဝန်ထမ်းများ၊ နယ်မြေလုံခြုံရေးဝန်ထမ်းများ၊ နယ်မြေအင်ဂျင်နီယာဝန်ထမ်းများ စသည်တို့ကလည်း သမဂ္ဂများဖွဲ့စည်းကာ သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်မည်ဆိုလာပါက တက္ကသိုလ်ပရဝဏ်များနှင့် စာသင်ကျောင်းဝင်းများ၌ သမဂ္ဂများစွာတို့၏ အဆောက်အအုံများကိုသာ ဆောက်လုပ်ပေးနေရတော့မည်ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် သုတေသနပြုလုပ်ရေးကို ရှေးရှုရာရောက်ပါမည်လား။ တက္ကသိုလ်နှင့် စာသင်ကျောင်းတို့၏ မူလအဓိပ္ပာယ်များမှာ (A university is an institution at the highest level of education where you can study for a degree or do research , A School is a place where children go to be educated) ဟူ၍ ဖြစ်ပါသည်။ ဒီမိုကရေစီပညာရေးဆိုသည်မှာ သမဂ္ဂများစွာတို့ကို ထူထောင်၍ ကိုယ်တိုင်လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားရေး တစ်ခုတည်းမဟုတ်ပါ၊ တစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူမှုစရိုက်လက္ခဏာများဖြင့် စုပေါင်းစွမ်းအားဖြစ်ထွန်းကာ အများကောင်းကျိုးကို ဦးတည်ဆောင်ရွက်ကြသည့် (For the people . By the people ) ပညာရေးသာလျှင်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂(ခ) "ဆရာ၊ ဆရာမများသည်" "(ဃဃ) နှစ်သက်ရာ ပါတီသို့ဝင်ရောက်ခွင့်ရှိသည်။"ဟုဆိုခြင်းသည် လွတ်လပ်မှုကို ဦးစားပေးထားသော်လည်းစည်းရုံးညီညွတ်မှုကို ခြိမ်းခြောက်နေပါသည်။ ဆရာ၊ ဆရာမများအတွင်း ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့်စိတ်ဝမ်းကွဲမှုများ၊ လုပ်ငန်းခွင်တွင်းမပြေလည်မှုများ၊ ဘက်လိုက်မှုများ၊ အထက်အောက်ဆန့်ကျင်မှုများဖြစ်လာပြီး တိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းရုံးညီညွတ်မှုများ မရရှိနိုင်ပါ။ ဆရာ၊ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ စဉ်းစားရပါလိမ့်မည်။ ဆင်ခြင်ကြည့်ပါက (၁) နိုင်ငံ့ဝန်ထမ်းများအားလုံးသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။ (၂) ဆရာ၊ ဆရာမများသည်နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ (၃) ထို့ကြောင့် ဆရာ၊ ဆရာမများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရပါမည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပိုဒ် ၂၂ "(ခ) ဆရာ၊ ဆရာမများသည်။" "(ဇဇ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်။" ဟုပြဋ္ဌာန်းပါက တိုင်းပြည်၏ပညာရေး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုကို မညီမညာဖြစ်သွားစေပါလိမ့်မည်။ ဆရာ၊ ဆရာမများ လွတ်လပ်စွာရွေးချယ်လျှောက်ထားပြောင်းရွှေ့ကြလျှင်အချို့တက္ကသိုလ်နှင့် စာသင်ကျောင်းများတွင် ဆရာမရှိတော့ဘဲ ကျောင်းသားအချင်းချင်း စာပြန်သင်ပေးနေရပါလိမ့်မည်။ အချို့တက္ကသိုလ်နှင့်စာသင်ကျောင်းများတွင်မူ ဆရာဦးရေက ကျောင်းသားဦးရေထက်ပို၍ပင် များနေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုအရ ကွာဟနေဆဲ၊ မြို့ပြနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးအရ ကွာဟနေဆဲ၊ မြို့ပြနှင့်ကျေးလက် တစ်ဦးကျဝင်ငွေမှာ ကွာဟနေဆဲဖြစ်သဖြင့် လုပ်သားအင်အားပြောင်းရွှေ့မှုကို အနေတော်ဖြစ်အောင် ထိန်းမထားနိုင်ပါက မြို့ပြတွင်ဆရာ၊ ဆရာမများစုပုံနေပြီး ကျေးလက်တွင်ဆရာ၊ ဆရာမ အလုံအလောက်မရှိဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ကျေးလက်ဒေသများ၏ပညာရေးသည် ဘယ်သောအခါမှ ဖွံ့ဖြိုးတိုးတက်တော့မည်မဟုတ်။ ပညာရေးမဖွံ့ဖြိုးသဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုများလည်း အစဉ်သဖြင့် နိမ့်ကျကျန်ခဲ့ပါလိမ့်မည်။ ထိုအခါ တတ်နိုင်သည့်ကျောင်းသားများက ဆရာမရှိသည့်၊ ဆရာမလုံလောက်သည့်ကျောင်းများကိုစွန့်ခွာကာ အခြားကျောင်းများသို့ ပြောင်းရွှေ့သွားကြပြီး မတတ်နိုင်သည့် ကျောင်းသားများကကျောင်းမှ ထွက်ကြလိမ့်မည်။ ပညာရေးကို အကျိုးမရှိသည့် အလုပ်တစ်ခုအဖြစ် ရှုမြင်လာကြမည်။

*စာမျက်နှာ ၉ ကော်လံ ၅ သို့*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စီမံကိန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိသော မြေကွက်လပ်များကို အဆင့်ဆင့် အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၇**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ စက်ရုံတည်ဆောက်ခြင်းမရှိသည့် မြေကွက်များစီမံမှု၊ အမိန့်ချပြီးသောယာဉ်များ လေလံတင်ရောင်းချမှု၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ မတည်ငွေရရှိရေး ဆောင်ရွက်မှုဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ "ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များတွင် မြေကွက်ပေါင်း မည်မျှဖော်ဆောင်ထားပြီး စက်ရုံများ တည်ဆောက်ခြင်းမရှိသည့် မြေကွက်များနှင့်ပတ်သက်၍ မည်သို့စီမံထားသည်ကို သိရှိလိုကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်(၂၄)ခုတွင် မြေကွက်ဖော်ထုတ်ထားရှိမှုမှာ မြေကွက်ပေါင်း ၁၀၃၀၁ ကွက်ဖော်ထုတ်၍ မြေနေရာချထားပေးခဲ့ပါကြောင်း၊ ယင်းမြေကွက်များအနက် စက်ရုံ၊ အလုပ်ရုံတည်ထောင်ပြီး လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည့် မြေကွက်ပေါင်း ၃၆၉၃ ကွက်၊ လုပ်ငန်းထူထောင်ဆဲနှင့် တည်ဆောက်ဆဲ မြေကွက်ပေါင်း ၂၉၇၀ ကွက်နှင့် ဂိုဒေါင်သိုလှောင်ရုံအဖြစ် အသုံးပြုလျက်ရှိသည့် မြေကွက် ၁၂၉၉ ကွက်တို့ဖြစ်ပြီး လုပ်ငန်းစတင်နိုင်ခြင်းမရှိသေးသည့် မြေကွက်လွတ် ၂၃၃၉ ကွက်ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်ဖွဲ့စည်းပြီး စည်းကမ်းနှင့် မညီညွတ်သည့် မြေကွက်များတွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် စတင်တည်ဆောက်အကောင်အထည်ဖော်ရမည့် ကာလကို သုံးလ(သို့မဟုတ်) လေးလ သတ်မှတ်၍ သက်ဆိုင်ရာလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံ အသိပေးညှိနှိုင်း၍ လုပ်ငန်းအဆိုပြုချက် တင်ပြစေခြင်း၊ တည်ဆောက်မည့်လုပ်ငန်း၏ ပမာဏအပေါ် မူတည်၍ လုပ်ငန်းရှင်၏ အဆိုပြုချက်နှင့် စီမံကိန်းကာလကို စီမံခန့်ခွဲမှုကော်မတီမှ စိစစ်အတည်ပြု၍ စဉ်ဆက်မပြတ် လုပ်ငန်းအကောင်အထည်ဖော်မှု ရှိ၊ မရှိ ကြီးကြပ်စိစစ်ခြင်း၊ အဆိုပြု ချက်တင်သွင်းခြင်းမရှိသော မြေကွက်လွတ်များအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေခြင်းနှင့် အဆိုပြု စီမံကိန်းများကို တင်ပြပါ စီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသော မြေကွက်လပ်များကို သတ်မှတ်ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများ ပေးသွင်းစေခြင်းမှစ၍ မြေကွက်ကို ပြန်လည်အပ်နှံစေခြင်းအထိ အဆင့်ဆင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။


သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ "မြို့နယ်တရားရုံးတော်မှ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးသော ယာဉ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအား လေလံတင်ရောင်းချရန် လုပ်ပိုင်ခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လိုင်စင်မဲ့ မော်တော်ယာဉ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဥပဒေအရ တရားစွဲဆိုပြီး တရားရုံးဆုံးဖြတ်ချက်ကျပါက နိုင်ငံတော်ဘဏ္ဍာသိမ်းယာဉ်များကို Open Tender စနစ်ဖြင့်ရောင်းချရန် ကြမ်းခင်းဈေးသတ်မှတ်ရာတွင် တရားဝင်ပြည်ပမှ လိုင်စင်တင်သွင်းဈေးနှုန်းထက်မနိမ့်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြေးညီဖြစ်စေရေးအတွက် Open Tender မပြုလုပ်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေး

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရွှေဘိုပေါ်ဆန်းမွှေး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ဦးစောမော်ထွန်း၏ **"ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ခြင်း ရှိမရှိနှင့် ဖျာပုံပေါ်ဆန်းမွှေးကိုဈေးကွက်တွင်း ထိပ်ဆုံးနေရာ ပြန်လည်ရောက်ရှိရေး အတွက်ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့် ပူးပေါင်းပြီး အမျိုးသားပို့ကုန် မဟာဗျူဟာရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ အထည်ချုပ်ပစ္စည်းနှင့် ရော်ဘာအစရှိသည့် ကုန်ပစ္စည်း(၅)မျိုးအတွက် (၅)နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်မည့် အစီအစဉ်များတွင် မိမိနိုင်ငံမှ ထွက်ရှိသည့် ဖျာပုံပေါ်ဆန်းနှင့် ရွှေဘိုပေါ်ဆန်းများကို မိမိနိုင်ငံ၏ မူပိုင်ခွင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ်ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးဆိုင်ရာ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆန်စပါးကဏ္ဍဆိုင်ရာ ကုန်သည်အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများ စုံညီစွာတက်ရောက် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာကြသူများ၏ သဘောတူညီချက်အရ ဆုံးဖြတ်ချက် (၉)ရပ်ကို ရရှိခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကို ဆန်စပါးကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများနှင့် ကဏ္ဍအလိုက် တာဝန်ရှိသည့် ဌာနဆိုင်ရာများက အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သဘောတူညီမှုရရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆန်စက်အပိုင်းများဖြစ်သည့် ရော်ဘာရိုလာစပါးအခွံချွတ်စက်၊ ဆန်အရောင်တင်စက်၊ ဆန်အရောင်မညီရွေးထုတ်စက် ကျောက်ခဲခွဲထုတ်စက်၊ အလိုအလျောက် ဆန်ရောနှောယူနစ်များ တပ်ဆင်အသုံးပြုသည့် ခေတ်မီဆန်စက်များ ပြည်ပမှ ဝယ်ယူတပ်ဆင်ရေးအတွက် အလွယ်တကူ တင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ ခေတ်မီစက်များဖြင့် အရည်အသွေးမြင့်ဆန်များ၊ ကြိတ်ခွဲတင်ပို့နိုင်ခြင်းအားဖြင့် ဈေးနှုန်းပိုရလာမည် ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုလည်း မြင့်တက်လာမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက်ပိုမို ချဲ့ထွင်နိုင်ရေးအတွက် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်းနှင့် ဖျာပုံပေါ်ဆန်းမွှေးကို ပြည်တွင်းဈေးကွက်တွင် ထိပ်ဆုံး ပြန်ရောက်နိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဒေသအတွင်းရှိ ဆန်စပါးကဏ္ဍမှ အသင်းအဖွဲ့ တာဝန်ရှိသူများ၊ ဆန်


ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာ

**နေပြည်တော် မတ် ၁၇**

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်(NNER) မှ အဖွဲ့ဝင်များ၏ ဆွေးနွေး အကြံပြုချက်များအား ကြားနာခဲ့သည်။

အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ကော်မရှင်အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြမည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) မှ အဖွဲ့ဝင်များ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) အထောက်အကူပြုအဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ထိုသို့ကြားနာခြင်း ဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက လွှတ်တော်သည် ဥပဒေကြမ်းတစ်ခုအား လက်ခံဆောင်ရွက်ရာတွင် လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုမည်( သို့မဟုတ်) ဥပဒေကြမ်းရေးဆွဲတော့မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းခြင်း ရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမှု ရှိ/မရှိနှင့် နိုင်ငံတကာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးထားချက်များနှင့် ဆန့်ကျင်ခြင်း ရှိ/ မရှိတို့ဖြင့် စံထားစဉ်းစား၍ ဆောင်ရွက်သည့် အစဉ်အလာကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ဤဥပဒေကြမ်းသည် လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင် ဆောင်ရွက်ရပါကြောင်း၊ တက်ရောက်ဆွေးနွေးလာကြသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက်( NNER) မှ အဖွဲ့ဝင်များ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များသည် ဥပဒေကြမ်းအတွက် တန်ဖိုးရှိသည့် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမင်းသိန်း၊ ဦးနိုင်ငွေသိန်း၊ ဒေါက်တာ သန့်လွင်မောင် (ကိုတာ)၊ သိက္ခာတော်ရ ဆရာဦးသိန်းလွင်၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်း၊ ဒေါက်တာအာကာမိုးသူ၊ ဦးသန်းထိုက်အောင်၊ ဒေါက်တာတင်နွဲ့ရီ၊ ဦးထာအုပ်၊ ဦးစိုးထွန်း၊ ဦးရဲဝင်း၊ ဒေါ်သူသူမာ၊ ဒေါ်နှင်းနှင်းမွှေး၊ ဦးအောင်ကိုဦးနှင့် ဒေါ်ဟောင်းဆိုင်းတို့က မိမိတို့၏ သဘောထားအမြင်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရွေးကောက်ပွဲကော်မရှင်မှ တောင်းခံထားသည့် ညှိခံကျွေးမွေးစရိတ် ကျပ်သန်း ၅၇၀၀ ကျော် များပြားလွန်းကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်အပေါ် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲရုံ ၄၆၄၈၉ မှ မဲရုံအဖွဲ့ဝင်များအတွက် ကျွေးမွေးစရိတ် ငွေကျပ် ၄၆၀၂ ဒသမ ၄၁၁ သန်း ပါဝင်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၁၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ **(ယာပုံ)** ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘော အပါအဝင် ရငွေသုံးငွေများ ဆွေးနွေးခြင်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**က ရှင်းလင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ဝင်ငွေများအနက် အထွေထွေဝင်ငွေသည် နှစ်စဉ်ကျပ်သန်း(၁၀၀)ကျော်သာဖြစ်ပြီး အများစုမှာ သတင်းစာရောင်းရငွေနှင့် ကြော်ငြာဝင်ငွေတို့ဖြစ်

ဦးခိုင်မောင်ရည်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ငွေကျပ် (၆)ဘီလီယံ အမြတ်ရှိသည်ဟု ဝန်ကြီးဌာနမှ ရှင်းလင်းသွားပါကြောင်း၊ အမြတ်ငွေနှင့်ဝင်ငွေကို ခွဲခြားရမည်ဟု ထင်မြင်မိပါကြောင်း၊ သတင်းစာများ မြတ်ခြင်း၊ မမြတ်ခြင်းအပေါ် သတင်းစာရောင်းချရငွေ၊ ကြော်ငြာခရရှိငွေနှင့် အခြားဝန်ဆောင်မှုများမှ ရရှိငွေများကို တိတိကျကျ ဖော်ပြပေးသင့်ကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရလျှင် မိမိတို့ရရှိသော အမြတ်ငွေမှာ ဝင်ငွေမဟုတ်ပါကြောင်း၊ ဝင်ငွေထဲမှ အသုံးစရိတ်များ အားလုံး နုတ်ပြီးဖြစ်သည့် အသားတင်အမြတ်ငွေသာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက စစ်ဆေးစဉ်ကပင် အမြတ်ငွေနှင့် ဝင်ငွေတို့ကိုခွဲခြား၍ စိစစ်ပြီးဖြစ်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကုန်သွယ်မှုဝင်ငွေများသည် သတင်းစာရောင်းရငွေ၊ ကြော်ငြာခဝင်ငွေနှင့် အထွေထွေဝင်ငွေများ ပါဝင်ပါကြောင်း၊ လုပ်ငန်းကုန်ကျစရိတ်များမှာ ထုတ်လုပ်မှုစရိတ်၊ စီမံခန့်ခွဲမှုစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်နှင့် ကုန်သွယ်ခွန်တို့ ပါဝင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ဝင်ငွေများအနက် အထွေထွေဝင်ငွေသည် နှစ်စဉ်ကျပ် သန်း(၁၀၀) ကျော်သာဖြစ်ပြီးအများစုမှာ သတင်းစာ ရောင်းရငွေနှင့် ကြော်ငြာဝင်ငွေတို့ ဖြစ်ပါကြောင်း။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ Assets များမှာလည်း ရှေ့က ထည့်ဝင်ထားခြင်းများ ရှိသကဲ့သို့ ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံဝယ်ယူဖြည့်တင်းမှုများလည်းရှိပါကြောင်း၊ Assets များ၏ မူလတန်ဖိုးများအပေါ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တန်ဖိုးလျော့ နှုန်းထားများတွက်ချက်ပြီး နှစ်အတွင်း အသုံးစရိတ်အဖြစ် စာရင်းဖော်ပြ၍ နိုင်ငံတော်သို့ ပေးသွင်းပြီးမှသာ အရှုံးအမြတ်ကို တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အမြတ်ငွေ ရရှိသည့် ဝင်ငွေများထဲမှ အသုံးစရိတ်များ အားလုံးနုတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို**က လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅-၂၀၁၆ သာမန်အသုံးစရိတ် စုစုပေါင်း (၄၉၈၇၈ ဒသမ ၃၃၆)သန်းမှ ညှိ့ခံကျွေးမွေးစရိတ်အဖြစ် ကျပ်သန်း (၅၇၀၀ ဒသမ ၈၁၁)တောင်းခံထားခြင်းသည် အလွန်များပြားပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲအသစ်ပြုလုပ်ရန်ရှိနေခြင်းကြောင့် ညှိ့ခံစရိတ်များ များပြားရခြင်းအကြောင်းကို နားလည်နိုင်ပါကြောင်း၊ သို့ရာတွင် ကျပ်သန်းပေါင်း (၅၇၀၀)သည် တိုက်နယ်ဆေးရုံပေါင်း (၁၄)ရုံ သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲ ပေါင်း(၁၂၆)ခု ဆောက်လုပ်ခြင်းနှင့် ငွေပမာဏတူနေခြင်းကြောင့် ညှိ့ခံကျွေးမွေးစရိတ် ကျပ်သန်းပေါင်း (၅၇၀၀)ကို လျှော့ချသင့်ပြုသင့်ပါတယ်ဟု ထောက်ပြဆွေးနွေးခဲ့ပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ လိုသည်မှာ ယခုတောင်းခံထားသည့် ကျပ်သန်းပေါင်း(၅၇၀၀)တွင် ညှိ့ခံစရိတ်မှာ (၂ ဒသမ ၅)သန်းသာ ဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ်ခေါင်းစဉ်မှာ (၅၆၉၈ ဒသမ ၃၁၁)သန်း ဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ် (၅၆၉၈ ဒသမ ၃၁၁)သန်းအနက် (၇၃ ဒသမ ၅)သန်းသည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တစ်နှစ်လုံးစာ ပုံမှန်ကျွေးမွေးစရိတ်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အသီးသီးတွင်ရှိကြသည့် အများ ယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များသည် လစာ၊ စရိတ်/ချီးမြှင့်ငွေ ရရှိကြသူများမဟုတ်ကြဘဲ စေတနာ့ဝန်ထမ်းများ ဖြစ်ကြပါကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကော်မရှင်အဖွဲ့ခွဲရုံးလုပ်ငန်းတာဝန်များ၊ ပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့အတွက် အစည်းအဝေးများ ထိုင်ကြရပါကြောင်း၊ ယင်းအစည်းအဝေးများတွင် တစ်ဦးလျှင် (၅၀၀၀)ကျပ်၊ (၃၀၀၀)ကျပ် စသည်ဖြင့် သတ်မှတ်ပြီး ကျွေးမွေးစရိတ်များကို ဘဏ္ဍာရေး ညွှန်ကြားချက်နှင့်အညီ ထုတ်ပေးရပါကြောင်း၊ သို့ဖြစ်၍ ကော်မရှင်အဖွဲ့ခွဲတစ်ခုလျှင် တစ်နှစ်လုံးစာ(၁၂)လအတွက် ငွေကျပ် တစ်သိန်းခွဲစီဖြင့် လျာထားတောင်းခံထားခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးမှုသည်လည်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲအထိသာ ကျွေးမွေးစရိတ်ပေးနိုင်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှာ ပုံမှန်ကျွေးမွေးစရိတ် မရရှိကြပါကြောင်း။

အထူးတင်ပြလိုသည့် အချက်မှာ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် လျာထားချက်ဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ်ခေါင်းစဉ်အောက်တွင် အထွေထွေရွေးကောက်ပွဲအတွက် ကျပ်သန်းပေါင်း(၅၆၂၄ ဒသမ ၈၁၁)လျာထားတောင်းခံထားပါကြောင်း၊ တွက်ချက်ပုံအသေးစိတ်အနေဖြင့် တင်ပြရလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ဖွဲ့အား တစ်လလျှင်နှစ်ကြိမ်၊ ၆ လစာအတွက် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ငွေကျပ် (၃၆)သန်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ/ခရိုင် ၈၁ ဖွဲ့အား တစ်လလျှင်နှစ်ကြိမ်၊ ၆လစာအတွက် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ငွေကျပ် (၁၉၄ ဒသမ ၄)သန်း၊ မြို့နယ် အဖွဲ့(၃၃၀)အား တစ်လလျှင်နှစ်ကြိမ်၊ ၆ လစာအတွက် ငွေကျပ် (၂)သိန်းနှုန်းဖြင့် ငွေကျပ်(၇၉၂)သန်း (ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများ အပါအဝင်) စုစုပေါင်း ငွေကျပ် (၁၀၂၂ ဒသမ ၄)သန်းဖြစ်ပါကြောင်း။

ထို့အပြင် အများဆုံးကုန်ကျခံရသည့် ကျွေးမွေးစရိတ်မှာ မဲရုံအဖွဲ့ပင်ဖြစ်ပြီး ယင်းအတွက်ခန့်မှန်းတွက်ချက်မှုအရ မဲရုံတစ်ရုံလျှင် မဲရုံမှူးတစ်ဦးအတွက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၃ ရက်အတွက် ငွေကျပ် (၁၅၀၀၀)၊ မဲရုံပေါင်း (၄၆၄၈၉) ရဲ့အတွက် စုစုပေါင်းငွေကျပ် (၆၉၇ ဒသမ ၃၃၅)သန်း၊ မဲရုံတစ်ရုံလျှင် ဒုမဲရုံမှူးတစ်ဦးအတွက် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ၃ ရက်အတွက် (၁၂၀၀၀)၊ မဲရုံပေါင်း (၄၆၄၈၉)ရဲ့အတွက် ငွေကျပ်(၅၅၇ ဒသမ ၈၆၈)သန်း၊ မဲရုံတစ်ရုံလျှင် မဲရုံအဖွဲ့ဝင်တစ်ဦးအတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် (၈)ဦးအတွက် (၂၄၀၀၀)ဖြစ်၍ ၃ ရက်စာအတွက် ငွေကျပ် (၇၂၀၀၀) ဖြစ်ပြီး မဲရုံပေါင်း(၄၆၄၈၉)ရဲ့အတွက် ငွေကျပ် (၃၃၄၇ ဒသမ ၂၀၈)သန်း၊ မဲရုံအဖွဲ့အတွက် ကျွေးမွေးစရိတ် စုစုပေါင်း ငွေကျပ်မှာ (၄၆၀၂ ဒသမ ၄၁၁)သန်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ကော်မရှင်၏ကျွေးမွေးစရိတ် ခေါင်းစဉ်အောက်တွင် အများဆုံးသုံးစွဲရသည်မှာ မဲရုံအဖွဲ့ ကျွေးမွေးစရိတ်ကျပ် (၄၆၀၂ ဒသမ ၄၁၁)သန်းဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ အထွေထွေရွေးကောက်ပွဲများ ကျင်းပရသည့် လုပ်ငန်းစဉ်သည် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း၊ ယခုတွက်ချက်တောင်းခံသည့် ကျွေးမွေးစရိတ်များသည် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ကြသည့် မဲရုံအဖွဲ့ဝင် (နိုင်ငံသားများ)အတွက် ရွေးကောက်ပွဲ မပြုလုပ်မီတစ်ရက်၊ ရွေးကောက်ပွဲရက်နှင့် ရွေးကောက်ပွဲပြီး နောက်တစ်ရက် စုစုပေါင်း(၃)ရက်အတွက် သင့်လျော်သည့်ကျွေးမွေးစရိတ်များ ဖြစ်သောကြောင့် လျှော့ချရန် သင့်/မသင့် သုံးသပ်စေလိုပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**



*အမျိုးသားလွှတ်တော်မှ*

စက်ပိုင်ရှင်များအားလုံးက ကောင်းမွန်သည့် စိုက်ပျိုးမှုနည်းစနစ်ဖြင့် ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများကို စနစ်ကျနစွာ ဆောင်ရွက်သွားသင့်ပါကြောင်း၊ ဝန်ကြီးဌာနများ အပိုင်းကလည်း ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက်၏ **"ပြည်ထဲရေးဝန်ကြီးဌာန၏ များပြားသော တာဝန်များကို ခွဲဝေပေးရန် အစီအစဉ် ရှိ/ မရှိ "** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ဇံမြင့်က ရှင်းလင်းဖြေကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ Law Enforcement Body ဖြစ်သောကြောင့် မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်များအား နိုင်ငံတော်မှချမှတ်ပေးထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့ ၊ ဦးစီးဌာနများအနေဖြင့် နိုင်ငံတော်လုံခြုံရေး အပါအဝင် လုံခြုံရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများကို မိမိတပ်ဖွဲ့၊ ဦးစီးဌာန၏ လုပ်ငန်းသဘာဝများအလိုက် ရည်မှန်းချက်တာဝန်များ ချမှတ်၍ တပ်ဖွဲ့ ဦးစီးဌာနအချင်းချင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီအပြန်အလှန် ချိတ်ဆက်ပြီးအောင်မြင်နိုင်နင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် နေပြည်တော်ကောင်စီ၏ အနီးကပ် ကြီးကြပ်အုပ်ချုပ်မှုဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ တပ်ဖွဲ့/ ဦးစီးဌာနများ၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ဗဟိုမှ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ထိန်းကျောင်းခြင်း၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များအား ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းသဘောအရ တိုင်းဒေသကြီး/ ပြည်နယ် ၊ ခရိုင်၊ မြို့နယ်များ၏ ဝန်ထမ်းလိုအပ်ချက်များအား ထပ်မံဖြည့်တင်းပေးခြင်း ၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိစေကာမူ ယင်းတို့မှ ရည်မှန်းချက်တာဝန်များကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်နေမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ကြီးကြပ်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့ ဟန်ချက်ညီ ဖြန့်ခွဲတာဝန်ထမ်းဆောင်လျက် ရှိနေသောကြောင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအား သီးခြားဖြန့်ခွဲထုတ်ခြင်း၊ လုပ်ငန်းတာဝန်များအား ခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းအရန်စက်မောင်းဆီများ ရောက်ရှိ

**နေပြည်တော် မတ် ၁၇**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက်လိုအပ်သော စက်မောင်းဆီများကို ပြည်တွင်း၌ ထုတ်လုပ်သကဲ့သို့ ပြည်ပမှလည်း တင်သွင်းလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းနေချိန်တွင် နိုင်ငံတော်အတွက် အရန်စက်မောင်းဆီ (ဒီဇယ်ဆီ) သိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ စက်မောင်းဆီ(ဒီဇယ်ဆီ)တင်ဆောင်လာသည့် MT Semua Sejati သင်္ဘောသည် မတ် ၁၆ ရက်တွင် အမှတ်( ၁) ရေနံချက်စက်ရုံ (သန်လျင်) ဆိပ်ကမ်းသို့ ရောက်ရှိ၍ စက်မောင်းဆီများလက်ခံချယူလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**( ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅ ခုနှစ်) ဟုခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ တွင်-

(က) "သတ်မှတ်ရာခိုင်နှုန်းအတိုင်း" ဆိုသည့် စကားရပ်အစား "သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (စ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန် တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏တစ်ရာရာခိုင်နှုန်းပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါ ငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊

(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊

(၄) တတိယအကြိမ် အထက်ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။ "

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( င ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

" ၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း ၊ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန် တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့် သတင်းပေး တင်ပြသူအား ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ)အရ ကောက်ခံရရှိသည့်ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။"

---

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ပြည်ထောင်စုလွှတ်တော်ဥပဒေများ ဖော်ပြသွားမည်

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။) နှင့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။)တို့ကို ၁၉-၃-၂၀၁၅ ရက်ထုတ် သတင်းစာတွင် ဖော်ပြပါမည်။

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃။)နှင့် ကုန်းလမ်းအကောက်ခွန်အက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) တို့ကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**(မြန်မာ့အလင်း)**

***ပြည်သူ့လွှတ်တော်မှ***

ဝန်ကြီးဌာနတို့သို့ ကြမ်းခင်းဈေး သတ်မှတ်ရေးဆိုင်ရာ သဘောထားမှတ်ချက် တောင်းခံပြီးမှ ဆောင်ရွက်ရန်ဖြစ်ပြီး ရောင်းချ၍မရသော မော်တော်ယာဉ်များအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ နိုင်ငံပိုင်စာရင်းသွင်းရေး လွှဲပြောင်းပေးအပ်ပြီး နိုင်ငံတော် အစီအစဉ်ဖြင့် လိုအပ်သည့် အဖွဲ့အစည်းနှင့် ဌာနများအသုံးပြုနိုင်ရန် ပြန်လည်ခွဲဝေပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာမြို့နယ် တရားရုံးတော်မှ ဆုံးဖြတ်ချက် အမိန့်ချမှတ်ပြီးသော လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် အခြားယာဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ Open Tender စနစ်ဖြင့် ရောင်းချရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ "နေအိမ်ခြံမြေပုံကိစ္စ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ(SME)နှင့် စပ်လျဉ်းသည့် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ချေးငွေနှင့် မတည်မှုငွေ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်း ပိုင်းဆိုင်ရာ နည်းလမ်းများ၊ ညွှန်ကြားချက်များနှင့် မည်သို့မည်ပုံဆောင်ရွက်ရမည်နှင့် ကျေးရွာများတွင် မြေဂရန်အခက်အခဲရှိသဖြင့် မြေဂရန်အစား မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ရာတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင်လည်းကောင်း၊ အငယ်စားစက်မှုလုပ်ငန်းများကို အသေးစား စက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေအရ သမဝါယမဝန်ကြီးဌာန အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဦးစီးဌာနတွင်လည်းကောင်း၊ ဆန်စက်၊ ပဲခွဲစက်အစရှိသော စီးပွားရေးလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ ငါးပိ၊ ငါးခြောက် အစရှိသော စီးပွားရေးလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် လည်းကောင်း၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ စီးပွားရေးလုပ်ငန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင်လည်းကောင်း မှတ်ပုံတင်ရပါကြောင်း။

မှတ်ပုံတင်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေနှင့် မတည်ရင်းနှီးငွေရရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေများသို့ ချေးငွေကျပ် (၂၀)ဘီလီယံကို ခွဲဝေချထားပေးခဲ့ရာ လုပ်ငန်းအရေအတွက် များပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ချေးငွေကျပ်(၂)ဘီလီယံစီနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေများတွင် ငွေကျပ်(၁)ဘီလီယံစီ သတ်မှတ်၍ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

SME ချေးငွေရယူလိုသော စီးပွားရေးလုပ်ငန်းရှင်များသည် မိမိလုပ်ငန်းများ တည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများမှတစ်ဆင့်လျှောက်ထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ချေးငွေထုတ်ချေးပေးနိုင်ရန် လုပ်ငန်းရှင်များ၏ စာရင်းအား အသေးစားနှင့် အလတ်စား စက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) သို့ ပေးပို့ရပါကြောင်း၊ SMIDB အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်း ချေးငွေလျှောက်ထားသူများ၏ အပေါင်ပစ္စည်းများ ခိုင်မာမှုရှိမှသာ ချေးငွေထုတ်ချေးခြင်းဖြစ်၍ ချေးငွေရရှိမှု မကြန့်ကြာစေရန် လုပ်ငန်းရှင်များ၏ အပေါင်ပစ္စည်းများ ခိုင်မာမှု ရှိ၊ မရှိကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေရှိ တာဝန်ရှိသူများက ကြိုတင်စိစစ်ပြီးမှ သက်ဆိုင်ရာ အစိုးရ အဖွဲ့သို့ တင်ပြရမည်ဖြစ်ပါကြောင်း။

SMIDB၏ စည်းမျဉ်းစည်းကမ်းအရ စီးပွားရေးလုပ်ငန်းရှင်များသည် အခွန်ပေးဆောင်ပြီးစီးမှုပြေစာ (လက်ရှိဘဏ္ဍာနှစ်အပါအဝင်) (၃)နှစ်စာ မိတ္တူတင်ပြရမည်ဖြစ်သော်လည်း(၁)နှစ်အတွက်သာ တင်ပြလျှင်သော်လည်းကောင်း၊ လျှောက်ထားသူအမည်ပေါက်ဂရန်/ဘိုးဘွားပိုင်၊ အာမခံမြေပိုင်ဆိုင်မှုဂရန် လက်ကျန်သက်တမ်းအား အနည်းဆုံး(၅)နှစ်ရှိရမည့်အစား အနည်းဆုံး(၄)နှစ် အထိရှိခဲ့လျှင်သော်လည်းကောင်း SME ချေးငွေရရှိနိုင်ရန်အတွက် ဖြေလျှော့မှုများပေးထားပါကြောင်း၊ ထို့ပြင် ချေးငွေလျှောက်ထားမှု၏ အာမခံမြေဂရန် အမည်ပေါက်(၃ခ)ပုံစံတွင် လယ်ယာမြေမဟုတ်ကြောင်း ထောက်ခံချက်ပါရှိပါက လက်ခံပေးပါကြောင်းနှင့် လုပ်ငန်းအရှုံးအမြတ်စာရင်းကို ယခင်က ပြည်သူ့လက်မှတ်ရ စာရင်းကိုင်၏ ထောက်ခံချက်ဖြင့် ရေးဆွဲရန် လိုအပ်သော်လည်း အခုအခါ SMIDB၏ သတ်မှတ်ပုံစံအတိုင်း (၁)နှစ်စာအတွက် ရေးဆွဲတင်ပြနိုင်ပါက ချေးငွေရရှိရေးအတွက် ဖြေလျှော့လက်ခံပေးပါကြောင်း။

ကျေးရွာများကို မြေငှားဂရန်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေသတ်မှတ်ချက်နှင့် ကိုက်ညီပါက အနည်းဆုံး ၁၀ နှစ်မှ အများဆုံးနှစ် (၃၀) ရှိသော မြေငှားစာချုပ်နှင့် စနစ်တကျအကွက်ရိုက်ထားခြင်းမရှိသော မြေများအတွက် အနည်းဆုံး(၁)နှစ်မှ အများဆုံး(၃)နှစ်အထိ မြေငှားလိုင်စင်များ ခွင့်ပြုချထားပေးနိုင်ပါကြောင်း၊ ကျေးရွာမြေအဖြစ် တရားဝင် အမိန့်ထုတ်ပြန်သတ်မှတ်ထားသော ဧရိယာအတွင်း အမှန်တကယ်နေထိုင်ပြီး ပိုင်ဆိုင်ကြောင်း အထောက်အထား အချက်အလက် အပြည့်အစုံဖြင့် တင်ပြလျှောက်ထားလာပါက ဥပဒေများနှင့်အညီ စိစစ်၍ ဂရန်များထုတ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

*စာမျက်နှာ ၆ မှ*

ထို့ကြောင့် အချို့သော ကျောင်းများကိုပိတ်ပစ်ရပါလိမ့်မည်။ မြို့ပြနှင့် ကျေးလက်တန်းတူ အခွင့်အရေးမရရှိနိုင်တော့ပါ။ သို့ဖြစ်လျှင် ဤအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၂ (ဇ) အပိုဒ်ခွဲ (ဇဇ) သည်နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်း " Article 26, Everyone has the right to education." နှင့် ၁၉၈၉ ခုနှစ် ကလေးလူငယ် အခွင့်အရေးညီလာခံက အတည်ပြုထားပြီး မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးထားသည့် Convention on the Rights of the Child (CRC) ၏ " Article 28. Convention on the Rights of the Child asserts the child's right to education ,and covers the state's obligations for provision of formal schooling, progressively,and on the basis of equal opportunity. Primary schooling should be free and compulsory." တို့ကို ဖောက်ဖျက်ကျူးလွန်အောင် အားပေးရာရောက်စေပြီး နိုင်ငံသားတို့၏ ပညာသင်ကြားပိုင်ခွင့်ကို ဆုံးရှုံးသွားအောင် ရေးသားထားသကဲ့သို့ ဖြစ်နေပါသည်။ စဉ်းစားကြပါ။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂ (င)တွင် "သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်။" ဟု ရေးသားထားပါသည်။ မိခင်ဘာသာစကား (Mother tongue) ဆိုသည်မှာ ကလေးပထမဦးစွာ လေ့လာတတ်မြောက်သည့် ဘာသာစကားဖြစ်ပါသည်။ ယင်းဘာသာစကားမှာ အပြောသာရှိသည့် ဘာသာစကားနှင့် အပြောနှင့် အရေးနှစ်ခုစလုံးရှိသည့် ဘာသာစကားများဖြစ်နိုင်သည်။ အက္ခရာနှင့် ရေးထုံးသဒ္ဒါ သတ်သတ်မှတ်မှတ်ရှိသည့် မိခင်ဘာသာစကားကို ဆရာ၊ ဆရာမက တတ်မြောက်ကျွမ်းကျင်ပါက သင်ကြားရေးတွင် အသုံးပြုရန် အဆင်ပြေနိုင်ပါသည်။ သို့သော် အချို့မိခင်ဘာသာစကားများမှာ ယနေ့တိုင် အက္ခရာနှင့် ရေးထုံးသဒ္ဒါ တိတိကျကျမသတ်မှတ်နိုင်ကြသေးသဖြင့် အပြောဘာသာစကားဟုသာ ဆိုနိုင်ပါသည်။ ယင်းဘာသာစကားကို သင်ကြားရေးတွင် မည်သို့အသုံးပြုမည်နည်း။ စာသင်ကြားရာတွင် အပြောတစ်ခုတည်းဖြင့်မပြီးပါ။ အရေးအသားလည်းပါရပေမည်။ ဆရာ၊ ဆရာမက ကလေး၏ မိခင်ဘာသာစကားကို တတ်ပါမည်လား။ ကလေး၏ မိခင်ဘာသာစကားကို တတ်သူတိုင်းက ဆရာ၊ဆရာမ အလုပ်ကို လုပ်ပါမည်လား။ ကလေး၏ မိခင်ဘာသာစကားကို တတ်သူတိုင်းအား ဆရာ၊ ဆရာမ အဖြစ် အလုပ်ခန့်ပါမည်လား။ အလုပ်ခန့်သည်ဆိုပါစို့၊ ကလေးကို စာသင်တတ်ပါမည်လား။ မသင်တတ်၍ သင်တန်းတက်မည်ဆိုပါက မည်သည့်ဘာသာစကားဖြင့် သင်ပေးရပါမည်နည်း။ ယင်းပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၂ (ခ) (ဇဇ) တွင် "မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားဖြင့် သင်ကြားသင်ယူခွင့်ရှိသည်။" ဟု ရေးသားထားသဖြင့် သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း(အလယ်တန်းဆင့်)ဓာတုဗေဒ၊ရူပဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ (အထက်တန်းဆင့်) ဘာသာရပ်များကို အက္ခရာနှင့် ရေးထုံးသဒ္ဒါ သတ်သတ်မှတ်မှတ်မရှိသည့် မိခင်ဘာသာစကားဖြင့် သင်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ မိခင်ဘာသာစကားတည်တံ့ခိုင်မာစေရန် အက္ခရာနှင့် ရေးထုံးသဒ္ဒါမှန်ကန်ရေးကို ဦးစွာကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းက ပယ်ဖျက်လိုက်သည့် မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၃(က) နှင့် (ခ) နှစ်ခုအနက် "(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။" ဟု ဖော်ပြထားပြီး ထပ်မံပယ်ဖျက်လိုက်သည့် ပုဒ်မ ၄၄ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့်မှ စတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ ဆောင်ရွက်နိုင်သည်။" ဟု ဖော်ပြပါရှိသဖြင့် ဘာသာစကားလွတ်လပ်ခွင့်ကို ပြဋ္ဌာန်းပေးထားသည်ဟု နားလည်ရပါသည်။ တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားမှုကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်ရမည်မှာ အမှန်အကန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားစာပေနှင့် ဘာသာစကားအစား မိခင်ဘာသာစကားဟု အကြံအဖန်လုပ်ထားသည့် ပြဋ္ဌာန်းချက်သည် ဆန်စဉ်ရာကျည်ပွေ့လိုက်ရအောင်၊ ထိန်းမနိုင်သိမ်းမရ၊ ကသောင်းကနင်း၊ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ပညာရေးစနစ်ကို ရှေးရှုရာ ရောက်နေပါသည်။ မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁ (က)တွင် ပြဋ္ဌာန်းထားသည့် "အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို" ပြည့်မီရန် အလွန်အလှမ်းကွာဝေးသွားနိုင်ပါသည်။

ဥပဒေတစ်ခုကို ရေးသားရာတွင် ရှေ့နောက်ဆင်ခြင်တိုင်းထွာ၍ ရေးသားသင့်ပါသည်။ မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့်၊ မြန်မာနိုင်ငံသားအားလုံး ပညာအရာတွင် တန်းတူရည်တူ တိုးတက်ခံစားရရှိစေမည့်အခွင့်အလမ်းပွင့်သည့် ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ရေးသားသင့်ပါသည်။ ယင်းသို့ ဦးတည်၍ ရေးသားသော ဥပဒေသည်သာ ရေရှည်တည်တံ့ကာ အများကောင်းကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

# မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၁၇**

မလေးရှားနိုင်ငံတွင် မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 'ASEAN Youth Program' သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်သက်ဇင်မြင့်နှင့် ဒေါ်လွင်ကျော့ကျော့စံတို့သည် မတ် ၁၄ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေး

**နေပြည်တော် မတ် ၁၇**

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ ဆွေးနွေးခြင်းအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထိုသို့ ရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်၍ အစိုးရအသီးသီးနှင့် လွှတ်တော်အသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို စနစ်တကျထမ်းဆောင်နေကြခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ)၊ ပုဒ်မ ၁၀၃(က)(ဃ)(င)(စ) တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃(က)(ခ)(ဂ) (င) တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရက ဥပဒေကြမ်းကို တင်သွင်းခြင်းမပြုမီ ဘဏ္ဍာရေးကော်မရှင်ကလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၀ နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ကြရာတွင် တူညီသောရည်ရွယ်ချက်နှင့် ဦးတည်ချက်မှာ ပြည်သူ့ဘဏ္ဍာငွေနှင့် သက်ဆိုင်သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အားထုတ်ကြိုးပမ်း၍ ဆောင်ရွက်ကြခြင်းပင် ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည်လည်း ယခုကဲ့သို့ ဆောင်ရွက်နေကြပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်နေကြသည့် ဘတ်ဂျက်အသီးသီးကို ချိတ်ဆက်ထားခြင်းမှာ အထက်တွင်တင်ပြခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘတ်ဂျက်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘတ်ဂျက်သို့ ပေးအပ်ကူညီနိုင်ရန် နည်းလမ်း(၃)ခုရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းများမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းဟု ခေါ်သည့်ကိစ္စကို ဆွေးနွေးသွားပါကြောင်း၊ ယင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေါ်ဆိုခြင်း ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးလိုပါကြောင်း၊ ပထမအချက်ဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘတ်ဂျက်သည် ၃ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘတ်ဂျက်သည် ၄ ရာခိုင်နှုန်းသာရှိသည်ကို ကြည့်ခြင်းဖြင့် ယခုနှစ်ဘတ်ဂျက်သည် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အလေးပေးပြီး ရေးဆွဲထားသည့် ဘဏ္ဍာရေးစီမံကိန်းတစ်ခုမဟုတ်ကြောင်းကို ဝေဖန်ထောက်ပြထားသည့် အချက်နှင့်ပတ်သက်၍ ဘတ်ဂျက်တွင်ပါဝင်သော အဖွဲ့အစည်းများအားလုံးသည် သူ့ကဏ္ဍနှင့်သူ၊ သူ့တာဝန်နှင့်သူ ခွဲဝေရရှိသော အသုံးစရိတ်များကို သုံးစွဲကြရာတွင် တစ်နိုင်ငံလုံးအတွက် သုံးစွဲကြခြင်းဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲကြရာတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများအတွက်လည်း ပါဝင်ပါကြောင်း။

ဥပမာ-ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များသည် မြို့ပြနှင့် ကျေးလက်ပါသုံးရသည့် အသုံးစရိတ်မျိုးများဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသုံးစရိတ်မှ စိုက်ပျိုးရေးအသုံးစရိတ် တစ်ခုတည်းမဟုတ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက အသုံးပြုသည့် လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးသည့်အသုံးစရိတ်၊ စက်မှုဝန်ကြီးဌာနကသုံးသည့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုအသုံးစရိတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးကူညီသည့် စိုက်ပျိုးရေးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာရောင်းချပေးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်ထောင်စုက သီးခြားထောက်ပံ့မှုစသည့်အသုံးစရိတ်များသည် ကျေးလက်နေပြည်သူများအတွက် သုံးစွဲကြသော အသုံးစရိတ်များ များစွာပါဝင်နေပါကြောင်း။

တတိယအချက် အနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် စုစုပေါင်း ဘတ်ဂျက်၏ ၂၀% ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုငွေဖြည့်ဆည်းခြင်းမှာ ကျပ် ၁၇၀၂ ဒသမ ၂၇၆ ဘီလီယံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ထောက်ပံ့ကြေးကျပ် ၁၁၉ ဒသမ ၄၂၀ ဘီလီယံတို့ တောင်းခံထားပါကြောင်း၊ မည်သည့်ပြည်နယ်၊ မည်သည့် တိုင်းဒေသကြီးအတွက် ကျပ်ငွေ မည်မျှတောင်းခံနေရသည်ကို ဖော်ပြထားသော်လည်း အဆိုပါခွင့်ပြုငွေများဖြင့် ဘယ်လိုစီမံကိန်းများ ဆောင်ရွက်မည်ဆိုသည့်အချက် မပါသဖြင့် တိတိကျကျ တင်ပြစေလိုကြောင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဘတ်ဂျက်များသည် သီးခြားစီရေးဆွဲ၊ သီးခြားစီ အတည်ပြုကြသည့် ဘတ်ဂျက်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဘတ်ဂျက်ကို တင်ပြသည့်အခါ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်ပါ စီမံကိန်းများသည် ပါရှိမည်မဟုတ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသုံးစရိတ်များသာဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်သာ အသေးစိတ်ဆွေးနွေးကြခြင်းဖြစ်ပါကြောင်း၊ ၎င်းအသုံးစရိတ်များအရ ဖြစ်ပေါ်လာသော လိုငွေကိုသာ ပြည်ထောင်စုက ဖြည့်ဆည်းပေးရခြင်း ဖြစ်ပါကြောင်း၊ ဖြစ်ပေါ်သည့်လိုငွေကို ချင့်ချိန်၍သာ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

ဗဟိုဘဏ်အနေဖြင့် ဘတ်ဂျက်ထဲတွင် ပါဝင်ရသည်မှာ ဗဟိုဘဏ်ဥပဒေပုဒ်မ ၃၅ အရ ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိဘဏ္ဍာရန်ပုံငွေအပေါ် ရပ်တည်ခြင်းနှင့် ဘတ်ဂျက်တွင် မပါခြင်းမှာ တိုက်ရိုက် သက်ဆိုင်မှုမရှိကြောင်း၊ နောင်တစ်ချိန်တွင် ဗဟိုဘဏ်သည် ပြည်ထောင်စု ဘတ်ဂျက်ထဲတွင်မပါဘဲ သီးခြားရေးဆွဲ၊ သီးခြားအတည်ပြုပေးရသည့် ဘတ်ဂျက်မျိုးဖြစ်လာကောင်း ဖြစ်လာနိုင်ပါကြောင်း၊ ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၂၄ ပါအတိုင်း နိုင်ငံတော်သည် ဗဟိုဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘတ်ဂျက်တွင် ဗဟိုဘဏ်ကို ၎င်း၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော အဖွဲ့အစည်းအဖြစ် အပိုင်းတစ်ပိုင်း သီးခြားဖော်ပြရေးဆွဲရခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် ဖြစ်သင့်သည့်ပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်း၍ နိုင်ငံတကာကျင့်သုံးကြသည့် ပုံစံများကိုလေ့လာပြီး မိမိနိုင်ငံနှင့် သင့်လျော်သည့်ပုံစံဖြင့် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ၏ ဆွေးနွေးချက်အပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးလိုသည်မှာ မိမိတို့မှာ Tax Reform နှင့်အတူ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ IMF၊ WB၊ USOTA တို့၏ ကျွမ်းကျင်မှုဆိုင်ရာအကူအညီများဖြင့် Tax Policy and Tax Administration များကို အဆင့်ဆင့်ပြုပြင်ပြောင်းလဲ လုပ်ဆောင်သွားရန် စီမံထားရှိပါကြောင်း၊ ပြည်သူ့ငွေ စာရင်းပူးပေါင်းကော်မတီ ကိုယ်စားအတွင်းရေးမှူး ဦးမောင်တိုးက ချေးငွေ၊ ဘတ်ဂျက်လိုငွေ၊ ကြွေးမြီဆိုင်ရာများကို ဘာသာရပ်ပိုင်းဆိုင်ရာ (Technically) ဆွေးနွေးသွားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲမှုစနစ်မှာ ငွေသားကို အခြေခံရေးဆွဲသော Cash budget စနစ်ဖြစ်ပါကြောင်း၊ အမှန်တကယ်ရရှိလာသော၊ အမှန်တကယ်ထုတ်ယူသုံးစွဲရသော ငွေသားအရ ဖြစ်စေ၊ စာရင်းအရဖြစ်စေ ဝင်မှု ထွက်မှုများကို ထည့်သွင်းရေးဆွဲရပါကြောင်း။

ဘတ်ဂျက်ရေးဆွဲသည့် ပုံစံတွင် ကျွန်တော်တို့ နည်းနှင့် IMF နည်း ကွာခြားမှုမှာ မိမိတို့အနေဖြင့် ပြည်ပချေးငွေ ရငွေများကို ရငွေအပိုင်းတွင် ထည့်သွင်းသည့် စနစ်ဖြစ်ပြီး IMF သည် ပြည်ပချေးငွေရငွေများကို ရငွေထဲတွင်မထည့်ဘဲ သီးခြားဖယ်ထုတ်၍ ပြသသည့်နည်းဖြစ်ပါကြောင်း၊ ဘာသာရပ်အခေါ်အရ နည်းမှာ Accounting နည်းဖြစ်ပြီး IMF နည်းမှာ Analytical နည်းဖြစ်ပါကြောင်း၊ IMF နည်းဖြင့်တွက်ပါက မိမိတို့ တင်ပြထားသည့် လိုငွေ ၅ ဒသမ ၂၂ ရာခိုင်နှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရရှိမည်ဖြစ်ပါကြောင်း၊ ဦးမောင်တိုး တွက်ပြထားသည့် ၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကွာနေပါကြောင်း၊ မိမိတို့မှာ IMF ၏ Format အပြည့်အစုံရှိပါကြောင်း။

ထို့အပြင် IMF ၏ ၂၀၁၅ ခု ဖေဖော်ဝါရီလတွင် လာရောက်သည့် မစ်ရှင်အဖွဲ့၏ အစီရင်ခံစာမှာ မိမိတို့၏ လိုအပ်ချက်များကို ဖော်ပြထားသကဲ့သို့ အားသာချက်၊ ဆက်လက်ထိန်းသိမ်းသင့်သည့် အချက်များကိုလည်း ဖော်ပြထားမှုများ ရှိပါကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်ကြပါစေရန် ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယင်းတို့မှာ ၂၀၁၄-၂၀၁၅ ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၇ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း ပျမ်းမျှ ၆ ရာခိုင်နှုန်းခန့်တွင် တည်ငြိမ်နေမည်ဟု ခန့်မှန်းထားခြင်း၊ ကြွေးမြီ ခံနိုင်ရည်ရှိမှုအနေအထား စိုးရိမ်ရန်မရှိသေးခြင်း၊ ၂၀၁၅-၂၀၁၆ အတွက် ခန့်မှန်းရာတွင် Down Side Risk များ ရှိသော်လည်း ကာလလတ်အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်း တိုးမြင့်နေဆဲဖြစ်ခြင်း စသည့်အချက်များ ဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ လိုငွေဖြည့်ဆည်းသည့်ကိစ္စဖြစ်ပါကြောင်း၊ လိုငွေဖြည့်ဆည်းသည့် ကိစ္စနှင့်ဆက်စပ်၍ အစိုးရငွေတိုက်စာချုပ်များ ရောင်းချသည့်ကိစ္စ၊ ဘတ်ဂျက်ပြင်ပချေးငွေများကိစ္စ၊ တစ်ဦးကျကြွေးမြီတင်ရှိမှုကိစ္စတို့ကို IMF အစီရင်ခံစာများကိုပါ ကိုးကား၍ လေ့လာတွက်ချက် တင်ပြဆွေးနွေးသွားပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစပြီး ဗဟိုဘဏ်ထံမှ ငွေချေးယူနေမှုကို လျှော့ချနိုင်စေရန် IMF နှင့် ADB တို့ထံမှ နည်းပညာအကူအညီ၊ အကြံဉာဏ်အကူအညီများရယူ၍ အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ် (Treasury Bills Auction) ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ခဲ့ပါကြောင်း။

သို့ရာတွင် ဘဏ္ဍာရေးနှစ်အစတွင် ပြင်ဆင်နေရဆဲကာလဖြစ်၍ ၂၀၁၅ ခု ဇန်နဝါရီလမှသာ ယင်း Auction များကို စတင်နိုင်ပါကြောင်း၊ ယနေ့အထိ Auction ၄ ခု ပြီးစီးပြီဖြစ်ပြီး Result အခြေအနေမှာ ရောင်းချမှုငွေကျပ် ၂၀၀ ဘီလီယံတွင် အောင်မြင်သည့် အတိုးနှုန်း ၈ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည့်အတွက် အောင်မြင်သည့် အရေအတွက်မှာ ငွေကျပ်ဘီလီယံ ၉၀ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အတိုးနှုန်း ၄ ရာခိုင်နှုန်းမဟုတ်ပါကြောင်း၊ ဈေးကွက်က တောင်းဆိုသော ၈ ရာခိုင်နှုန်း၊ ၈ ဒသမ ၁၅ ရာခိုင်နှုန်း စသည်ဖြင့် ဖြစ်ပါကြောင်း၊ ၈ ဒသမ ၁၅ ရာခိုင်နှုန်းသည် ဘဏ်များတွင် အပ်ငွေအပေါ် ပေးသည့်အတိုးနှုန်း ၈ ရာခိုင်နှုန်းထက်ပင် ကျော်လွန်နေပြီဖြစ်ပါကြောင်း၊ လွှတ်တော်အထိ စိစစ်ပြီးနောက် ဖြစ်ပေါ်လာသော လိုငွေအတွက် အစိုးရက ပြည်တွင်းကြွေးမြီရယူ၍ ဖြည့်ဆည်းသည့်အခါ အစိုးရငွေတိုက်စာချုပ် (Treasury Bonds) များနှင့် အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များဖြင့် ပြည်တွင်းမှ ဖြည့်ဆည်းခြင်းဖြစ်ပါကြောင်း၊ Bond နှင့် Bill တို့မှာ သက်တမ်းမတူညီသည့်အတွက် အတိုးနှုန်းကို ခွဲထားပါကြောင်း။

ဗဟိုဘဏ်က ချေးယူမှုကို လျှော့ချနိုင်ခြင်းဖြင့် ငွေဖောင်းပွမှုဖြစ်စေရန် အားပေးမှုများကို လျှော့ချနိုင်သော်လည်း အစိုးရအတွက်၊ ကြွေးမြီအတွက် ပေးရသည့် အတိုးစရိတ်မှာ တက်လာပါကြောင်း၊ အတိုးစရိတ်တက်လာလျှင်လည်း အသုံးစရိတ်တက်လာပါကြောင်း၊ အသုံးစရိတ်တိုးလာလျှင်လည်း ငွေထပ်ချေးရပြန်ပါကြောင်း၊ သံသရာလည်နေသည့်သဘောရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက်တွေက မဖွံ့ဖြိုးသေးပါကြောင်း၊ တည်ငြိမ်မှုလည်း မရှိသေးပါကြောင်း၊ ယခုမှ အစပျိုးလုပ်ကိုင်နေကြရသည့် အဆင့်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ဗဟိုဘဏ်က ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ချသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘတ်ဂျက် ပြင်ပချေးငွေများကို လွှတ်တော်တင်ရေးဆိုသည့်ကိစ္စ ဖြစ်ပါကြောင်း။

ဘတ်ဂျက် ပြင်ပချေးငွေများဟုဆိုရာတွင် အစိုးရ MADB က လယ်သမားများသို့ ထုတ်ပေးသော စိုက်ပျိုးစရိတ်ချေးငွေများ၊ MEB က SME များအတွက် SMIDB သို့ ထုတ်ချေးပေးသော ချေးငွေများ၊ MEB က နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ ထုတ်ပေးသော ချေးငွေများ စသည်ဖြင့် ရှိပါကြောင်း၊ ၎င်းတို့သည် အစိုးရ၏ ရငွေများထဲမှ ချေးခြင်းမဟုတ်ပါကြောင်း၊ MEB က လက်ခံထားသော ဘဏ်အပ်ငွေများမှ ဘဏ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချေးခြင်းဖြစ်ပါကြောင်း၊ ပြန်ရမည့် ချေးငွေများဖြစ်၍ အစိုးရ၏ အပြီးအပိုင်သုံးသော အသုံးစရိတ်များလည်း မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်တွင် မပါဝင်ရခြင်း ဖြစ်ပါကြောင်း၊ သီးခြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက် တစ်ဦးကျ ကြွေးမြီ per capita debt ကို တွက်ချက်တင်ပြသည့်ကိစ္စဖြစ်ပါကြောင်း၊ ထိုသို့တွက်ချက်မှုပုံစံသည် စံပြုစီးပွားရေးညွှန်းကိန်း Standand Economic Indicator တွင်မပါဝင်ပါကြောင်း။

နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေကို ဖော်ပြသည့် ညွှန်းကိန်းများအဖြစ် ဂျီဒီပီ တိုးတက်မှုနှုန်း၊ တစ်ဦးကျဝင်ငွေ၊ တစ်ဦးကျကုန်ထုတ်လုပ်မှု၊ တစ်ဦးကျစားသုံးမှု စသည်ဖြင့် တိုင်းတာဖော်ပြလေ့ရှိကြပါကြောင်း၊ ကြွေးမြီဆိုသည်မှာ အတိုးနှုန်းအမျိုးမျိုးရှိနိုင်ခြင်း၊ သက်တမ်းအမျိုးမျိုးရှိနိုင်ခြင်း၊ စီးပွားရေးအရ ပြန်ရချက်ရှိသော လုပ်ငန်းများ၊ စီးပွားရေးအရ မဟုတ်သော်လည်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ဖြစ်သောလုပ်ငန်းများ စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ချေးယူခြင်းဖြစ်ရာ လူတစ်ဦးချင်းဖြင့် တိုင်းတာဖော်ပြလေ့ မရှိကြပါကြောင်း၊ ဆိုလိုသည်မှာ တစ်ဦးကျဝင်ငွေဆိုသည်မှာ လူတစ်ဦးချင်း အမှန်တကယ် ရရှိနိုင်သည့် တစ်နှစ်ပျမ်းမျှ ဝင်ငွေဖြစ်သော်လည်း ကြွေးမြီကတော့ လူတစ်ဦးချင်းအပေါ် အမှန်တကယ်တင်ရှိနေသည် မဟုတ်ပါကြောင်း၊ နိုင်ငံ၏ ကြွေးမြီကို နိုင်ငံ၏ လူဦးရေနှင့် စားပြထားသည့် ကိန်းဂဏန်း သက်သက်သာဖြစ်ပါကြောင်း၊ ပြည်ပကြွေးမြီ အခြေအနေအပေါ် ဆန်းစစ်လိုပါက ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး၊ ပြည်ပကြွေးမြီနှင့် ပို့ကုန်ရငွေအချိုး၊ ပြည်ပကြွေးမြီနှင့် စုစုပေါင်း ရငွေအချိုး၊ ပြည်ပကြွေးမြီ ပေးဆပ်မှုနှင့် ပြည်ပပို့ကုန်ရငွေအချိုး၊ ပြည်ပကြွေးမြီ ပေးဆပ်မှုနှင့် စုစုပေါင်းရငွေ အချိုးတို့ဖြင့် တိုင်းတာလေ့ရှိကြပါကြောင်း။

နိုင်ငံတော်၏ ပြည်တွင်းပြည်ပကြွေးမြီများကို လူတစ်ဦးချင်းကလည်း တိုက်ရိုက်ပြန်ဆပ်ရန်သဘောမဟုတ်ဘဲ နိုင်ငံတော်ကသာ တာဝန်ယူ၍ သက်တမ်းအလိုက် ပြန်ဆပ်ရမည် ဖြစ်ပါကြောင်း၊ ရယူထားသော ချေးငွေများကိုအသုံးပြု၍ ပိုမိုတိုးတက်မှုရရှိနိုင်အောင် ကြိုးပမ်းနိုင်ကြစေရန် ရယူခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ချေးငွေရယူခဲ့ကြသည်မှာလည်း နိုင်ငံတော်နှင့် ပြည်သူစီးပွားတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်များဖြင့် ရယူခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ စိစစ်ပြီးမှ ရယူရန်၊ အကျိုးရှိအောင်သုံးရန်၊ တန်ရာတန်ဖိုး ဖြစ်ရန်တို့ ဖြစ်ပါကြောင်း၊ တစ်ဦးကျ ကြွေးမြီကိုသာ တွက်ချက်ဖော်ပြပြီး တစ်ဦးကျဝင်ငွေ နှစ်အလိုက် မည်သို့တိုးတက်လာသည်များကို မေ့ထား၍မရနိုင်ပါကြောင်း။

နိုင်ငံတော်က ဆောင်ရွက်နေသော ကြွေးမြီခံနိုင်ရည်ရှိမှု လေ့လာဆန်းစစ်ချက် (Debt Sustainability Analysis) နှင့်ပတ်သက်၍ လွှတ်တော်သို့ သီးခြားရှင်းလင်းတင်ပြမည် ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

# အောင်တံခွန်-၃ ရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းနှင့်ရေယာဉ်များကြံ့ခိုင်မှုအား စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရှိ စစ်တွေ-တောင်ကုတ် ခရီးလမ်းတွင် ပြေးဆွဲနေသော အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အဖြစ်မှန်ပေါ်ပေါက်စေရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မတ် ၁၆ ရက်မှစတင်၍ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အခြေပြု၍ စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ထို့အပြင် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြံ့ခိုင်မှုရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်စိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ စစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲရှိ ရေယာဉ်များအား ဦးစားပေး စတင်စစ်ဆေးကာ ကျန်ဌာနခွဲများရှိ ရေယာဉ်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**သတင်းအဖွဲ့**

ရခိုင်ကမ်းရိုးတန်းသွား အောင်တံခွန်-၃ ခရီးသည်ရေယာဉ် တိမ်းမှောက်နစ်မြုပ်ခဲ့မှုနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ နာရေးကူညီမှုအသင်းတို့သည် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့မှုများအား တင်ပြအပ်ပါသည်။

**ဦးမောင်မောင်အုန်း**
**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်**

အခုဖြစ်တဲ့ပြဿနာကို ပြန်သုံးသပ်မယ်။ ဆုံးဖြတ်မယ်။ အစိုးရဆိုတာကတော့ ပြဿနာတစ်ခုဖြစ်လာရင် တာဝန်ရှိတဲ့သူကို ပြည်သူတွေက မဖော်ထုတ်ခိုင်းလည်း ဖော်ထုတ်ရတာပဲ။ သေသွားတဲ့သူတွေကို ၁၁ သိန်း ထောက်ပံ့တယ်။ နောက်တစ်ခါ အသက်ရှင်တဲ့သူတွေကို သုံးသိန်းခွဲငွေကြေးအားဖြင့် လူ့အသက်ကို တန်ဖိုးဖြတ်လို့တော့ မရပါဘူး။ ကျန်ရှိတဲ့သူတွေရဲ့ အခက်အခဲတွေကို အတတ်နိုင်ဆုံးပေါ့။ တချို့လည်း နှစ်ယောက်သေတယ်။ တချို့လည်း သုံးယောက်သေတာရှိတယ်။ သူတို့မှာလည်း စိတ်ဒဏ်ရာခံစားနေရတာ ကိုယ်ချင်းစာပါတယ်။ သူတို့ကို



ဦးမောင်မောင်အုန်း

အတတ်နိုင်ဆုံး ဖြေသိမ့်ပေးရမယ်။ ကူညီပေးရမယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကုန်လုပ်ပေးရမယ်။ လူမှုဝန်ထမ်းမှာ အားလုံးစာရင်းပေးပြီး သူတို့ရဲ့အခက်အခဲတွေကို ပြန်လည်စုစည်းပြီးရင် လုပ်ပေးသင့်တာအားလုံးထဲက ဦးစားပေးအလုပ်အကိုင်ရရှိရေးကိစ္စတွေ၊ နေရာချထားရေးကိစ္စတွေအားလုံးကိုသူတို့ရဲ့ အသက်အရွယ်နဲ့ ပညာအရည်အချင်းပေါ် မူတည်ပြီးတော့ နစ်နာခဲ့တဲ့၊ ခံစားမှုရှိခဲ့တဲ့သူတွေအတွက်၊ ဘဝမှာ ဖြေသိမ့်ပြီးတော့မှ အနာဂတ်ကို ကျော်ဖြတ်နိုင်အောင် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးသွားမှာပါ။

**ဦးကိုကိုနိုင်**
**တိုင်းရင်းသားရေးရာဝန်ကြီး**

ငပသုန်ကျေးရွာ အုပ်စုထဲက ကျေးရွာအုပ်စုမှူးတွေ ဦးဆောင်တဲ့အဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့တယ်။ ၈ နာရီခွဲ စဖြစ်ဖြစ်ချင်းပေါ့။ အကွာအဝေးက အနည်းဆုံး


ဦးကိုကိုနိုင်

နာရီဝက်တောင်မကြာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီနေရာက ငါးဖမ်းကွက်။ ငါးဖမ်းကွက်ဆိုတာ တံငါသည်တွေရဲ့ အဓိကလုပ်ငန်း။ အဲ့ဒီနေရာမှာ သူတို့ ငါးဖမ်းစက်လှေတွေ အနီးအနားမှာရှိတယ်။ အဲ့လိုရှိတာနဲ့ အဆင်သင့်ဖြစ်သွားတဲ့ အနေအထားတွေဖြစ်တယ်။ ဖြစ်တာနဲ့ ဖြစ်ဖြစ်ချင်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတယ်။ ကျောက်ဖြူအဖွဲ့၊ မြေပုံအဖွဲ့တွေ မနက်မိုးသောက်ရောက်တယ်။ ဒါပေမယ့် ဒေသခံအနီးပတ်ဝန်းကျင် ရွာရှစ်ရွာရှိတယ်။ ပြီးရင်အုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာလူထုတွေ၊ တံငါသည်တွေ ပူးပေါင်းပြီးတော့ လူမှုရေးစိတ်ဓာတ် အပြည့်အဝနဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်း ကိုယ့်လူမျိုးအချင်းချင်း အတိဒုက္ခရောက်နေတယ်ဆိုတဲ့အခါမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြလို့ အခုလိုမျိုး အထိုက်အလျောက် ကယ်ဆယ်လိုက်နိုင်တဲ့ အနေအထားဟာ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့အနေအထား



ရဲမှူးကြီးနေမျိုး

ဖြစ်ပါတယ်။

**စစ်တွေမြို့နယ် ရဲတပ်ဖွဲ့ဝင်တစ်ဦး**

ပထမဦးဆုံး သင်္ဘောမှောက်ပြီဆိုတော့ သင်္ဘောပေါ်မှာပါတဲ့ လုံခြုံရေးသုံးယောက်က သင်္ဘောဝမ်းထဲကို ဝင်တယ်။ ရေဝင်တော့ ပုံးတွေနဲ့ အားလုံးပက်ပေးတယ်။ ကူပြီးတော့ ပက်ထုတ်ပေးတယ်။ ကျန်တဲ့ ဆရာနှစ်ယောက်ကတော့ ခရီးသည်တွေကို ငြိမ်အောင် ထိန်းပေးတယ်။ နောက်ပြီးတော့ ကုန်ပစ္စည်းတွေကို နေရာရွှေ့တဲ့ ဆရာက ရွှေ့ပေးတယ်။ အဲ့လိုမျိုးလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးတွေကတော့ ကျောက်ဖြူတို့ မြေပုံတို့ကတော့ လာတော့လာတယ်။ ဒါပေမဲ့ အမြန်တော့ မရောက်နိုင်ဘူး။ သူတို့ မိုးလင်းပိုင်းမှပဲ ရောက်လာတယ်။ ညပိုင်းကတော့ မြောက်ကျင်ရယ်၊ ပိုက်ဆက်ရယ်ပေါ့။ အဲ့ဒီက တံငါသည်လေးတွေက စက်လှေလေးတွေနဲ့ သူတို့တတ်နိုင်သမျှ ကူညီပေးတယ်။ ကူညီပေးလို့လည်း အသက်ရှင်ခဲ့ရတယ်။

**ရဲမှူးကြီးနေမျိုး**
**ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး**

နောက်ဆုံးအခြေအနေကတော့ ၆၁ ဦး ဆယ်ယူရရှိခဲ့ပြီးပြီ။ သင်္ဘောထဲမှာ ဆက်ပြီးရှာဖွေဖို့တော့ လုပ်နေတယ်။ သိပ်အများကြီးရှိနေဖို့လည်း မရှိပါဘူး။ အများပြောသလို ၃၀၀၊ ၄၀၀ ဆိုတာလည်း မဟုတ်ပါဘူး။ ဒါတွေက လူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေတဲ့သဘောပါ။ ပစ္စည်းတွေအတွက် ကိုယ်တွေလက်တွေကို ဖြတ်ပြီးယူတယ်ဆိုပြီး အသံတွေ ထွက်တယ်။ ဒါတွေကလည်း လူတွေရဲ့ ကောလာဟလစကားတွေဖြစ်ပါတယ်။ လက်ရှိ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့အညီ တာဝန်ရှိတဲ့ အလျောက် ဒါတွေကို ကယ်ဆယ်ရေးနဲ့ စစ်ဆေးကြပ်မတ်မှတ်တမ်းတင်တာတွေ၊ လိုအပ်တဲ့ဟာတွေ လုပ်



စစ်တွေမြို့နယ် ရဲတပ်ဖွဲ့ဝင်တစ်ဦး

နေပါတယ်။ တာဝန်ရှိတဲ့အရာအားလုံးကိုတော့ ရဲတပ်ဖွဲ့ဝင်တွေက တာဝန်ယူပြီးတော့မှ ဆက်လက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးမြင့်ထွေး**
**ပြည်နယ်ကြက်ခြေနီဦးစီးမှူး**
**(ဒုတိယတန်း)**

အကြောင်းကြားတဲ့အချိန်မှာ နံပါတ်တစ်က ဖြစ်တဲ့နေရာက ကျောက်ဖြူနဲ့ မြေပုံနဲ့အလယ်မှာဖြစ်တဲ့အတွက် မြေပုံရယ် ကျောက်ဖြူရယ် နှစ်ဖက်လုံးက ကြက်ခြေနီတွေ၊ အဲ့ဒီမှာ ဒုတပ်ရင်းမှူးတွေရှိတယ်။ အဲ့ဒီလူတွေနဲ့ ကျွန်တော်တို့ တစ်ဖက်ဆယ်ဦးလောက်နဲ့ ကယ်ဆယ်ရေးတွေ ထွက်ခိုင်းတယ်။ ပြီးမှ အဲ့ဒီမှာနေပြီးတော့ ကယ်တဲ့လူတွေကို ဘယ်လိုလုပ်မယ်ဆိုတာကို အထက်အာဏာပိုင်တွေနဲ့ သူတို့ပေါင်းပြီး စီမံပြီးတော့ လုပ်တယ်။ ပြီးမှ ဒီဘက်ကိုကျတော့ အသက်ရှင်ပြီးတော့ ပြန်လာတဲ့သူတွေကို ဒီကိုရောက်ပြီးမှ ဆေးဝါးကုသမှုလိုတဲ့ သူတွေကို ဆေးဝါးကုသမှုခံယူဖို့ လုပ်တယ်။ ပြီးမှ ပုံမှန်ပကတိ



ဦးမြင့်ထွေး

အကောင်းလာတဲ့သူတွေကို နေရပ်ဒေသအရောက် ပြန်လည်ပို့ဆောင်ပြီးတော့ အလှူငွေတွေပေးတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေပေးတယ်။ ပြီးမှ နေရပ်ဒေသအသီးသီးကို ပြန်ပြီးတော့ အရောက်ပို့ပေးတာတွေရှိတယ်။

# ရခိုင်ဒေသရေကြောင်းသွားလာရေး ရေယာဉ်အင်အားဖြည့် အောင်တံခွန်-၇ ရေယာဉ်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

မတ် ၁၃ ရက်က နစ်မြုပ်ခဲ့သော အောင်တံခွန်-၃ ခရီးသည်တင်ရေယာဉ် နစ်မြုပ်မှုနှင့်ပတ်သက်၍ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ကျောက်ဖြူခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ မီးသတ်၊ နာရေး ကူညီမှုအသင်း၊ ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်တွင် ဒေသခံရေငုပ် ကျွမ်းကျင်သူများက နစ်မြုပ်နေသော သင်္ဘောဝမ်းဗိုက်အတွင်း ဝင်ရောက်ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ သင်္ဘောမှာ တစောင်းအနေအထားဖြစ်နေသဖြင့် သင်္ဘောတစ်ခြမ်းကိုသာ ရေငုပ်သမားများက ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်နိုင်ခဲ့သည်။ ထိုသို့ရှာဖွေရာတွင် သင်္ဘောတစ်ခြမ်းအတွင်းမှ ရုပ်အလောင်း ၂၃ လောင်းထပ်မံတွေ့ရှိရ၍ မတ် ၁၆ ရက်ညနေ ၄ နာရီအထိ ရုပ်အလောင်းဆယ်ယူရရှိမှု ကျား+မ ၅၉ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် သေဆုံးသူ မ တစ်ဦး၊ ကျားတစ်ဦး ဆယ်ယူရရှိခဲ့သဖြင့် ယနေ့အထိ သေဆုံးသူ ကျား ၁၄ ဦး၊ မ ၄၇ ဦး ပေါင်း ၆၁ ဦး ရုပ်အလောင်းများ ဆယ်ယူရရှိခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲရှိ ခရီးလမ်းများတွင် လိုက်ပါစီးနင်းသည့်ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်ရှိ အောင်တံခွန်-၇ ရေယာဉ်အား အင်အားဖြည့်တင်းသည့်အနေဖြင့် စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ရခိုင်ဌာနခွဲရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အောင်တံခွန်ရေယာဉ်ငါးစင်းနှင့် ဧဝတီရေယာဉ်သုံးစင်းကိုလည်း ဦးစားပေး၍ အသေးစိတ်စစ်ဆေးပြီး ရေယာဉ်များကြံ့ခိုင်မှုအတွက် ပြင်ဆင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

အဖွဲ့များ၊ အခြေခံပညာကျောင်းသားကျောင်းသူများအတွက် ၁၂ ဦးယှဉ်ပြိုင်မှုများ၊ ဝန်ကြီးဌာနရုံးများနှင့် သီးခြားအဖွဲ့အစည်းများအတွက် ၁၆ ဦးယှဉ်ပြိုင်မှု၊ အလွတ်တန်း ၂၀ ဦးယှဉ်ပြိုင်မှုနှင့် အလွတ်တန်း အမျိုးသား ၁၂ ဦးယှဉ်ပြိုင်မှုများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ စသည်ဖြင့် ပြိုင်ပွဲအမျိုးအစားများ ခွဲခြားထားကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရောက်လိုသည့်အသင်းများမှာ ဧပြီ ၃ ရက်မှ စတင်ကာ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း၊ ကိုးထပ်ရုံး ခုနစ်လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစစ်ဆေးရေးဌာနရုံးတွင် လာရောက်စာရင်း ပေးသွင်းနိုင်ပြီး ပြိုင်ပွဲများကို သင်္ကြန်အတက်နေ့တွင် ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက စစ်ဆေးရေးဌာနသို့ဖြစ်စေ၊ အတွင်းရေးမှူး အကဲဖြတ်လုပ်ငန်းကော်မတီ ဖုန်း-၀၁-၃၇၉၆၉၃သို့ ဖြစ်စေ၊ အကဲဖြတ်လုပ်ငန်းကော်မတီရုံးအဖွဲ့သို့ ဖြစ်စေ လာရောက်စုံစမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**


## အမြန်အလိုရှိသည်။

၁။ ယာဉ်မောင်း (လစာ ၂၅၀၀၀၀ ++) ..... (ကျား) - ၅ ဦး
၂။ Marketing Manager ..... (ကျား/မ) - ၅ ဦး
၃။ Marketing Supervisor ..... (ကျား/မ) - ၅ ဦး
၄။ အုပ်ချုပ်ရေးမှူး (သို့) ကြီးကြပ်ရေးမှူး ..... (ကျား/မ) - ၅ ဦး

စိတ်ပါဝင်စားသူများသည် အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ လိုင်စင် ဓါတ်ပုံ(၂)ပုံနှင့်အတူ အောက်ပါလိပ်စာသို့ (၁)ပါတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(ကျွမ်းကျင်မှုပေါ် မူတည်၍ လစာညှိနှိုင်းနိုင်သည်။)

လူတွေ့စစ်ဆေးမည့်ရက် - ဗုဒ္ဓဟူး၊ စနေ (နေ့လည် - ၁၂နာရီ)
ဆက်သွယ်ရန် - ဝင်းတာယာနှင့် ဘက္ထရီရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## ပြည်တွင်းသတင်း

❀ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခံရပြီး နောက်ပိုင်းတွင်လည်း အချိန်ကုန်၊ ငွေကုန်ခံကာ ခြင်းလုံးအားကစားနည်း တိုးတက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းပါဝင်မည်ဖြစ်ပြီး မြန်မာခြင်းလုံးအဖွဲ့အနေဖြင့် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ စင်ကာပူဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေမှုများ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းတိုးတက်အောင်မြင်ရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးစိုးနိုင်က "မြန်မာခြင်းလုံးအဖွဲ့အနေနဲ့ စင်ကာပူမှာ ကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ ဒီအားကစားနည်းဟာ ကျွန်တော်တို့ရဲ့ ရိုးရာအားကစားနည်းဖြစ်ပေမယ့် တခြားပြိုင်ပွဲဝင် နိုင်ငံတွေအတွက် ပြိုင်ပွဲအမျိုးအစားအားလုံးမှာ ယှဉ်ပြိုင်မှာမဟုတ်ပါဘူး။ ပြိုင်ပွဲတစ်ခုလုပ်မယ်ဆိုရင် အနည်းဆုံး လေးနိုင်ငံရှိဖို့ လိုပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်နိုင်ငံတွေများလာဖို့ ဆောင်ရွက်နေရပါတယ်။ အခုကမ္ဘောဒီးယားအသင်းက နေပြည်တော်မှာ ပူးတွဲလေ့ကျင့်နေပြီး မလေးရှားအသင်းကလည်း ဧပြီလဆန်းမှာ လာရောက်လေ့ကျင့်ဖို့ရှိပါတယ်။ ကျွန်တော်က မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအပြင် အာရှခြင်းလုံးအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတာကြောင့် နိုင်ငံတကာခြင်းလုံးပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ နှစ်စဉ်ကျင်းပသွားမှာဖြစ်သလို တခြားနိုင်ငံတွေမှာလည်း ကျင်းပသွားဖို့ရှိပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နဲ့ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ရဲ့ ဥက္ကဋ္ဌဖြစ်တာကြောင့် အားကစားနည်းနှစ်ခုစလုံးမှာ မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာဖို့ သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်သွားဖို့ရှိပါတယ်။ အဲဒီသင်တန်းကျောင်းကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နား တည်ဆောက်ဖို့ စီစဉ်ထားပြီးတည်ဆောက်ခွင့်ရဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြထားပါတယ်။ ကျွန်တော်ဝယ်ယူထားတဲ့မြေကို အဖွဲ့ချုပ်ပိုင်အဖြစ် လှူဒါန်းသွားမှာဖြစ်ပြီးပိုက်ကျော်ခြင်းနဲ့ ခြင်းလုံးမျိုးဆက်သစ် ကစားသမားတွေ သင်ကြားပေးဖို့ သင်တန်းကျောင်းတည်ဆောက်မှာပါ။ နိုင်ငံတကာကိုလေ့လာကြည့်တဲ့အခါမှာ အားကစားသင်တန်းကျောင်းတွေရဲ့ ဘေးမှာဆိုင်တွေ၊ ဟိုတယ်တွေတည်ဆောက်ထားပြီး အဲဒီကရတဲ့ငွေနဲ့ အဖွဲ့ချုပ်တွေက ကိုယ်ပိုင်ရန်ပုံငွေအဖြစ် အသုံးပြုနိုင်မှာပါ။ ကျွန်တော့်အနေနဲ့လည်း သင်တန်းကျောင်းဘေးမှာ ဟိုတယ်တစ်ခု တည်ဆောက်သွားမှာဖြစ်ပြီး အဲဒီကရတဲ့ဝင်ငွေနဲ့ သင်တန်းကျောင်း၊ ပိုက်ကျော်ခြင်းနဲ့ ခြင်းလုံးအဖွဲ့ချုပ်တွေ ရေရှည်ရပ်တည်နိုင်ဖို့ အသုံးပြုသွားမှာပါ။ သင်တန်းကျောင်းကို ခွင့်ပြုချက်ရတာနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပြီး တစ်နှစ်အတွင်းတည်ဆောက်သွားမှာပါ။ အားကစားနည်းတစ်ခု တိုးတက်အောင်မြင်ဖို့ အဖွဲ့ချုပ်တစ်ခုတည်းဆောင်ရွက်ဖို့မဖြစ်နိုင်ဘဲသက်ဆိုင်ရာတာဝန်ရှိသူတွေက ပံ့ပိုးကူညီအားပေးမှသာ အလျင်အမြန်တိုးတက်မှာပါ" ဟု ပြောကြားသည်။

ဆက်လက်၍ ဦးစိုးနိုင်က "လာမည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲမှာ ခြင်းလုံးအားကစားနည်းပါဝင်ဖို့ ကြိုးပမ်းနေတာ တော်တော်နီးစပ်နေပါပြီ။ အရင်က ခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပဖို့ အစီအစဉ်လုံးဝမရှိပေမယ့် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ လက ကျွန်တော်ကိုယ်တိုင် မလေးရှားအားကစားဝန်ကြီးအပါအဝင် တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းခဲ့ရာမှာ ပါဝင်ဖို့ အလားအလာ အလွန်ကောင်းနေပါပြီ။ မတ် ၁၉ ရက်မှာ နောက်ဆုံးအကြိမ် သွားရောက်ဆွေးနွေးမှာပါ။ ခြင်းလုံးအားကစားနည်းဟာ မြန်မာ့ရိုးရာအားကစားနည်းဖြစ်ပြီး အခုအာရှအဆင့်ရောက်နေပါပြီ။ ကမ္ဘာ့အဆင့် ပြိုင်ပွဲတွေ ပြုလုပ်နိုင်ဖို့ ကြိုးပမ်းနေပြီး ကမ္ဘာ့အဆင့်ရောက်လာပြီဆိုရင် မြန်မာနိုင်ငံအတွက် အလွန်ကို ဂုဏ်ယူစရာကောင်းသွားမှာပါ။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ ငွေကြေးအများအပြားသုံးစွဲပြီး စိတ်ရောကိုယ်ပါနှစ်ပြီး ဆောင်ရွက်နေတာပါ"ဟု ပြောကြားခဲ့သည်။

## လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ



☆ *ရှေ့ဖုံးမှ*

ပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မတ် ၁၆ ရက် မွန်းလွဲပိုင်းမှစတင်၍ လက်နက်ကြီးပစ်ကူရယူပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ကိုးကန့်သောင်းကျန်းသူ အင်အားစုများက မြေအနေအထား အသာစီးရယူ၍ ခံစစ်ကျင်းများတူးကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်မှုကြောင့် ည ၇ နာရီခန့်တွင် သောင်းကျန်းသူများ တောင့်ခံနိုင်ခြင်းမရှိဘဲ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့် ပတ်ဝန်းကျင်ရှိ တောင်ကုန်းအချို့အား သိမ်းပိုက်နိုင်ခဲ့သည်။

တချိန်တည်းတွင် ပွိုင့်-၁၄၆၈ တောင်ကုန်း၏ မြောက်ဘက် တောင်ကုန်းများ၌ တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအင်အားစုများ ထိတွေ့တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ကုန်းကြမ်းမြို့ မြောက်ဘက်ရှိ လော်ကွာကျိုင်းကျေးရွာ အရှေ့မြောက်ဘက် မာလုရွှေကျေးရွာ တစ်ဝိုက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ နေရာ(၃) နေရာတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မာလုရွှေကျေးရွာ အရှေ့မြောက်ဘက် တောင်ကုန်းတွင် ဖြန့်ခွဲနေရာယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့မှာ တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး မာလုရွှေကျေးရွာမြောက်ဘက် (၂)နေရာတွင် ဖြန့်ခွဲအခြေပြု၍ ခုခံလျက်ရှိသော သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်ထိန်းချုပ် တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခိုအောင်းနေထိုင်ကြောင်း သတင်းအရ လောက်ကိုင်မြို့ အနီးရှိ အဆောက်အအုံတစ်လုံးအား တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့ရာ မြေအောက်ခန်းအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် ၅ ကီလိုဂရမ် ၁ ထုပ်(ကာလတန်ဖိုး ကျပ်သိန်း ၁၀၀၀ ခန့်)၊ အဖြူရောင် အက်ဖက်ဒရင်းအမှုန့် ၅.၇၅ ကီလိုဂရမ် ၁ ထုပ် (ကာလတန်ဖိုး ကျပ်သိန်း ၁၅၀ ခန့်) နှင့်အဝါရောင်အမှုန့် ၃၀၀ ဂရမ်ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါ တိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ MNDAA ယူနီဖောင်းဝတ်အလောင်း ၃ လောင်း၊ လက်နက်ငယ် ၂ လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် ၃ ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့၍ ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၃၆၀၆၊ Mitsubishi Canter FE 5688/ လိုက်ထရပ်ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ထွန်းလေး ၁၀/မဒန(နိုင်)၁၄၁၀၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 4C/6627၊ TOYOTA HILUX Vigo ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆွမ်ဆီ ၁၃/ကတန(နိုင်)၁၁၆၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ တာချီလိတ်**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 9 Mar
Mon to Thurs-10:00-12:00am 9 Mar
Sat & Sun - 9:00-12:00 am 14 Mar
Mon toThurs 1-3-5pm 16,30 Mar
Mon to Thurs-5:30-7:30pm 16 Mar
Sat & Sun - 12:30-3:30 pm 21 Mar

**Pre-Intermediate English**
Mon to Thurs-70:30-9:30 am 3 Mar
Sat & Sun - 12:30-3:30 pm 7 Mar
Mon toThurs 10:00-12:00am 23 Mar
Mon to Thurs-1:00-3:00 pm 23 Mar
Mon to Thurs-5:00-7:00 pm 23 Mar

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 3 Mar

**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 7 Mar
Mon to Thurs - 3:30-5:00 pm 9 Mar
Mon to Thurs - 1:00-2:30 pm 30 Mar

**Intermediate English**
Mon to Thurs-1:00-3:00 pm 23 Mar

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am30 Mar

**Structure & Written Expression**
Mon to Thurs-1:00-3:00pm 16 Mar
Sat & Sun - 9:00-12:00 am 21 Mar
Sat & Sun - 12:30-3:30-6:30pm 14,21Mar
Mon to Thurs-3:00-4:30-6:00pm 30 Mar

**Basic Writing Course**
Mon to Thurs - 3:00 - 4:30pm 23 Mar
Mon to Thurs-3:45-6:15 pm 28 Mar
Sat & Sun - 12:30-3:30 pm 28 Mar
SAT Mon to Thurs -3:30-5:00pm 30 Mar
TOEFL Mon to Thurs-5:30-7:00pm 30 Mar
IELTS(Foundation) Mon&Thurs 5:30to7:00pm 30 Mar
IELTS(Test Practice) San&Sun 10:30to12:30am 28 Mar
IELTS(Speaking) San&Sun 1:00to3:30pm 28 Mar

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 28 Mar

နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5&6 Mon to Thurs : 8-10am 16 Mar
Level II G - 7&8 Mon to Thurs : 8-10am 16 Mar
Level III G - 9&10 Mon toThurs:8-10am 16 Mar

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

Pleasant Times Travels & Tours
Release Your stress with Pleasant Times
Scania & Man Coach
ထားဝယ်-ရှင်ကိုးရှင် Flight (Mar:27,April:12,17)
တောင်ကြီး(Mar:26,April:12,13,17)
မန္တလေး-ပြင်ဦးလွင်-မင်းကွန်း(Mar:26,April:12)
ပုဂံ (Mar:26,April:12)
မုံရွာ-အလောင်းတော်ကဿပ(Mar:26,April:13)
ငွေဆောင်(Mar:27,April:13)
မူဆယ်-ကြယ်ဂေါင်-ရွှေလီ(Mar:26,April:11)
မန်းရွှေစက်တော်(Mar:20,26)
မော်လမြိုင်-စက်စဲ (Mar:21,26,27)
ပြည်(အကောက်တောင်)(Mar:21,26,27)
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Tel: 01-500993, 09-73158702, 09-73072661, 09-420029003


### ကမ္ဘာ့ကျောက်ကပ်နေ့အထိမ်းအမှတ်အခမ်းအနား

(၁၀)ကြိမ်မြောက် ကမ္ဘာ့ကျောက်ကပ်နေ့အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။

**Kidney Health For All**

**ကျောက်ကပ်ကျန်းမာအားလုံးအတွက်ပါ**

**နေ့ရက်** - ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈း၀၀-၉း၀၀နာရီ ကျန်းမာရေးစစ်ဆေးခြင်း
နံနက် ၉း၀၀-မွန်းတည့် ၁၂း၀၀နာရီ - ကျန်းမာရေးပညာပေးဟောပြောခြင်း
**နေရာ** - သူနာပြုတက္ကသိုလ်၊ ရန်ကုန်

**ကမ္ဘာ့ကျောက်ကပ်နေ့အထိမ်းအမှတ်**
**ကျင်းပရေးကော်မတီ**

# ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာမိဘများထံသို့ ပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့်အဖွဲ့မှ အကြမ်းဖက်မှုများကြောင့် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သူများထဲတွင် တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ကြားနိုင်ရေး မိဘများအပေါ် စာနာထောက်ထားသောအားဖြင့် ကျူးလွန်သောပြစ်မှုများအပေါ် သက်ညှာ၍ မိဘ/အုပ်ထိန်းသူများအား ခေါ်ယူပြီး စနစ်တကျ ပြန်လည်အပ်နှံပေးလျက်ရှိရာ မတ် ၁၂ ရက်မှ မတ် ၁၄ ရက်ထိ ကျောင်းသား ၁၉ ဦး၊ ကျောင်းသူရှစ်ဦးနှင့် သတင်းထောက်နှစ်ဦး အပါအဝင် စုစုပေါင်း ၂၉ ဦးတို့အား ပြန်လည်အပ်နှံပေးခဲ့ပြီး ဖြစ်သည်။ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် ပွတ်ကုန်းကျေးရွာနေ ဟသ်ာတတက္ကသိုလ် တတိယနှစ် (သင်္ချာ)မှ မောင်ဝေလင်းဟန်(၁၉) နှစ် (ဘ)ဦးမြအောင်အား ဦးလေးဖြစ်သူ ဦးမြင့်ထွန်းထံသို့ ပြန်လည်အပ်နှံပြီးဖြစ်၍ ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ သတင်းထောက်နှစ်ဦး စုစုပေါင်း ၃၀ တို့အား မိဘ/အုပ်ထိန်းသူတို့ထံ ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့်**

**သတင်းထောက်(၂)ဦးနှင့် မိဘများထံပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း**

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | ၁၂-၃-၂၀၁၅မှ ၁၄-၃-၂၀၁၅ ထိ အပ်နှံပြီး | | | ၁၇-၃-၂၀၁၅ | | | စုစုပေါင်း အပ်နှံပြီး | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | စစ်ကိုင်း | ၂ | - | ၂ | | | | ၂ | - | ၂ | |
| ၂ | ပဲခူး | ၁ | - | ၁ | | | | ၁ | - | ၁ | |
| ၃ | မန္တလေး | ၉ | ၂ | ၁၁ | | | | ၉ | ၂ | ၁၁ | |
| ၄ | မွန် | ၁ | | ၁ | | | | ၁ | - | ၁ | |
| ၅ | ရန်ကုန် | ၄ | ၅ | ၉ | | | | ၄ | ၅ | ၉ | |
| ၆ | ရှမ်း (တောင်) | ၁ | - | ၁ | | | | ၁ | - | ၁ | |
| ၇ | ဧရာဝတီ | ၁ | ၁ | ၂ | ၁ | - | ၁ | ၂ | ၁ | ၃ | |
| | ပေါင်း | ၁၉ | ၈ | ၂၇ | ၁ | - | ၁ | ၂၀ | ၈ | ၂၈ | |
| | သတင်းထောက် | ၂ | - | ၂ | | | | ၂ | - | ၂ | |
| | စုစုပေါင်း | ၂၁ | ၈ | ၂၉ | ၁ | | ၁ | ၂၂ | ၈ | ၃၀ | |

## ပြည်တွင်းသတင်း

### ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုသူ ၅၄၇၃၃၇ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၄၇၃၃၇ ဦးရှိပြီး မြန်မာစာဘာသာရပ်ဖြေဆိုခဲ့သည့်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၀၃၃၁ ဦး လျော့နည်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

### တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ် အေးချမ်းစွာဖြေဆို

**ဟိုပန်**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲအား မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့ ရူပဗေဒဘာသာရပ်တွင်လည်း စာရင်းရှိ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၉၁ ဦး ပေါင်း၁၂၄ ဦးအနက် ဖြေဆိုသူ ကျောင်းသား ၃၂ဦး ၊ ကျောင်းသူ ၈၄ ဦး ပေါင်း ၁၁၆ ဦး ရှိခဲ့ပြီး ဖြေဆိုမှု ၉၃ ဒသမ ၅၅ ရာခိုင်နှုန်း ရှိခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

**မူဆယ်**

မူဆယ်ခရိုင်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်သို့ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ဦးရေမှာ ၃၃၈၁ ဦးရှိပြီး လာရောက်ဖြေဆိုသူမှာ ၃၂၁၂ ဦးရှိသည်။ ဖြေဆိုရန်ပျက်ကွက်သူဦးရေမှာ ၁၆၉ ဦးရှိသည်။ မူဆယ်ခရိုင်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို ရာခိုင်နှုန်းမှာ ၉၅ ဒသမ ၀၀ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**မြစ်ကြီးနား**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအား မတ် ၁၁ ရက်မှစ၍ ကျင်းပလျက်ရှိရာ မတ် ၁၇ ရက်က သိပ္ပံဘာသာတွဲမှ ရူပဗေဒဘာသာရပ်အား ကချင်ပြည်နယ်အတွင်း ခရိုင်လေးခုမှ ကျောင်းသား ကျောင်းသူ ၂၂၈၁၁ ဦး တက်ရောက်ဖြေဆိုခဲ့သည်။ **မိုးဃ်ကျ(မြစ်ကြီးနား)**

**မန္တလေး**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ယနေ့စစ်မေးသည့် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ကျောင်းသူ ကျောင်းသားပေါင်း ၈၆၀၈၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၂၁ ရှိကာ ပျက်ကွက်ဦးရေ၄၃၂၇ ဦးရှိခဲ့သည်။ အဆိုပါစာမေးပွဲကို မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်နှင့်မြို့နယ်အလိုက် သတ်မှတ်ထားသည့်စာဖြေဌာန ၁၆၁ ခုတွင် ဖြေဆိုခဲ့ကြသည့်အပြင် ဆေးရုံကြီးရှိစာဖြေဌာနတို့၌လည်း ကျောင်းသူ ကျောင်းသား ၁၃ ဦး တက်ရောက် ဖြေဆိုခဲ့ကြသည်။ **တင်မောင်(မန္တလေး)**


# (၄၂)နှစ်မြောက်မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင်ချစ်ဖေဖေ ဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်နှင့် ချစ်မေမေ ဒေါ်ဝေဝေတို့၏ ၁၈-၃-၂၀၁၅ရက်တွင် ကျရောက်သော (၄၂)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အတူလျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားကြီး** - ကိုဥက္ကာထွန်း (Unique Value Co.,Ltd.)- မမျိုးကလျာထွေး
**ချစ်သမီးကြီး** - မစန္ဒီထွန်း (Ever Right Trading Co.,Ltd.)
**ချစ်သမီးလတ်** - Captain ကိုကိုယု (MAI) -
မဖြူသန့်ထွန်း (MAI In-Flight Catering Services)
**ချစ်သမီးငယ်** - မယဉ်မင်းထွန်း (Golden New Idea Co.,Ltd.)
**ချစ်မြေးများ** - ဆုမြင့်မိုရ်ထွန်း(ဖွေးဖွေး)၊ စွမ်းသုတထွန်း (သျှိုင်းသျှိုင်း)၊
လင်းသုတအောင် (လင်းလင်း)



**သန်းဌေးနှင့်ရောင်းရင်းများ ၏ သဘြင်္ခရီးစဉ်များ**

**MAR - 20/26/27, APR - 3/10/11/12/နှစ်ဆန်းတစ်ရက် -17/24**

ရွှေစက်တော်နှင့် လမ်းဘုရားစုံ (၄) ရက် ဆက်၍ ပုဂံ၊ ပုပ္ပား (၅) ရက် (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) (၈) ရက် အားလုံးပါ (၁၂) ရက်။ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ (၈) ရက်။ ရွှေစက်တော်၊ အလောင်းတော် (၅) ရက်။ မန္တလေး၊ မုံရွာ၊ အလောင်းတော်၊ ပြင်ဦးလွင် (၅) ရက်။ မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇) ရက်။ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅) ရက် လှိုင်ကော်ပါ (၆) ရက်။ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၆) ရက်/ မြိတ်ပါ (၈) ရက်။ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၃) ရက်။ ကျိုက်ထီးရိုး၊ ချောင်းသာ (သင်္ကြန်တွင်း နေ့စဉ် ထွက်မည်။) လွန် ပြည်၊ အကောက်တောင်၊ နဂါးရုပ်၊ မဲလ် - နေ့ချင်းပြန် (စနေ/တနင်္ဂနွေ)

ပင်ရင်း **ကြိုတင်လက်မှတ်ရောင်းပြီ။**

(၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422



Marketing Manager ကျား/မ(၁)ဦး အလိုရှိသည်။ အသက် ၃၅ နှစ်အထက်ဖြစ်ပြီး MLM လုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃နှစ်အထက် ၅နှစ်အထက် ရှိသူကို ပိုဦးစားပေးမည်။ စိတ်ပါဝင်စားပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်(HBS) ၀၁-၃၇၆၅၈၅**



**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ခင်လေးသန်း ၁၀/ခဆန(နိုင်)၀၃၈၈၄၃၏ Psno(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၇၀၇၁၀**



**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မြင့်ရီ ၁၀/မဒန(နိုင်)၀၆၈၁၂၈၏ Psno 719977 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**



**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**အိတ်ဖွင့်လေလံကြော်ငြာ**

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း (Sludge Oil) များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်ရက်** - ၂၄-၃-၂၀၁၅ ရက် (အင်္ဂါနေ့)
**အချိန်** - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း (စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၈-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**



**အများသိစေရန်အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၇၊ အနီးစခန်းကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ မောင်ထွန်းထွန်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ မောင်ထွန်းထွန်းနိုင်နှင့် မစိုးမြတ်မြတ်ခိုင်တို့သည် ၁၃-၂-၂၀၁၅ ရက်၌ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်တရားရုံးတော်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ထိုသို့လက်ထပ်ထိမ်းမြားခြင်းမှာ ကျွန်ုပ်မိတ်ဆွေသည် လွတ်လပ်သောသူတစ်ဦးဖြစ်သကဲ့သို့ တစ်ကြိမ်တစ်ခါကမျှ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ထိမ်းမြားလက်ထပ်ခဲ့ဖူးခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ထိမ်းမြားလက်ထပ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ဇနီးဖြစ်သူအား တစ်စုံတစ်ဦးကမျှ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ အိမ်ထောင်ရေးပြိုကွဲအောင် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ထိုသို့ အသိပေးကြေညာလျက်နှင့်အထက်ပါကိစ္စရပ်များဆောင်ရွက်လာသူ မည်သူတစ်ဦးတစ်ယောက်ကိုမဆို ကျွန်ုပ်မိတ်ဆွေမှ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မောင်ထွန်းထွန်းနိုင်**
၉/ပဥလ(နိုင်)၀၂၀၉၃၆

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော် LL.B**
(စဉ်-၁၀၃၉၂) တရားလွှတ်တော်ရှေ့နေ



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သန်းဝင်းအောင် ၁၀/မလမ(နိုင်)၂၃၃၅၆၈ ၏ Psno-(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၇၀၅၉၅**



**အမည်မှန်**

ပုသိမ်မြို့၊ မုန်စက်ရုံ၊ ကြည်သာစံပြကျေးရွာနေ ဒေါ်ဝေဝေဌေး၏ အမည်မှန်မှာ ဒေါ်ခင်ဌေး(ဘ-ဦးသောင်းဖေ) ၁၄/ပသန(နိုင်)၀၁၆၇၂၆ ဖြစ်ပါသည်။

**ဒေါ်ခင်ဌေး**



**သင်္ချာကျော်ဝိုင်** M.Sc. (Maths). Final

၂၀၁၅-၂၀၁၆ စာသင်နှစ်အတွက် ၇၊၈၊၉၊၁၀တန်း Aircon စာသင်ခန်းမ

**ဝိုင်** (၃)လပြတ်နှင့်ပုံမှန်(နှစ်လုံးပေါက်)သင်တန်း
**သင်္ချာ၊ ဘာသာစုံ**
**ပိုင်းနှင့်ခေါက်ဒါ**

၁၅-၃-၂၀၁၅ စမည်။

အမှတ်-၂၁၂ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်)၊ အနော်ရထာလမ်းထိပ်
Ph:09-250359833, 09-253034191, 09-796313677

ပြည်တွင်းသတင်း

# Solar Impulse-2 နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ မတ် ၂၀ ရက်တွင်ကျင်းပမည်

**နေပြည်တော် မတ် ၁၇**

နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse-2 ဆိုက်ရောက်မည့်ရက်မှာ ရာသီဥတုအခြေအနေအရ မတ် ၁၉ ရက်သို့ ပြောင်းလဲသွားသည့်အတွက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပမည့် Solar Impulse-2 သတင်းစာရှင်းလင်းပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုအခြေအနေကြောင့် လေယာဉ်ဆိုက်ရောက်မည့်ရက်မှာ ထပ်မံ၍ အပြောင်းအလဲရှိကောင်းရှိနိုင်မည်ဖြစ်ခြင်းကြောင့် မတ် ၁၉ ရက်တွင် ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း TODAY Ogilvy Public Relations က မီဒီယာများသို့ အကြောင်းကြားထားသည်။

မတ် ၂၀ ရက်တွင်ကျင်းပမည့် အစီအစဉ်အနေဖြင့် နံနက် ၇ နာရီခွဲတွင် မန္တလေးဘူတာကြီးရှေ့မှ ကြိုပို့ဆောင်ရွက်ပေးမည့် ဘတ်စ်ကားကြီးများ ထွက်ခွာမည်ဖြစ်ပြီး Solar Impulse သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီခွဲအထိလည်းကောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ပျံသန်းရေးတွင် ပံ့ပိုးကူညီပေးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် ABB ၏ သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီခွဲမှ နံနက် ၁၁ နာရီအထိလည်းကောင်း၊ Solar Impulse-2 လေယာဉ် လေ့လာရေးကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောသရ ပျံလွန်တော်မူ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တကောသရ ဆရာတော်ကြီးသည် သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် မတ် ၁၆ ရက် (တနင်္လာနေ့) နံနက် ၆ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် မတ် ၂၂ ရက်(တနင်္ဂနွေနေ့)တွင် ပခုက္ကူမြို့နယ် ပြင်စည်စံပြကျေးရွာသို့သယ်ဆောင်၍ အန္တိမစျာပနအခမ်းအနားဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူငယ်အထူးတရားစခန်းများဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးအတွင်း၌ ဒုတိယအကြိမ်မြောက် အသက် ၁၄ နှစ်မှ ၃၀ နှစ်အတွင်း လူငယ်အထူးတရားစခန်းပွဲကို မတ် ၂၅ မှ ဧပြီ ၃ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချမ်းမြဝတီရပ် အနော်ရထာလမ်း ဓမ္မရံသီမိုးကုတ်ရိပ်သာ လူငယ်အထူးတရားစခန်း ဖွင့်ပွဲအခမ်းအနားကိုလည်း မတ် ၂၇ ရက် နံနက် ၇ နာရီတွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ တရားစခန်းဝင်ရောက်လိုသော လူငယ်များအနေဖြင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မတ် ၂၀ ရက်မှစတင်၍ ဖုန်း-၀၈၆-၂၀၂၇၄ နှင့် ၀၈၆-၂၀၇၉၇ တို့ကိုဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**


ဂန္ထဝင်ရွှေပုဂံ Travels & Tours

No.67, Baho Rd,Sanchaung Township,
Ph: 01-500191,519292,519293,510491,
519360,09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339

* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

| | | |
|---|---|---|
| ဗန်ကောက် | (၆)ရက် | USD 720 |
| ဗန်ကောက်+ဖူးခက် | (၆)ရက် | USD 1100 |
| စင်ကာပူ | (၄)ရက် USD 880 / (၅)ရက် | USD 1000 |
| စင်ကာပူ+မလေးရှား | (၈)ရက် | USD 1400 |
| ဘာလီ+စင်ကာပူ | (၈)ရက် | USD 1500 |
| ဘာလီ+ဂျော့ဂျာကာတာ | (၅)ရက် | USD 1250 |
| ဗီယက်နမ်+ကမ္ဘောဒီးယား | (၈)ရက် | USD 1350 |
| မော်လဒိုက် | (၅)ရက် | USD 1700 (မှစ၍) |
| သီရိလင်္ကာ | (၇)ရက် | USD 1400 |
| စီအမ် (တာရာကိုတာရုပ်တု)+ချန်ဒူး | (၈)ရက် | USD 1900 |
| ဂျပန် | (၉)ရက် | USD 3200 |
| ကိုရီးယား | (၈)ရက် | USD 2000 |
| ရုရှား | (၉)ရက် | USD 1700 |
| ပီကင်း+ရှန်ဟိုင်း+ကူမင်း | (၈)ရက် | USD 1800 |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၈)ရက် | USD 1700 |
| နော်ဝေး+ဆွီဒင်+ဒိန်းမတ်+ဖင်လန် | (၁၂)ရက် | USD 5300 |
| ဒူဘိုင်း+အဘူဒါဘီ | (၇)ရက် | USD 1950 |
| ဩစတြေးလျ | (၁၁)ရက် | USD 4500 |
| ဥရောပနိုင်ငံကြီး (၈) နိုင်ငံ | (၁၅)ရက် | USD 4800 |
| အမေရိကန် | (၁၆)ရက် USD 6700 / (၂၀)ရက် | USD 7700 |

ဗီယက်နမ်သီးသန့် (၅ညအိပ်/၆ရက်) ခရီးစဉ်အတွက်
(ဘိုကင်တင်ပြီး မလိုက်ရသူများအတွက် ခရီးစဉ်အသစ်ထပ်မံစီစဉ်နေပါသဖြင့် ထွက်ခွာမည့်ရက်ကို ထပ်မံကြေငြာပါမည်။)

ကျောက်မျက်ရတနာဆိုင် နှင့် တိုင်းရင်းဆေးဆိုင်များမသွားပါ။

SALE NOW ON!
ဘာလီ ယခင်ဈေး ~~USD 1100~~
ယခုဈေး USD 980
Last Call Sale




ပြည်တွင်းသတင်း

# တစ်ဟုန်ထိုးတိုးတက်ဖွံ့ဖြိုးလာမည့် မူဆယ်မြို့မှ ဗဟိုစီးပွားရေးဇုန်စီမံကိန်း

သတင်းဆောင်းပါး-တင်လှိုင်(မိတ္ထီလာ)



ယဉ်ကျေးမှုစင်တာတစ်ခုနှင့် စားသောက်ဆိုင်တန်းများပါဝင်ကာ နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည့် ဟိုတယ်ပုံစံကို တွေ့ရစဉ်။

မူဆယ်မြို့သည် တရုတ်ပြည်နယ်စပ်မြို့ဖြစ်သည်။ မူဆယ်မြို့သည် ခရိုင်မြို့ကြီးဖြစ်သည်။ မူဆယ်ခရိုင်တွင် မူဆယ်၊ နမ့်ခမ်း၊ကွတ်ခိုင်၊ ကျူကုတ်၊ ပန်ဆိုင်း၊ မုန်းကိုး နှင့်မန့်ဟီးရိုးမြို့နယ်များပါဝင်သည်။ မူဆယ်မြို့ပေါ်တွင် ရပ်ကွက်ကြီးကိုးရပ်ကွက်ရှိသည်။ မူဆယ်သည် တရုတ်နယ်စပ်မြို့ဖြစ်သဖြင့် ရွှေလီမြစ်တစ်ဖက်ကမ်းတွင် တရုတ်ပြည်ရှိသည်။ မူဆယ်တစ်ဖက်ကမ်း ရွှေလီမြစ်ဘက်တွင် ရွှေလီ၊ ကြယ်ခေါင် မြို့ကြီးများမှ မိုးမျှော်တိုက်ကြီးများကို မူဆယ်ဘက်မှလှမ်းမြင်နေရသည်။ ဤကဲ့သို့ ရွှေလီမြစ်တစ်ဖက်ကမ်း တစ်ဖက်နိုင်ငံ၏ လူမှုအဆောက်အအုံသစ်များနှင့် လိုက်လျောညီထွေ ရင်ပေါင်တန်းရပ်တည်နိုင်ရန်အတွက် မူဆယ်မြို့ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းကြီး ကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

မူဆယ်နယူးစတားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် မူဆယ်မြို့ တိုးတက်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခု ဧပြီလမှစ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် အကျိုးတူပူးပေါင်း၍ မူဆယ်ဗဟိုစီးပွားရေးဇုန်အဖြစ် ဇုန်(၁)လမ်းလျှောက်ဈေးနှင့် လူနေဆိုင်ခန်းဧရိယာများ၊ ဇုန်(၂)ပြည်သူ့ဝန်ဆောင်မှုဧရိယာ၊ ဇုန်(၃)ဟိုတယ်နှင့် စားသောက်ခန်းဧရိယာ ဇုန်(၄)နှင့်(၅)လုံးချင်းအိမ်ရာများ၊ ဇုန်(၆)အပန်းဖြေစခန်းနှင့် တောင်ပေါ်အိမ်ရာဟူ၍ ဇုန် ခြောက်ဇုန်ခွဲ၍ မြေဧရိယာ ၂၈၈ ဒသမ ၁၆ ဧကပေါ်တွင် အဆောက်အအုံများ စတင်ဆောက်လုပ်နေပြီဖြစ်သည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်ကြီးခြောက်ခုကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ တရုတ်-မြန်မာနယ်စပ်တစ်လျှောက် အဓိကကုန်စည်စီးဆင်းသည့် နေရာဖြစ်၍ ကုန်သွယ်မှုဗဟိုဌာန ဖြစ်ပေါ်လာစေရေး၊ မူဆယ်မြို့ကို သာယာလှပ ခေတ်မီ တိုးတက်ဖွံ့ဖြိုးလာခြင်းဖြင့် နိုင်ငံခြားခရီးသွားများ ဝင်၊ ထွက်သွားလာလည်ပတ်မှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများနိုင်ငံခြားငွေပိုမိုရရှိရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး စသည့်ရည်ရွယ်ချက်များဖြင့် စီးပွားရေးဇုန်ကို တည်ဆောက်ခြင်းဖြစ်သည်ဟု ဆိုသည်။

မူဆယ်စီးပွားရေးဇုန်တည်ဆောက်ရန်အတွက် သိမ်းယူထားသော လယ်ယာ၊ ဥယျာဉ်ခြံမြေများ နစ်နာကြေးပေးခဲ့ရာ လယ်မြေတစ်ဧက ငွေကျပ်သိန်း ၂၄၀၊ ကိုင်း၊ ကျွန်း တစ်ဧကငွေကျပ်သိန်း ၁၂၀၊ ဥယျာဉ်ခြံတစ်ဧကငွေကျပ်သိန်း ၁၅၀ နှင့်ယာမြေတစ်ဧကငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် လျော်ကြေးပေးခဲ့ရာ မြန်မာနိုင်ငံတွင် လယ်ယာမြေလျော်ကြေး အများဆုံးပေးခဲ့သော ကုမ္ပဏီဖြစ်သည်။ မူဆယ်စီးပွားရေးဇုန် စီမံကိန်းတည်ဆောက်ရာတွင် မြို့ပြစီမံကိန်းနှင့် ညီညွတ်မှုရှိစေရန် ပြည်သူတို့၏ လူမှုစီးပွားရေးထိခိုက်မှုမရှိစေရန်၊ မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်အတွက် မြို့နယ် အုပ်ချုပ်ရေးမှူးဦးဆောင်၍ ခရိုင်မြေစာရင်း၊ သစ်တောစီမံကိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနအကြီးအကဲများပါဝင်သောအဖွဲ့သည် စီမံကိန်းအတွင်း ကွင်းဆင်းစစ်ဆေးပြီးနောက် (၂၇-၉-၂၀၁၂) ရက်နေ့က ဤစီမံကိန်းကြီး ဆောင်ရွက်သင့်ကြောင်း အတည်ပြုခဲ့သည်။

မူဆယ်စီးပွားရေးဇုန် ခြောက်ခုတွင်ဇုန်(၁)သည် မူဆယ်ဗဟိုစီးပွားရေးဇုန်၏ အချက်အချာနေရာဖြစ်သည်။ လမ်းမကြီးတစ်လျှောက်တွင် ကုမ္ပဏီရုံးချုပ်ပြခန်းများ၊ ရုံးခန်းများ၊ ဘဏ်များ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများနှင့် ကျောက်စိမ်းပြခန်းများပါဝင်မည်ဖြစ်ပြီး ရွှေလီမြစ်အနီးတွင် တည်ရှိသည်။

ဇုန်(၂)မှာ ပြည်သူ့ဝန်ဆောင်မှု ဧရိယာဖြစ်ပြီး အများအားဖြင့် ဘဏ်၊ ရုံးခန်း၊ ဆက်သွယ်ရေးဌာန၊ ကားရပ်နားစခန်း၊ ရဲစခန်း၊ မီးသတ်၊ အုပ်ချုပ်ရေးရုံးနှင့် လူနေဆိုင်ခန်းများ ပါဝင်မည်ဖြစ်သည်။

ဇုန်(၃)တွင် ဟိုတယ်နှင့်စားသောက်ဆိုင်ခန်းဧရိယာဖြစ်သည်။ ဤဇုန်တွင် ကြယ်လေးပွင့်နှင့်ကြယ်နှစ်ပွင့်အဆင့်ရှိ ဟိုတယ်နှစ်လုံးအပြင်ယဉ်ကျေးမှုစင်တာ တစ်ခုအပါအဝင် စားသောက်ဆိုင်တန်းများပါဝင်သော အမျိုးအစားသုံးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်သည်။

ဇုန်(၄)နှင့်(၅)မှာလုံးချင်းအိမ်ရာများဖြစ်သည်။ လုံးချင်းအိမ်ရာများဖြင့် ဖွဲ့စည်းထားသော ဇုန်များဖြစ်ပြီး ဇုန်အတွင်းနေထိုင်သူများ၊ တွေ့ဆုံပွဲများ၊ မွေးနေ့ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ကလပ်အဆောက်အအုံနှစ်ခုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်သည်။

ဇုန်(၆)မှာအပန်းဖြေစခန်းနှင့်တောင်ပေါ်အိမ်ရာများဖြစ်သည်။ ရွှေလီမြစ်အား အပေါ်စီးမှကြည့်ရှုနိုင်သည့်နေရာတွင် အပန်းဖြေစခန်းတစ်ခုနှင့် သာယာလှပ တင့်တယ်နေချင်စဖွယ် တောင်ပေါ်အိမ်ရာများဖြင့် ဖွဲ့စည်းတည်ဆောက်သွားမည်ဖြစ်သည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း တရားဝင် ဝင်/ထွက်သွားလာနိုင်သောစခန်းသစ်တစ်ခု ပူးတွဲပါရှိလာမည်ဖြစ်သည်။ မူဆယ်စီးပွားရေးစီမံကိန်းဇုန်ကြီးပြီးစီးပါက သုံးထပ်ဆိုင်ခန်းများနှင့် အရောင်းပြခန်း၊ စူပါမားကတ်ကြီးများ၊ ကွန်ဒိုမီယံများ၊ ဘဏ်များ၊ လုံးချင်းအိမ်ရာများ ပါဝင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ရေကောင်းရေသန့်ရရှိခြင်း၊ ဒေသတွင်းလျှပ်စစ်မီးလုံလောက်စွာရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့ခြင်း၊ အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်နိုင်ခြင်း၊ ရေဆိုးထိန်းချုပ်မှုအစီအမံများနှင့် ရေကြီးရေလျှံမှုမှ ကာကွယ်သွားနိုင်မည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့သစ်တစ်ခု ပေါ်ထွန်းလာမည်ဖြစ်သည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်ကြီးကို ခေတ်မီစက်ယန္တရားကြီးများဖြင့် မြေဧက ၂၉၄ ဒသမ ၇၈၉ ဧကပေါ်တွင်မီလီယံ ၁၀၀ ကျော် အကုန်အကျခံ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နေရာ မူဆယ်ဗဟိုစီမံကိန်းကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့သစ်ကြီးတစ်မြို့အဖြစ် ပေါ်လာတော့မည်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက် စွာရေးသားတင်ပြအပ်ပါသည်။

## ဘုတ်ချောင်းရပ် မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်



မြိတ် မတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ဘုတ်ချောင်းရပ်တွင်မီးလောင်ခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများ စေတနာရှင်အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ၊ အစားအစာများကို လှူဒါန်းပေးလျက်ရှိကြရာ မတ် ၁၃ ရက်က မြိတ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မီးဘေးသင့်ခံရသော အိမ်ထောင်စု ၁၃ စုအတွက် မြိတ်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြပြီး စေတနာရှင် အလှူရှင်များက အလှူငွေ၊ ဆန်၊ ဆီ၊ အစားအစာများ၊ အဝတ်အထည်များ၊ သောက်ရေသန့်များ လှူဒါန်းပေးလျက်ရှိကြကြောင်း သိရသည်။

**နိုင်ထူး (iprd)**

## လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

ချောင်းဦး မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့တွင် Daedong လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာမောင်းနှင်ခြင်းနည်းလမ်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲကို သမဝါယမရုံးခန်းမ၌ မတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးကံဌေးက အသင်း၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး Daedong ကုမ္ပဏီမှ Korea အင်ဂျင်နီယာတစ်ဦးက လယ်ယာသုံးစက်ကိရိယာများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၁၂၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၁၃ ရက်မှ ၁၄ ရက်အထိ နှစ်ရက်ကြာ သင်တန်းပို့ချခဲ့ကြောင်းသိရသည်။

**အိအိစိုး(ချောင်းဦး)**

## ဝိဇာတ မွေးနေ့မင်္ဂလာ ပူဇော်ပွဲကျင်းပ

ညောင်လေးပင် မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက်၊ ပန်းငွေရုံတောရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပန်းငွေရုံတောရ ဝင်းရတနာသာသနာ့ရိပ်သာနှင့် ပန်းငွေရုံတောရ ဓမ္မရံသီ သာသနာ့ရိပ်သာ (ကျောက်လုံးကြီး၊ ကန်ဘေးအိုင်၊ ရွှေကျင်မြို့နယ်တို့၏ ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနာဘိဝံသ မဟာထေရ်မြတ်၏ သက်တော်(၈၂)နှစ်ပြည့် ဝိဇာတ မွေးနေ့မင်္ဂလာပူဇော်ပွဲကို မတ် ၁၂ ရက်က မဒေါက်မြို့ ပန်းငွေရုံတောရကျောင်း၌ ကျင်းပသည်။

ဝိဇာတမွေးနေ့ ဓမ္မပူဇာသဘင်ကို မတ် ၁၁ ရက် ည ၇ နာရီက ကျင်းပရာ ပန်းငွေရုံတောရဝင်းရတနာ သာသနာ့ရိပ်သာ၌ သာသနတက္ကသိုလ မဟာဓမ္မာစရိယ (MA Buddhism) မြန်မာစာကထိက ဓမ္မဧရဆရာတော် အရှင်ကဥ္စန နိုင်ငံတော် ပရိယတ္တိသာသန တက္ကသိုလ် (မန္တလေး)က တရားတော်များ ဟောကြားသည်။

မတ် ၁၂ ရက်တွင် သာသနာ့ဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သိရိန္ဒ၊ အရှင်ဩဘာသ၊ အရှင်ဥတ္တမတို့နှင့် သာသနတက္ကသိုလ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ (MA Buddhism) အရှင်ပညာနန္ဒာတို့အား ဂုဏ်ပြုချီးမြှင့်ပူဇော်သည်။ ယင်းနောက် ပန်းငွေရုံတောရ ဝင်းရတနာ သာသနာ့ရိပ်သာအတွင်းရှိ အများကောင်းမှု ဓမ္မဝါစက နှစ်ထပ်ကျောင်းဆောင်နှင့် မိဘများနှင့် အမကြီး ဒေါ်ကီးတို့အားရည်စူး၍ ဦးကျော်စိုး-ဒေါ်အေးမြင့်မိသားစု(ရန်ကုန်)၊ မိဘများအားရည်စူး၍ ဦးအုန်းမြင့်-ဒေါ်ဆွေဆွေမိသားစု (ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပင်ကျေးရွာ) တို့က လှူဒါန်းသော နှစ်ပါးနေ ယောဂီဆောင်နှစ်ဆောင်တို့အားဝိဇာတ မွေးနေ့မင်္ဂလာအဖြစ် လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေပြီး ဆရာတော်ကြီးဝိဇာတမွေးနေ့ မင်္ဂလာပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

**နေလင်း(ညောင်လေးပင်)**

ပြည်တွင်းသတင်း

# ယာဉ်စီးရေထောင်ကျော်ထားနိုင်သည့် အထပ်မြင့်ယာဉ်ရပ်နားစခန်းများ တည်ဆောက်မည်



**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှုကိုဖြေရှင်းမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် အထပ်မြင့် ယာဉ်ရပ်နားရန်နေရာများကို မြန်မာ့မီးရထားပိုင် မြေများပေါ်တွင် ယခုနှစ်အတွင်း တည်ဆောက်အကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့ပေါ်မှာ ယာဉ်ပိုင်ဆိုင်မှုတွေ များလာတာနဲ့အတူ ယာဉ်ထားဖို့နေရာ အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒီအတွက် မြန်မာ့မီးရထားအနေနဲ့ ပိုလျှံတဲ့ မြေတွေပေါ်မှာ အထပ်မြင့်ယာဉ်ရပ်နားစခန်းတွေ ဆောက်လုပ်ဖို့ တင်ဒါခေါ်ယူထားပါတယ်။ ယခုနှစ်အတွင်း ဆောင်ရွက်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါအထပ်မြင့် ယာဉ်ရပ်နားရာနေရာများကို ရန်ကုန်ဘူတာကြီး၌ ယာဉ်စီးရေ ၆၀၀၀ ခန့် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းကို လည်းကောင်း၊ ကြည့်မြင်တိုင်ဘူတာ၌ ယာဉ်စီးရေ ၅၀၀၀ ခန့်ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းကို လည်းကောင်း၊ ပုဇွန်တောင်ဘူတာ၌ ယာဉ်စီးရေ ၁၀၀၀ ခန့် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းကို လည်းကောင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ ထိုသို့ အထပ်မြင့်ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရာတွင် နိုင်ငံတကာအဆင့်မီအဆောက်အအုံများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် တစ်နိုင်ငံလုံးတွင် မော်တော်ယာဉ်စီးရေ ၅၀၀၀ အထိသာရှိခဲ့သော်လည်း ယခုအခါ စီးရေ ခြောက်သိန်းကျော်ရှိလာပြီဖြစ်ကြောင်း၊ ယင်းတို့အနက် လေးသိန်းကျော်မှာ ရန်ကုန်မြို့၌ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်မြို့ တိုက်ခန်းနေပြည်သူအများစုမှာ မော်တော်ကားဈေးနှုန်းများကျဆင်းလာ၍ ကားဝယ်စီးနိုင်လာကြသည်။ ယခင်က ကားဟောင်းများကို ငွေကျပ်သိန်း ၁၀၀ ပေးဝယ်စီးနေရပြီး ယခုအခါ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုကြောင့် ကားသစ်များကို ငွေကျပ်သိန်း ၅၀ ဝန်းကျင်ဖြင့် ဝယ်စီးလာနိုင်ကြသည်။ သို့ရာတွင် ယာဉ်ထားရန်နေရာ အခက်အခဲနှင့်ကြုံတွေ့နေရသည်။

**သတင်း-မောင်နွေသစ်**
**ဓာတ်ပုံ-သက္က**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်လမ်းရှိလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း ထောက်ကြန့်၌ မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် Total E & P Myanmar ရတနာ လုပ်ငန်းစီးပွားအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သွားဘက်ဆိုင်ရာ ဆရာဝန်များက သွားနှင့်ခံတွင်း ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးဦးသန်းထွန်းအောင် ဦးဆောင်၍ အဖွဲ့ဝင် ၁၂ ဦး တို့ပါဝင်သော ဆေးကုသရေးအဖွဲ့က အမျိုးသမီးကလေးများသင်တန်းကျောင်း ထောက်ကြန့်မှ သင်တန်းသူ ၇၉ ဦးအား သွားနှင့်ခံတွင်းစစ်ဆေးခြင်း၊ ဆေးဝါး ကုသခြင်းနှင့် သွားနှင့်ခံတွင်းဖြစ်ပွားတတ်သော ရောဂါများအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ကြသည်။

အဆိုပါသွားနှင့်ခံတွင်းဆိုင်ရာဆေးဝါးကုသမှု၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အမျိုးသမီးကလေးများသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းထွေးနှင့်ဝန်ထမ်းများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လ/ဝ၄၁**

# ပြည်သူများကျန်းမာရေးအတွက် ကွင်းဆင်းကုသပေး

**သီပေါ မတ် ၁၇**

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သံလွင်ထွန်းတို့ ဦးဆောင်မှုဖြင့် ကျောက်မဲခရိုင် ကျန်းမာရေးဦးစီးဌာန ဆေးရုံဆရာဝန်ကြီး ဒေါက်တာအောင်အောင် ကြီးကြပ်၍ ခရိုင်အထူးကု သမားတော်၊ ကလေးအထူးကု သမားတော်၊ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ သွားနှင့်ခံတွင်းဆရာဝန်၊ ဆေးလူမှုဆက်ဆံရေး အရာရှိ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများပါဝင်သည့် ကျန်းမာရေးဝန်ထမ်း များသည် မတ် ၁၄ ရက်က ခရိုင်အတွင်းရှိ ကျေးလက်ဒေသများသို့ ကွင်းဆင်းလျက် ဒေသခံတိုင်းရင်းသားများကို အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နောင်ပိန် တိုက်နယ်ဆေးရုံ၌ သွားဝေဒနာရှင် ၅၄ ဦး၊ ဖျားနာသူ ၂၅၂ ဦး၊ မျက်စိဝေဒနာရှင် ၁၀၁ဦး၊ အခြားရောဂါ ၂၈ ဦးနှင့် ကလေးဝေဒနာရှင် ၄၂ ဦး စုစုပေါင်း ၄၇၇ ဦးတို့ကို ထိုနေ့က အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးသဖြင့် ကျေးလက်နေပြည်သူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



**စိုင်း(သီပေါ)**

# မိုးပွင့် (အထူး)စီမံချက် လှူဒါန်းရေးပိုစတာစိုက်ထူ

**မန္တလေး မတ် ၁၇**

မိုးပွင့်(အထူး)စီမံချက် လှူဒါန်းရေးပိုစတာစိုက်ထူပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် သင်္ဂဇာချောင်းထောင့်တွင် မတ် ၁၄ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး အဆင့်၊ ခရိုင်အဆင့်တာဝန်ရှိသူများ မန္တလေးချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့မှ တာဝန်ရှိသူများနှင့် ရုံးဝန်ထမ်းများတက်ရောက်ကြ၍ မိုးပွင့်(အထူး)စီမံချက် လှူဒါန်းရေးပိုစတာကို စိုက်ထူပေးခဲ့ကြကြောင်း သိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးနိုင်သော အသက် ၁၈ နှစ်ပြည့်ပြီးသူ ၃၁၃၅၉၂၃၉ ဦးရှိသည့်အနက် အမျိုးသား မှတ်ပုံတင်သက် သေခံကတ်ပြားကိုင်ဆောင်သူ ၅၂၀၄၄၄ ဦး၊ ယာယီ သက်သေခံလက်မှတ်ကိုင်ဆောင်သူ ၆၃၇၅၃၁ ဦးနှင့် မည်သည့်လက်မှတ်မှ ကိုင်ဆောင်ခြင်းမရှိသူ ၅၈၆၇၁၁ ဦးစုစုပေါင်း ၁၇၄၄၆၈၆ ဦးရှိကြောင်း၊ ထို့ကြောင့် မိုးပွင့်(အထူး)စီမံချက်ဖြင့်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ ၁၇၄၄၆၈၆ ဦးဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်များဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားကို ခရီးသွားရာတွင်သာ အသုံးပြုရသည်ဟု ယူဆကြသည့်အတွက် ဌာနမှရပ်ကွက်၊ ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်ပေးသော်လည်း စားဝတ်နေရေးအတွက် လုပ်ငန်းများကိုသာ အလေးထားပြီး နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ခြင်းမရှိသဖြင့် လျှောက်ထားရန် ကျန်ရှိနေဆဲဖြစ်ကြောင်း ပြည်သူတစ်ဦးသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိရန် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် လျှောက်ထားရမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးသည် ကာယကံရှင်၏လျှောက်ထားရန် တာဝန်သာ ဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **တင်မောင်-မန္တလေး**

# Taxi Stand များ တည်ဆောက်ပေးရန် မထသ(ဗဟို)ကွင်းဆင်းလေ့လာ

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိနေသော အငှားတက္ကစီယာဉ်များအား စီးတီးတက္ကစီအဖြစ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီ မထသ-(ဗဟို)က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ စတင်ပြောင်းလဲတာဝန်ယူလိုက်ပြီဖြစ်သည်။

မထသ (ဗဟို) ကော်မတီအနေဖြင့် လုပ်ငန်းများလျင်မြန်လွယ်ကူစေရန်အတွက် အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ ခရိုင် လေးခရိုင်၌ခွဲ၍ ဆောင်ရွက်ပေးခဲ့သည်။

စတင်ပြောင်းလဲတာဝန် ပေးအပ်စဉ်က စာရင်းအရမှတ်ပုံတင်ပြီး စီးတီးတက္ကစီ အစီးရေ ၅၅၁၃၁ စီးရှိသော်လည်း အကြောင်းအမျိုးမျိုးဖြင့် လာရောက်မှတ်ပုံတင်ခြင်း ပျက်ကွက်မှုများရှိနေသည်ဟု ဆိုသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စာရင်းအရ စီးရေ ၄၆၆၀၀ ကျော်သာရှိကြောင်း သိရသည်။

များပြားလှသော စီးတီးတက္ကစီများအနေဖြင့် တရားဝင်ရပ်တန့်၍ ခရီးသည် အတင်အချပြုလုပ်နိုင်စေရန်အတွက် Taxi Stand များ တည်ဆောက်ပေးနိုင်ရန် မထသ (ဗဟို)က ကွင်းဆင်းလေ့လာမှုများ ပြုလုပ်လျက်ရှိနေသည်။

မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က "အဓိကယာဉ်ကြောသွားလာမှု အခက်အခဲမဖြစ်နိုင်မယ့် နေရာတွေမှာ Taxi Stand တွေ တည်ဆောက်ပေးနိုင်ဖို့ စီစဉ်တာပါ" ဟု ဆိုခဲ့သည်။

ထိုသို့တည်ဆောက်ရာ၌ ခရီးသည်များ ငှားရမ်းရန်လွယ်ကူသောနေရာ၊ ခရီးသည်များ စီးနင်းမှုများပြားသော နေရာသွားလာမှု ယာဉ်ကြော အနှောင့်အယှက်မဖြစ်နိုင်သော နေရာများအား စိစစ်ပြီး တည်ဆောက်ရန်လျာထားရာ မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်ညှိနှိုင်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီသို့ တင်ပြပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်မှ ဦးဇော်လွင်ထွန်းက "ကောင်းတယ်ဗျာ၊ အခုလို သတ်သတ်မှတ်မှတ် နေရာလေးလုပ်ထားပေးတော့ တက္ကစီစီးရတာပိုအဆင်ပြေတာပေ့ါ။ နို့မို့ဆို ယာဉ်ကြောကျပ်တဲ့ကြားက အတင်းလက်တား၊ အပြေးအလွှားကားပေါ်တက်ရ နဲ့ဆိုတော့ အိန္ဒြေအလွန်မဲ့လွန်းတယ်" ဟု ထောက်ခံအားပေးစကားဆိုခဲ့သည်။




ထို့ပြင် ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမ ပန်းတည်းတန်း အရုဏ်တော်ဝတ်အသင်းဓမ္မာရုံရှေ့၌ ယာဉ်ထိန်းရဲနှင့် လိုက်တမ်းပြေးတမ်း ကစားနေရသော တက္ကစီယာဉ်မောင်းများက "ကြိုဆိုပါတယ်ဗျာ၊ မထသ ဥက္ကဋ္ဌကြီးပြောတဲ့ စည်းကမ်းနဲ့ဆို ကျွန်တော်တို့နေရာကလည်း ညီညွတ်ပါတယ်။ လာဖြစ်အောင် လာကြည့်ပြီး နေရာလေး သတ်သတ်မှတ်မှတ်လုပ်ပေးဖို့ ဖိတ်ခေါ်ပါတယ်ဗျာ" ဟု ဆန္ဒပြုသံများကိုပါ ကြားခဲ့ရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဘော်ဂါသွေး**

ပြည်တွင်းသတင်း

# ကန်ကြီးထောင့်မြို့နယ်တွင် အားကစားရုံဆောက်လုပ်မှု ၄၀ ရာခိုင်နှုန်းပြီးစီး



**ကန်ကြီးထောင့် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၄) ရပ်ကွက်တွင် မြို့တွင်းအားကစားရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၇၅ ဒသမ ၉၈ သိန်းဖြင့် ရွှေဘုံစံ (မြန်မာ)ကုမ္ပဏီက တာဝန်ခံဆောက်လုပ်လျက်ရှိရာ ယခုအခါ ပြီးစီးမှုရာခိုင်နှုန်း ၄၀ ခန့်ရှိပြီဖြစ်သည်။

အဆိုပါ အားကစားရုံအား ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပန္နက်တင်အခမ်းအနား ကျင်းပ၍ ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီလတွင် အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်သည်။ ၁၂ ဒသမ ၄၀၁ ဧကရှိသည့် မြေအကျယ်အဝန်းအပေါ်တွင် RC တစ်ထပ် အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့မှာ ဘောလုံးကစားကွင်းတော့ရှိပါတယ်။ ကြက်တောင်၊စားပွဲတင်တင်းနစ်တို့ဆိုရင် ကစားစရာနေရာမရှိပါဘူး။ အရင်က ဧရာသီရိသုခခန်းမမှာ ကစားကြတယ်။ ဒါပေမယ့် အခမ်းအနားတွေရှိရင် ဖယ်ဖယ်ပေးနေရတယ်။ အခုအားကစားရုံဆောက်နေပြီဆိုတော့ မြို့နယ်အတွက်ရော၊ ကစားမယ့်ကလေးတွေအတွက်ပါ တော်တော်ဝမ်းသာစရာကောင်းပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးမြဝင်းက ပြောသည်။

(မြို့နယ် ပြန်/ဆက်)

# မြန်မာ့သိုင်းလောက မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး စတင်ဖော်ဆောင်

**ရန်ကုန် မတ် ၁၇**

မြန်မာလူမျိုးတို့၏ သိုင်းလောက မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်စေရေးနှင့် သိုင်းလောက ပိုမိုထွန်းကားစေရေး လုပ်ငန်းစဉ်များကို ယခုလာမည့် ဧပြီလတွင် စတင် အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဇာတိမာန်သိုင်းပညာဒါနဖောင်ဒေးရှင်းမှ သိရသည်။

တွင် ရှေးယခင်ကတည်းက နိုင်ငံနှင့်အဝန်း သိုင်းလောကအသင်းအဖွဲ့များ၊ ကလပ်များ အများအပြားပေါ်ထွန်းတည်ရှိခဲ့ရာမှ ယခုအခါ အကြောင်း အမျိုးအမျိုးတို့ကြောင့် ပျောက်ကွယ်လာနေခဲ့ပြီဖြစ်သည်။

" ကျွန်တော်တို့ အခုလို ဇာတိမာန် သိုင်းပညာဒါနဖောင်ဒေးရှင်း ဖွဲ့စည်းဖြစ်ခဲ့တာကတော့ ကျွန်တော်တို့ဆီမှာ ရှေးမြန်မာမင်းများ လေးတွေကို သင်ရိုးညွှန်းတမ်း အကြမ်းရေးဆွဲပြီး အခုလာမယ့် ဧပြီလထဲမှာ နိုင်ငံတစ်ဝန်း ဘုန်းတော်ကြီး ကျောင်းတွေမှာ သွားရောက်ပြီး အခမဲ့ စတင်သင်ကြားပေးမှာဖြစ်ပါတယ်" ဟု ဇာတိမာန်သိုင်းပညာဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုမျိုးထက်အောင်က ပြောကြားသည်။

ဇာတိမာန် သိုင်းပညာဒါနဖောင်းဒေးရှင်းမှ နိုင်ငံတစ်ဝန်း သိုင်း



သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

မြန်မာ့ရိုးရာသိုင်း ကစားနေကြစဉ်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ သိုင်းလောကမျိုးဆက်သစ်မှာပျောက်ကွယ်ပျက်သုဉ်းလုနီးပါးဖြစ်နေပြီဖြစ်သည်။ ခေတ်စနစ် နည်းဗျူဟာများ ပေါ်ထွန်းလာမှုကြောင့် ရှေးခေတ်မြန်မာတို့၏ ကိုယ်လုံပညာသိုင်းရေးရာသည် တစ်စထက်တစ်စ မှေးမှိန်နေပြီဖြစ်ကြောင်း မြန်မာ့သိုင်းလောကသားများထံမှ သိရသည်။ မြန်မာနိုင်ငံ လက်ထက်ကတည်းကရှိခဲ့တဲ့ ရိုးရာမြန်မာ့သိုင်းပညာက တစ်စထက်တစ်စ ဖြည်းဖြည်းချင်း မှေးမှိန်လာတာကို တွေ့ရတယ်။ အထူးသဖြင့် ကျွန်တော်တို့ သိုင်းပညာလောကသားတွေက ဒါတွေကိုပိုပြီး သိကြသလို၊ ပိုပြီးတော့လည်း စိုးရိမ်ကြတယ်။ ဒါကြောင့် သိုင်းပညာလက်ဆင့်ကမ်း မျိုးဆက်သစ်လူငယ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းရေးမှာ ယနေ့ခေတ် လူငယ်များ မျိုးချစ်စိတ်အပြည့်ဖြင့် ရဲစိတ်၊ ရဲမာန် ဇာတိမာန်ထက်သန်ရေး၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင် ခွန်အားပြည့်ဝစေရေး၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု စိတ်ဓာတ်ပြည့်ဝစေရေး၊ သိုင်းပညာ အမွေအနှစ် လက်ဆင့်ကမ်းနိုင်ရေးနှင့် နောင်မျိုးဆက်သစ် လူငယ်များ

အတွက် စနစ်ကျသော သိုင်းပညာရပ် သင်ရိုးညွှန်းတမ်း ပေါ်ပေါက်လာစေရေး စသည့်ရည်ရွယ်ချက် ငါးရပ်ဖြင့် အခုလို သိုင်းမျိုးဆက်သစ်လူငယ် ပြန့်ပွားရေးကို စတင်အကောင်အထည်ဖော် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

" အဘတို့ ရိုးရာ မြန်မာ့သိုင်းပညာကို အခုလို မျိုးဆက်သစ်လူငယ်တွေက လက်ဆင့်ကမ်းအမွေယူမယ်ဆိုတော့ အဘဖြင့် တော်တော်လေးဝမ်းသာမဆုံးဖြစ်မိတယ်။ အဘတို့ငယ်ငယ်တုန်းကဆို ဒီရိုးရာမြန်မာ့သိုင်းပညာကို ဆရာ့ဆရာကြီးတွေဆီမှာ တကူးတကကို လိုက်လံသင်ကြားခဲ့ကြရတယ်။ အခုခေတ်ကတော့ မတူတော့ဘူးပေါ့။ သင်ပေးတဲ့သူက လိုက်လံသင်ပေးရတဲ့ အခြေအနေဖြစ်လာတယ်လေ။ ဒါကလည်း ခေတ်စနစ်ရဲ့ ရေစီးကြောင်းလို့ ပြောရမှာပေါ့။ ဘာပဲဖြစ်ဖြစ် အခုလို လက်ဆင့်ကမ်းအမွေယူမယ့် မျိုးဆက်သစ်လူငယ်လေးတွေ ရှိနေတာကိုပဲ ကျေးဇူးတင်ရမှာပါ" ဟု မြန်မာ့ရိုးရာ သိုင်းအဖွဲ့ချုပ်မှ သိုင်းပညာရှင်ကြီးတစ်ဦးက ဆိုသည်။

ဇာတိမာန် သိုင်းပညာဒါနဖောင်ဒေးရှင်းတွင် သိုင်းလောကသား ၅၀ ဝန်းကျင်ဖြင့် ဖွဲ့စည်းထားရှိပြီး မျိုးဆက်သစ် သိုင်းပြန့်ပွားရေးအတွက် သင်ရိုးညွှန်းတမ်း စုပေါင်းရေးဆွဲနိုင်ရန် သိုင်းလောက ဝါသနာရှင်များနှင့် သိုင်းလောကသားများကို ဖိတ်ခေါ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(မြန်မာ့အလင်း)

## မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် မတ် ၁၂ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးလှမြင့်က ဆုရွေးချယ်ခြင်းနှင့် ဆုပေးရသည့် အကြောင်းအရင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က အထွက်နှုန်းအကောင်းဆုံးတောင်သူ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက တောင်သူပညာပေးရှေ့တန်းစခန်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက မိုးစပါးသိပ္ပံနည်းကျ စိုက်စနစ်ဖြင့် စိုက်ပျိုးမှု အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ပြီး ဆက်လက်၍ တာဝန်ရှိသူများက မိုးစပါးသိပ္ပံနည်းကျ စိုက်ပျိုးမှုအကောင်းဆုံးဝန်ထမ်းဆု၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးပုလဲသွယ် စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးမြို့နယ်နှင့် ဝန်ထမ်းဆု ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးအထွက်နှုန်း၊ အကောင်းဆုံးနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် သင်တန်းထူးချွန်ဆုတို့အား အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဦးစီးဌာနဝင်းအတွင်း အလျား ပေ ၁၀၀၊ အနံ ၄၅ ပေ၊ RC တစ်ထပ်အဆောက်အအုံ ဓာတ်ခွဲခန်း တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးတွင် မိုးစပါးဧက ၂၇ သိန်းငါးသောင်းကျော်နှင့် နွေစပါး ဧက ၂၇၀၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်ပြီး အထွက်နှုန်းအားဖြင့် ၇၆ ဒသမ ၅၁ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ကြက်၊ ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကျင်းပ

**မိုးညှင်း မတ် ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး မတ် ၁၄ ရက် နံနက်က မိုးညှင်းမြို့ မြို့မစည်ပင်သာယာဈေး ဈေးခေါင်းရုံး၌ ကြက်၊ ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးကိုကိုက ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေး၊ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးတင်မောင်သန်းက စည်ပင်သာယာဈေးအတွင်းရောင်းချသော ဈေးသည်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို ပညာပေးရှင်းလင်းဟောပြောသည်။

မိုးညှင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက မိုးညှင်းခရိုင်အတွင်းကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ၏ လက္ခဏာများ၊ ကြက်ခြံများ၊ ဇီဝလုံခြုံရေးမြှင့်တင်ရေးနည်းလမ်းများ၊ ကြက်၊ ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများအား ကြက်၊ ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးနှင့် တာဝန်ရှိသူများသည် မိုးညှင်းမြို့မဈေးအတွင်း ဈေးသည်များရောင်းချသော ဝက်သား၊ အမဲသား၊ ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ သန့်ရှင်းလတ်ဆတ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

တင်ဝင်းသိန်း(မိုးညှင်း)

## သရက်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်မှု စစ်ဆေး

**သရက် မတ် ၁၇**

မကွေးမြို့နယ် သရက်ခရိုင် သရက်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံး ငွေရင်းဖြင့် တပ်-တဇီးကောက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းအရှည် ၂/၀မိုင် (၁၀၅၆၀×၁၂×၁၂)ကို ခွင့်ပြုရန်ပုံငွေ ၈၆ ဒသမ ၃၁၉၈ သန်းဖြင့် Asia Boom Co..Ltd., (အာရှအောင်မြင်ဖွံ့ဖြိုးမှုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို သရက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် မတ် ၁၂ ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုခဲ့ပြီး ခွင့်ပြုရန်ပုံငွေနှင့် ကိုက်ညီမှုရှိ မရှိ (၄×၂) လက်မ ကျောက်ကြီးများစီခြင်း၊ (၂×၁)လက်မ ကျောက်ခင်းခြင်း၊ မြေနီကျောက်စရစ်သန့်သန့်ခင်းခြင်း၊ လမ်းကြိတ်စက်ကို သတ်မှတ်နာရီဖြင့် အသုံးပြု/မပြုစစ်ဆေးခြင်း၊ အရည်အသွေးစံချိန်စံညွှန်းများဖြင့် ကိုက်ညီမှု ရှိ မရှိတို့ကို စစ်ဆေးဆောင်ရွက်ကာ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ လမ်းခင်းနေမှုနှင့် ပတ်သက်သည့်အခြေအနေများကို မေးမြန်းစုံစမ်းပေါင်းစပ်ညှိနှိုင်းကာ လမ်းကောင်းမွန်စေရေးတို့အတွက် လိုအပ်ချက်များရှိပါက တင်ပြနိုင်ရန်နှင့် ခွင့်ပြုရန်ပုံငွေများဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းကို ရှင်းလင်းပြောကြားသည်။

(၁၈၅)

အခွန်တာဝန်ကျေပွန်သူ ကျေးဇူးတင်ကြ တို့ပြည်သူက

# လက်ရက်ကန်းလုပ်ငန်းကြောင့် အလုပ်အကိုင်များရရှိလာ

**ကျွန်းလှ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ လက်ခတ်ရက်ကန်းများတည်ထောင်လာကြရာ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်၊ အခွင့်လမ်းများ ရရှိနေကြောင်းသိရသည်။

"ကျွန်မတို့ရက်ကန်းစင်မှာ အမျိုးသမီးဝတ် ကချင်လုံချည်နဲ့ အင်္ကျီတွေ ရက်လုပ်ပါတယ်။ လုံချည်နှင့် အင်္ကျီတစ်စုံကို ချည်အခင်ကြီးဆိုရင် နှစ်လိမ်နဲ့ အခင်သေးဆိုရင် သုံးလိမ်ကုန်ပါတယ်။ ချည်တစ်လိမ်ကို ကျပ် ၁၀၀၀၀ ဝန်းကျင်ပေးရပါတယ်။ လုံချည်နှင့်အင်္ကျီတွေကို အပွင့်ပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ပါတယ်။ လူတစ်ယောက် တစ်လသုံးစုံရက်နိုင်ပြီးတော့ ရက်ပြီးအထည်တွေကို ကန့်ဘလူမြို့နယ်ဘက်မှာ တစ်စုံကို ကျပ် ၁၈၀၀၀ ကနေ ၃၀၀၀၀ လောက်အထိဈေးနဲ့ ရောင်းချပါတယ်"ဟု ရက်ကန်းပိုင်ရှင်တစ်ဦးဖြစ်သူ မသူဇာက ပြောသည်။

လက်ခတ်ရက်ကန်းလုပ်ငန်းကို စတင်လုပ်ကိုင်ဖြစ်ခဲ့ပုံနှင့်ပတ်သက်၍ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်ရရှိစေရန်ရည်ရွယ်၍ရက်ကန်းခတ်နည်းကို ရှစ်လကြာသင်ယူခဲ့ပြီး ရက်ကန်းစင်ကိုလည်း ငွေကျပ် ၄၅၀၀၀၀ အကုန်အကျခံတည်ထောင်ခဲ့ခြင်းဖြစ်ကာ ရွာထဲမှသူငယ်ချင်းများကို ပြန်လည်သင်ပေး၍ လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ ကျွန်းလှမြို့နယ် အင်းကောင်းရွာ၌ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူများ တိုးပွားလာပြီး ရက်ကန်းစင် ၁၀ စင်အထိ ရှိလာကြောင်း၊ ရက်ကန်းခတ်သူများလည်း နေ့တွက်လုပ်အားခရရှိသဖြင့် အဆင်ပြေကြောင်း ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တမ္မကောက်ကျေးရွာမှ ကလေးငယ်များအတွက် နွေရာသီကျောင်းပိတ်ရက်တွင် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းမှ ယဉ်ကျေးမှုဆိုင်ရာ သင်ခန်းစာများ ကလေးငယ်များသင်ယူနေသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။**
(အဆိုပါသင်တန်း၌ သူငယ်တန်းမှ အဌမ တန်းအထိ ကျောင်းသား ကျောင်းသူ ၁၇၈ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ယဉ်ကျေးလိမ္မာသင်ခန်းစာများကို အတန်းအလိုက် ခွဲခြားသင်ကြားပေး သွားမည်ဖြစ်ကြောင်း သိရသည်။) **စိုးလင်းနိုင်(iprd)**

# ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တည်ဆောက်မှု မကြာမီပြီးစီးတော့မည်

**မင်းဘူး မတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာ၌ တည်ဆောက်လျက်ရှိသော ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ်တည်ဆောက်မှုလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

မောင်းမကန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသည် အလျားပေ ၃၀၊ အနံ ၄၁ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၂၅၀ဖြင့် ပြည့်စုံလျှံဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်သည်။ ဇန်နဝါရီလအတွင်း စတင်တည်ဆောက်ခဲ့ပြီး မတ်လမကုန်မီ တည်ဆောက်မှုများပြီးစီးမည်ဟု သိရသည်။

အဆိုပါ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်တည်ဆောက်ရန် အလျားပေ ၂၅၀၊ အနံပေ ၁၀၀ မြေကွက်ကို မောင်းမကန်ကျေးရွာနေ ဦးအေးသောင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရွာမှာကျန်းမာရေးဌာနခွဲ တည်ဆောက်ပြီးတာနဲ့ တာဝန်ထမ်းဆောင်ဖို့ သားဖွားဆရာမ တစ်ဦးနဲ့ လုပ်သားတစ်ဦးရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဌာနခွဲဖွင့်ပွဲမှာ ကျွန်တော့်အနေနဲ့ ဆေးဝါးဒါနထောက်ပံ့မှုအဖြစ် ရွာထဲမှာရှိတဲ့ အသက် ၇၀အထက် အဘိုးအဘွားတွေကို ဆေးဝါးကုသစောင့်ရှောက်မှုများ အခမဲ့ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပါဝင်လှူဒါန်းလိုတဲ့ ကုသိုလ်ရှင်တွေကိုလည်း ဖိတ်ကြားထားပါတယ်"ဟု မောင်းမကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းဦးက ပြောသည်။

မောင်းမကန်ကျေးရွာသည် သွားလာရေးခက်ခဲသဖြင့် အရေးပေါ်ကျန်းမာရေးပြဿနာများတွင် ယခင်ကနှောင့်နှေးမှုများရှိခဲ့ကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ကျန်းမာရေး၊ ပညာရေးစသည့်ကဏ္ဍများ၌ တိုးတက်လာသည့်အပြင် ယခုကဲ့သို့ ကျေးလက်ကျန်းမာရေးဌာနခွဲကိုပါ တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် ပို၍ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိလာမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

**ပိုင်ဓေ(မကွေး)**



## သတင်းတိုများ

### တမလန်းသစ်များတရားမဝင်တင်လာသောယာဉ်ဖမ်းဆီးရမိ

ကသာခရိုင် ကောလင်းမြို့နယ် ဝန်းသို-တောင်မော်ကားလမ်းပေါ်၌ တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာသော ယာဉ်တစ်စီးကို မတ် ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကောလင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် အဖွဲ့ဝင်များသည် ဝန်းသို-တောင်မော်ကားလမ်းပေါ်၌ ဝန်းသိုဘက်မှ ယာဉ်မောင်းစိုးသက်အောင်မောင်းနှင်လာသည့် Toyota Wish ယာဉ်အဖြူရောင်ကို သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တမလန်းသစ်ခားရှေတုံး ၁၂ တုံးကို ရှာဖွေတွေ့ရှိပြီး တရားမဝင်သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် ယာဉ်မောင်းစိုးသက်အောင်နှင့် ယာဉ်ပေါ်ပါသူများဖြစ်သော ချစ်သူအောင်နှင့် မောင်မောင်သန့်တို့အား ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### ယစ်မျိုးဆိုင်များကိုရှောင်တခင်စစ်ဆေး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ရောင်းချလျက်ရှိသော ယစ်မျိုးဆိုင်များနှင့် စားသောက်ဆိုင်များ၌ စည်းကမ်းပျက်လိုင်စင်များ ရှိ၊ မရှိနှင့် ခွင့်ပြုချက်မဲ့အရက်ဆိုင်များ ရောင်းချခြင်း ရှိ၊ မရှိ မတ် ၁၃ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။ စစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုး၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်အခွန်ဦးစီးဌာနမှတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်စစ်ဆေးခဲ့ပြီး စစ်ဆေးချက်များအရ လိုင်စင်မဲ့ အရက်ဆိုင်များနှင့် စည်းကမ်းပျက်လိုင်စင်များ မရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## ကွန်ပျူတာစနစ်ဖြင့် မဲဆန္ဒရှင်စာရင်း ထည့်သွင်းနည်း သင်တန်းဖွင့်

**ဖျာပုံ မတ် ၁၇**

ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများအား ကွန်ပျူတာဖြင့် ထည့်သွင်းခြင်းသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ဖျာပုံခရိုင် ဖျာပုံမြို့၌ မတ် ၁၅ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဖျာပုံခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်များမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မဲဆန္ဒရှင်စာရင်းအချက်အလက်များ ကွန်ပျူတာစနစ်ဖြင့် ထည့်သွင်းရာတွင် သိရှိထားရမည့်အချက်များကို တာဝန်ရှိသူများက သင်တန်းသားများအား လက်တွေ့ပြသသင်ကြားသည်။

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းများမှန်ကန်စွာရရှိရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကကြီးမှူး၍ ကွန်ပျူတာဖြင့် မဲဆန္ဒရှင်စာရင်းအချက်အလက်ထည့်သွင်းခြင်း နည်းပညာသင်တန်းများ မြို့နယ်အသီးသီး၌ ဖွင့်လှစ်လျက်ရှိသည်။ **အောင်ဝင်း(ဖျာပုံ)**



## ကျေးရွာစာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ရုပ်မြင်သံကြားစက်များ ပေးအပ်

**ဆားလင်းကြီး မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ စာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်များနှင့် ရုပ်မြင်သံကြားစက်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ မတ် ၁၅ ရက်တွင် အခမဲ့ပေးအပ်ခဲ့သည်။

ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမ၌ကျင်းပသော ရုပ်သံဖမ်းစက်များ ပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်မှူးများ တက်ရောက်ခဲ့သည်။ ထို့နောက် ဆုံတားကျေးရွာ၊ ဇီးပင်ကြီး(မ)ကျေးရွာ၊ ကွဲခိုတောကျေးရွာ၊ ကျားတက်ရွာ၊ ထန်းပုရွာ၊ ဖောင်းကတာ(တ)ရွာ၊ ဆားထုံးရွာများမှ အုပ်ချုပ်ရေးမှူးများအား စကိုင်းနက်ရုပ်သံဖမ်းစက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက ပေးအပ်ပြီး ၃၂ လက်မရုပ်မြင်သံကြားစက်ကို မြေဇွန်းကျေးရွာ၊ ငါးခုန်ကျေးရွာနှင့် ခွန်သာကျေးရွာများမှ အုပ်ချုပ်ရေးမှူးများအား ပေးအပ်သည်။ **ဦးငယ်(ဆားလင်းကြီး)**

ပြည်တွင်းသတင်း

# နှမ်းစပါးများရိတ်သိမ်းချိန်ရောက်သော်လည်း စပါးရိတ်သူမလုံလောက်ဖြစ်နေ

**ဖျာပုံ မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း စိုက်ပျိုးထားသောနှမ်းစပါးများအား မတ်လဆန်းမှစ၍ ရိတ်သိမ်းနေကြပြီဖြစ်ရာ အစောပိုင်းရိတ်သိမ်းချိန်တွင် ဒေသခံကောက်ရိတ်သမားများနှင့် လုံလောက်သော်လည်း စပါးဖြိုင်ဖြိုင်ပေါ်ချိန်ရောက်လာပြီဖြစ်သဖြင့် ဒေသခံကောက်ရိတ်သမားများနှင့် မလုံလောက်တော့ဘဲ ကောက်ရိတ်စက်များနှင့် အခြားနယ်များမှ ကောက်ရိတ်သမားများကို ငှားရမ်းရိတ်သိမ်းနေရပြီဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်းမှ နှမ်းစပါးများ အငှားရိတ်ပေးရန်အတွက် အခြားမြို့နယ်များမှ ကောက်ရိတ်သမားများ ဖျာပုံမြို့နယ်သို့ ကားလမ်း၊ ရေလမ်းများဖြင့် အဖွဲ့လိုက်ဝင်ရောက်လာနေကြကြောင်း သိရသည်။ စပါးရိတ်ခ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ ရကြောင်း၊ ရှစ်ဦးရိတ်လျှင် တစ်ရက် တစ်ဧကပြီးစီးသဖြင့် တစ်ဦးလျှင် တစ်ရက် သုံးထောင်ကျပ်ခန့်ရကြောင်း ဇလွန်မြို့နယ်မှ လာရောက်သည့် ကောက်ရိတ်သူတစ်ဦးက ပြောသည်။ ကောက်ရိတ်စက်ငှားရမ်း၍ တလင်းပျောက်ရိတ်သိမ်းပါက စပါးရိတ်ခြင်း၊ ခြွေလှေ့ခြင်းနှင့် စပါးများအိတ်အတွင်းထည့်ပြီးသည်အထိ တစ်ဧကငွေကျပ် ၄၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကချင်းထက် လယ်၁၀ ဧကအထက်ရှိသူများက ငှားရမ်းမှသာ ကောက်ရိတ်စက်သမားနှင့် လယ်ပိုင်ရှင်နှစ်ဦးစလုံးအတွက် အဆင်ပြေကြောင်း၊ ကောက်ရိတ်စက်ဖြင့်ရိတ်ပါက အချိန်ပိုမြန်သော်လည်း ချောင်းမြောင်းများခြားနေသောလယ်များသို့ ကောက်ရိတ်စက်ငှားရမ်းရန် ခက်ခဲကြောင်း ဖျာပုံမြို့နယ် မှော်ဘီကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

ဒေးဒရဲမြို့နယ်မှ လယ်သမားတစ်ဦးကလည်း ယခုနှစ်တွင် နှမ်းစပါးတစ်ဧက တင်း ၇၀ နှုန်းခန့် ထွက်ရှိနိုင်ကြောင်း၊ နှမ်းစပါးတစ်ဧက စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ငွေကျပ် ၁၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ လက်ရှိစပါးပေါက်ဈေးမှာ တင်းတစ်ရာလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ရှိသဖြင့် ရိတ်သိမ်းပြီးစီးသည်အထိ ကုန်ကျစရိတ်များနုတ်ပြီး တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ ခန့်ကျန်ကြောင်း၊ ဧကများများစိုက်သူများအနေဖြင့် ပို၍တွက်ချေကိုက်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဖျာပုံနှင့်ဒေးဒရဲမြို့နယ်များထက် ကြိုက်လတ်မြို့နယ်အတွင်းမှ လယ်များက မြေအနေအထားပိုကောင်းပြီး ရေသွင်းရေထုတ်ပိုအဆင်ပြေသဖြင့် နှမ်းစပါးတစ်ဧက တင်း ၁၀၀ ခန့် ထွက်နိုင်ကြောင်း ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လယ်သမားများအတွက် နှမ်းစပါးစိုက်ပျိုးခြင်းသည် အကျိုးအမြတ်ရရှိမှုအနည်းအများသာ ကွာခြားပြီး အရှုံးမရှိသဖြင့် အများအပြားစိုက်ပျိုးကြကြောင်း၊ ရာသီဥတုကောင်းမွန်သည့်နှစ်များတွင် ခန့်မှန်းထားသည်ထက် အမြတ်ရလေ့ရှိကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



## ကိုယ့်အားကိုယ်ကိုးသောက်သုံးရေဖြန့်ဝေရေးလုပ်ငန်း ဖွင့်လှစ်

**ပူတာအို မတ် ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္ထန်တိုးချဲ့ရပ်ကွက်၌ နွေရာသီတွင်ဖြစ်လေ့ရှိသော သောက်သုံးရေရှားပါးမှု အခက်အခဲကို ဖြေရှင်းရန်အတွက် နောစာပေကော်မတီက ဦးဆောင်ပြုလုပ်ခဲ့သည့် ကိုယ့်အားကိုယ်ကိုး နောသောက်သုံးရေစီမံကိန်းဆောင်ရွက်ပြီးစီး၍ သောက်သုံးရေစတင်ဖြန့်ဝေသည့်အခမ်းအနားကို နောစာပေကော်မတီရုံး၌ မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

နောသောက်သုံးရေဖြန့်ဝေရေးအတွက် ဒုတ္ထန်တိုးချဲ့ရပ်ကွက်မှ နှစ်မိုင်ကျော်ကွာဝေးသည့် နွယ်ခွန်းဆောင်တောင်မှရေကို သွယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ရေသွယ်ယူရာတွင် အသုံးပြုသည့် သံပိုက်အပါအဝင် အထောက်အကူပစ္စည်းများကို ရေရှည်အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ထားကြောင်း၊ မြစ်ကြီးနားမြို့မှ သိက္ခာတော်ရဆရာကြီး ဦးယောနသန်နှင့် သိက္ခာတော်ရဆရာကြီး ဦးဝမ်းဖုန်တို့က ထည့်ဝင်သည့်အလှူငွေနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ အကုန်အကျခံပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောသောက်သုံးရေဖြန့်ဝေရေးစီမံကိန်းကို နောစာပေကော်မတီကဦးဆောင်၍ ဒီဇင်ဘာလဆန်းတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဖေဖော်ဝါရီလကုန်တွင် ပြီးစီးခဲ့ကာ မတ် ၁၂ ရက်တွင် ရေစတင်ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ဒုတ္ထန်တိုးချဲ့ရပ်ကွက်သည် ကုန်းမြင့်နေရာဖြစ်သဖြင့် ရေတွင်းတူးသော်လည်း နွေရာသီတွင် သောက်သုံးရေအခက်အခဲရှိသဖြင့် ရေသွယ်ယူရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ သောက်သုံးရေစတင်ဖြန့်ဝေပေးနေပြီဖြစ်သဖြင့် အိမ်ထောင်စု ၃၉ စုမှ လူဦးရေ ၁၅၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## တိုက်နယ်ပြည်သူ့ဆေးရုံတည်ဆောက်မည့်မြေနေရာ ကွင်းဆင်းစစ်ဆေး

**ဖားကန့် မတ် ၁၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု ဆယ်ဇင်းကျေးရွာတွင် တိုက်နယ်ပြည်သူ့ဆေးရုံဆောက်လုပ်ရန်အတွက် လျာထားမြေနေရာကို တာဝန်ရှိသူများက မတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုက်နယ်ပြည်သူ့ဆေးရုံဆောက်လုပ်ရန်အတွက် ဆယ်ဇင်းကျေးရွာ ဆက်သွယ်ရေးတာဝါတိုင်အနီးရှိ မြေလွတ်မြေရိုင်းနေရာ ရှစ်ဧကကျော်ကို အလှူရှင်များက လှူဒါန်းထားပြီးဖြစ်ရာ ကချင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအင်ဖရောင်းဂန်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမိုးနွယ်၊ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆယ်ဇင်းကျေးရွာသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးနယ်စပ်ဒေသတွင် တည်ရှိပြီး အိမ်ထောင်စု ၁၄၅၉ စု၊ လူဦးရေ ၈၀၀၀ ခန့်ရှိကာ ပတ်ဝန်းကျင်ကျေးရွာပေါင်းနှစ်ဆယ်ကျော်တွင် လူဦးရေနှစ်သောင်းကျော် မှီတင်းနေထိုင်ကြသည်။ အများစုမှာ တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အနီးဆုံးတိုက်နယ်ပြည်သူ့ဆေးရုံတည်ရှိသည့် တာမခံကျေးရွာနှင့် သုံးမိုင်ခန့်ကွာဝေးသည့်အတွက် ဆယ်ဇင်းဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိကြောင်း၊ ကျေးလက်ဆေးပေးခန်းသာရှိသည့်အတွက် တိုးတက်လာသော လူဦးရေနှင့်အညီ အထွေထွေရောဂါများနှင့် ထိခိုက်ဒဏ်ရာ ဆေးကုသမှုတို့တွင် လိုအပ်ချက်များရှိနေသဖြင့် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆယ်ဇင်းကျေးရွာ၌ တိုက်နယ်ပြည်သူ့ဆေးရုံတည်ဆောက်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

ဆယ်ဇင်းကျေးရွာတွင် တိုက်နယ်ပြည်သူ့ဆေးရုံတည်ဆောက်ပြီးစီးခဲ့ပါက အဆိုပါဒေသရှိ ပြည်သူများနှင့် ယင်းကျေးရွာကို အမှီပြု၍ နေထိုင်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသရှိ ကျေးရွာများ၊ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံများနှင့် ဖားကန့်မြို့နယ်အတွင်းရှိ ဒေသခံများတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဆယ်ဇင်းကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**နီတိုး(မော်လူး)**

## အငြိမ်းစားဆရာ ဆရာမကြီးများအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေပေးအပ်

**ပုသိမ် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားဟောင်းများအဖွဲ့က ပုသိမ်မြို့ပေါ်ရှိ အငြိမ်းစားဆရာ ဆရာမကြီး ၁၇ ဦးအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေများကို မတ် ၁၅ ရက်က အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလစဉ်ထောက်ပံ့ငွေများကို ၂၀၁၄ ခုနှစ် မတ်လကကျင်းပသော ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲမှစ၍ ကျောင်းသားဟောင်းများ မတည်ထည့်ဝင်ခဲ့သော ငွေကျပ် သိန်း ၂၀၀ ကိုမြန်မာ့စီးပွားရေးဘဏ်တွင်စိုက်ထူပြီး ဘဏ်တိုးငွေများဖြင့် အငြိမ်းစားဆရာဆရာမကြီး ၆၀ အား အသက်အရွယ်အပိုင်းအခြားအလိုက် လစဉ်အိမ်တိုင်ရာရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ၂၀၁၄ ခုနှစ် ဇူလိုင်လမှစ၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလှူဒါန်းမှုတွင် အဆိုပါဘဏ်တိုးငွေအပြင် လစဉ်သီးခြားလှူဒါန်းကြသော ကျောင်းသားဟောင်းများ လုပ်ငန်းရှင်များနှင့် နိုင်ငံခြားမှ စေနာတနာရှင်များ ထည့်ဝင်ငွေများကြောင့် အသက် ၇၁ နှစ်မှ ၇၄ နှစ်အတွင်း ဆရာ ဆရာမကြီးများအတွက် ငွေကျပ် ၁၀၀၀၀၊ ၇၄ နှစ်မှ ၇၉ နှစ်အတွင်း ဆရာ ဆရာမကြီးများအတွက် ငွေကျပ် ၁၅၀၀၀ နှင့် အသက် ၈၂ အထက် ဆရာဆရာမကြီးများအတွက် ငွေကျပ် ၃၀၀၀၀ စီ လှူဒါန်းနိုင်ခဲ့ပြီး ကျန်းမာရေးချို့တဲ့မှုအပေါ် မူတည်၍ ငွေကျပ် ၂၀၀၀၀ စီ အပိုဆောင်းလှူဒါန်းပေးကြောင်း၊ လစဉ်လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၀ သိန်းရှိကြောင်း သိရသည်။ လှူဒါန်းလိုသူများနှင့် ကန်တော့ခံဆရာ ဆရာမကြီးများအနေဖြင့် ပုသိမ် အထက(၂) ကျောင်းသားဟောင်းများအဖွဲ့ နာယကကြီး ဦးအောင်ခ ဖုန်း-၀၉-၄၉၇၂၀၈၁၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



## မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင်ကားလမ်း ပြီးတော့မည်

**မိုးညှင်း မတ် ၁၇**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မိုးညှင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူပြီး ဖောက်လုပ်နေသော မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင်ကားလမ်းသည် မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း မြို့နယ်အင်ဂျင်နီယာ ဦးအေးလွင်ထံမှ သိရသည်။

"ဒီလမ်းကို မူလက ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ခဲ့တာပါ။ ရေရှည်ပြင်ဆင်ထိန်းသိမ်းနိုင်ဖို့ လွှတ်တော်မှာတင်ပြခဲ့တဲ့အတွက် အခုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။

"ဟိုတုန်းက ပြည်ထောင်စုလမ်းမကြီးကနေ မိုးညှင်းက ဟိုပင်ကိုသွားရင် တစ်နာရီခွဲခန့်ကြာတယ်။ အခုတော့ ဒီလမ်းကသွားရင် ၄၅ မိနစ်ပဲကြာတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ ယခုဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နေပြီး လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအခါ မိုးညှင်း-ဟိုပင်-နန်းမားမှ ဒေသခံပြည်သူများ၊ ကျေးလက်တောင်သူများသည် မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင်ကားလမ်းကို အဓိကအသုံးပြုနေပြီး လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

ပြည်တွင်းသတင်း

## ချောင်းဆယ်ယူမှုဆောင်ရွက်ပြီးစီး၍ စိုက်ပျိုးရေပြန်လည်ရရှိ



**နောင်တရား မတ် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ရှိ နောင်တရားချောင်းမကြီးအတွင်း နုန်းဆယ်ယူမှုလုပ်ငန်းများ မတ် ၁၄ ရက်တွင် ဆောင်ရွက်ပြီးစီးလုနီးဖြစ်ရာ ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူများအတွက် စိုက်ပျိုးရေများ လုံလောက်စွာ ပြန်လည်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

နောင်တရားမြို့အနီးတစ်ဝိုက်ရှိ တောင်သူများ၏ စိုက်ပျိုးရေအတွက် အဓိကအားကိုးနေရသော နောင်တရားရေချောင်းမကြီးသည် ယခင်က ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းနှင့် စိုက်ပျိုးရေးခြံလုပ်ငန်းရှင်များက ခြံများတိုးချဲ့ခြင်းတို့ကြောင့် တိမ်ကောနေပြီး ချောင်းပျောက်လုမတတ်ရှိခဲ့ကြောင်း နောင်တရားမြို့ ရပ်ကွက်(၁) အုပ်ချုပ်ရေးမှူး ဦးခွန်ညွန့်ရီက ပြောသည်။ ချောင်းနုန်းဆယ်ယူမှုလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး အနက် ၁၂ ပေခန့်၊ အကျယ် ပေ ၂၀ ခန့်အထိ ဆယ်ယူခဲ့ကြောင်း၊ နုန်းများဆယ်ယူလိုက်သဖြင့် ရေထွက်ပေါက်များပြန်ပွင့်လာပြီး ၉၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် ရေ ၅ ပေ၊ ၆ ပေခန့် ပြန်လည်ရရှိနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေပြန်လည်ရရှိသဖြင့် စိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဒေသခံ အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။

ချောင်းနုန်းဆယ်ယူမှုလုပ်ငန်းများကို မတ် ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခွန်အောင်**(iprd)

## မြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင်ပြုပြင်ရန် အလှူငွေပေးအပ်

**ကျောက်ပန်းတောင်း မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိ နှစ်ထပ်လူနာဆောင်ကြီး ပြုပြင်ရန်နှင့် လိုအပ်နေသည့် သန့်စင်ခန်းများ အသစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မတ် ၁၅ ရက်က ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

မြို့မိမြို့ဖအလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံကြီး နှစ်ထပ်လူနာဆောင်ကြီးတွင် ပျက်စီးနေသည့် မျက်နှာကြက်များပြုပြင်ရန်အတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက လှူဒါန်းသည့် ငွေကျပ် ၄၈ သိန်းနှင့် ခွဲစိတ်လူနာဆောင်တွင် လိုအပ်လျက်ရှိသည့် လေးခန်းတွဲသန့်စင်ခန်းများ ဆောက်လုပ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် မိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်က လက်ခံရယူသည်။

ထို့နောက် အလှူရှင်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလှူငွေပေးအပ်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီးက မြို့နယ်ဆေးရုံ၏ ရုပ်ပိုင်းဆိုင်ရာဦးစားပေး ပြုပြင်ရမည့်လုပ်ငန်းများနှင့် ဝန်ထမ်းလိုအပ်ချက်များကို လည်းကောင်း၊ ဆေးဝါးကုသမှုပိုင်းဆိုင်ရာတွင် လက်ရှိဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပြုပြင်ပြောင်းလဲမြှင့်တင်ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ရမည့်အပိုင်းများကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်သွားကြရန်နှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပြည်သူများ၏ ယုံကြည်အားကိုးမှုရအောင် စေတနာမေတ္တာထားကာ ယခုထက်ပို၍ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နှစ်ထပ်လူနာဆောင်မျက်နှာကြက်များ ပြုပြင်နေမှု၊ ခွဲစိတ်လူနာဆောင်၌ လေးခန်းတွဲသန့်စင်ခန်းဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**နေအောင်**(iprd)

## ကျေးရွာစာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ဆမ်ဆောင်းတီဗွီများ ထောက်ပံ့ပေးအပ်

**ကန့်ဘလူ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထောက်ပံ့သော စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ၃၂ လက်မ ဆမ်ဆောင်းတီဗွီများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ကျင်းပသည်။




ရုပ်သံဖမ်းစက်များပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး စကိုင်းနက်ရုပ်သံဖမ်းစက်တစ်စုံစီကို လက်ခုပ်ပင်၊ ကိုင်းတော၊ သင်ပန်းတော၊ လိတ္တူ၊ ချပ်ကြီး၊ ချပ်သင်း၊ မြေမွန်၊ ထန်းကုန်းကျေးရွာရစ်ရွာသို့လည်းကောင်း၊ ဆမ်ဆောင်းတီဗွီများကို မိုးကောင်း၊ ကိုးမြို့၊ ငါတို့၊ ရှမ်းကုန်း၊ မြေထူး၊ ဇီးကုန်း(မ)၊ ဂါတာ၊ ပိတောက်ပင်၊ နဂါးပေါ်(မ) ကျေးရွာများသို့လည်းကောင်း ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။ ထို့နောက် ကျေးရွာနေပြည်သူများ ကိုယ်စား ညောင်ပင်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ရုပ်သံဖမ်းစက်များ ပေးအပ်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ တက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေ ပြည်သူများ ဗဟုသုတရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ မိုးလေဝသသတင်းများ၊ စီးပွားရေးသတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိအောင်အသုံးချကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ရုပ်သံဖမ်းစက်နှင့် တီဗွီများထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကန့်ဘလူမြို့နယ်သာမက မြင်းမူ၊ ဆားလင်းကြီးနှင့် အခြားမြို့နယ်များမှ ကျေးရွာစာကြည့်တိုက်များသို့လည်း ရုပ်သံဖမ်းစက်နှင့် တီဗွီများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တပ်ကုန်းမြို့နယ်၌ ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း မတ် ၁၇**

တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ နဝင်းချောင်းအနီးတွင် ကြက်သွန်နီစိုက်ပျိုးသောတောင်သူများအနေဖြင့် ယခုနှစ်တွင် ကြက်သွန်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ဈေးကောင်းရရန်လည်း အလားအလာရှိနေသဖြင့် တောင်သူများဝမ်းမြောက်နေကြကြောင်း သိရသည်။

ယခုနှစ်ကြက်သွန်နီထွက်နှုန်းကောင်းသည့်အပြင် ဈေးနှုန်းလည်း ပိုကောင်းမည်ဟု မျှော်မှန်းကြောင်း၊ ယခင်နှစ်က ကြက်သွန်နီတစ်ပိဿာလျှင် ၃၀၀ကျပ် ဈေးရသော်လည်း ယခုနှစ်တွင်မူ ကြက်သွန်နီပွဲစားများက တစ်ပိဿာ ၃၀၀ ကျပ်နှုန်းဖြင့် ငွေကြိုတင်ပေး၍ ဝယ်ယူနေကြပြီဖြစ်သောကြောင့် ကြက်သွန်ထွက်ချိန်တွင် ပို၍ ဈေးကောင်းရနိုင်ကြောင်း ကြက်သွန်နီစိုက်တောင်သူများက ခန့်မှန်းထားသည်။

တပ်ကုန်းမြို့နယ်အတွင်း နဝင်းချောင်းအနီးတစ်ဝိုက်ရှိကျေးရွာများဖြစ်သော သပြေချောင်း၊ ရွှေမြို့၊ ဇရပ်ကြီးကုန်း၊ လေးအိမ်စုနှင့် နွယ်ရစ်ကျေးရွာများသည် နှစ်စဉ်ကြက်သွန်နီအများအပြား စိုက်ပျိုးလေ့ရှိပြီး ဒေသကြက်သွန်နီမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ ချောင်းနှင့်နီးသော နေရာများတွင် စိုက်ပျိုးမှုပိုများသလို ချောင်းနှင့်ဝေးသောနေရာ၌လည်း ရေတွင်းတူး၍ စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် အလျား ခြောက်တောင်၊ အနံသုံးတောင်ရှိ ကြက်သွန်နီစိုက်ကျင်း ၅၀၀ ရှိပြီး အဆိုပါကျင်းများတွင် နောက်နှစ်စိုက်ပျိုးရန်အတွက် မျိုးကြက်သွန်များကိုပါ ထည့်သွင်းစိုက်ပျိုးကြကြောင်း၊ ကြက်သွန်စိုက်ချိန်သည် သုံးလခွဲကြာမြင့်သဖြင့် ယခုစိုက်ပျိုးထားသော ကြက်သွန်များကို တန်ခူးလအတွင်း စတင်တူးဖော်ကြမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



## သတင်းတိုများ

### လက်တောက်ခုံတွင် စကားများရာမှ လူသတ်မှုဖြစ်

အောင်လံမြို့နယ် မောင်းမလှုပ်ကျေးရွာနေ၌ မတ် ၁၁ ရက် ညပိုင်းက လက်တောက်ခုံဝိုင်းတွင် စကားများရာမှစ၍ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၁၁ ရက် ညပိုင်းတွင် ဇော်ကြီး(ခေါ်) ဇော်မင်းထွန်းသည် လက်တောက်ခုံဝိုင်းတွင် စကားများရန်ဖြစ်ခဲ့ပြီး အိမ်သို့ပြန်ရောက်လာစဉ် ၎င်းနှင့် စကားရန်ဖြစ်ခဲ့သည့် တစ်ရွာတည်းနေ အေးထက်၊ ဝင်းသောင်း၊ လှိုင်ဝင်းနှင့် ခေါင်းပြား(ခ)ငဖြိုးတို့က အိမ်ရှေ့သို့ရောက်လာပြီး ခဲများနှင့်ပစ်ပေါက်ကာ ဆဲဆိုနေသဖြင့် ဇော်ကြီးမှာ ရွာမြောက်ပိုင်းသို့လည်းကောင်း၊ ဇော်ကြီး၏ဇနီး ဒေါ်သန်းဌေးက ရွာတောင်ပိုင်းသို့လည်းကောင်း ထွက်ပြေးခဲ့ကြောင်း၊ အေးထက်နှင့် အပေါင်းအပါသုံးဦးက ဇော်ကြီးနောက်သို့ လိုက်သွားပြီး မကြာမီတွင် ဆူညံသံများကြားရကြောင်း၊ ဒေါ်ဌေးသန်းနှင့် ၎င်း၏ခဲအိုတို့က သွားရောက်ကြည့်ရှုရာ ဇော်ကြီးအား ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် လက်တွင်ထိုးသွင်း ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရသဖြင့် ဒေါ်ဌေးသန်းက အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းသို့ မတ် ၁၂ ရက်တွင် တရားလိုပြုလုပ် တိုင်တန်းခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ကျွန်းနှင့်သစ်မာများဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် တံခွန်တိုင်ကျေးရွာ ရှာဖြူကုန်းကျေးရွာနှင့် ခရိုင်ချင်းဆက်လမ်းမပေါ်၌ ကျွန်းနှင့် သစ်မာများ စုစုပေါင်း အလေးချိန် ၂၁ တန်ကျော်ကို မတ် ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း ဦးဆောင်သော အဖွဲ့သည် မတ် ၇ ရက်မှစ၍ နတ်တလင်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်များတွင် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ တံခွန်တိုင်ကျေးရွာ၊ ရှာဖြူကုန်းကျေးရွာတို့တွင်လည်းကောင်း၊ ဂမုန်းကြိုးဝိုင်း အကွက်အမှတ်(၆၁) အနီး ခရိုင်ချင်းဆက်လမ်းဘေး၌လည်းကောင်း ကျွန်းသစ်နှင့် သစ်မာ စုစုပေါင်းအလေးချိန် ၂၁ ဒသမ ၇၉၅၂ တန်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မျက်စိကျန်းမာ လူချမ်းသာ

ဦးသန်းထွန်း(ဥပဒေ)

Health is wealth ကျန်းမာခြင်းသည် ချမ်းသာခြင်းပင်ဖြစ်သည် ဟူသော စကားတစ်ခုရှိခဲ့သည်။ ထို့အတူပင် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောကြားခဲ့သည်မှာ **"အာရောဂျ ပရမံ လာဘံ" "ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး"** ဟု ဟောကြားခဲ့သည်။ မှန်ပါသည်။ သို့သော် အမှန်တကယ်အားဖြင့် **"ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး"** မကပါ။ **"ကျန်းမာခြင်းသည် လာဘ်ကြီးအများ"** ဟု ဆိုချင်ပါသည်။

အကြောင်းမူ လူသားတိုင်းသည် ကျန်းမာနေလျှင် စားချင်တာစားနိုင်သည်။ သွားချင်ရာသွားနိုင်သည်။ လုပ်ချင်တာ လုပ်နိုင်၍ စီးပွားလာဘ်လာဘများလည်း တိုးတက်နိုင်ပေသည်။ သို့မဟုတ်ပါမူ မကျန်းမမာဖြစ်ပြီး အိပ်ရာထဲ လဲနေသူသည် စားချင်လည်း မစားနိုင်၊ သွားချင်လည်း မသွားနိုင်နှင့် လုပ်ချင်တိုင်းလည်း မလုပ်နိုင်တော့သဖြင့် စီးပွားလာဘ်လာဘများ ရစရာရှိသော်လည်း မရနိုင်တော့ချေ။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် ကျန်းမာနေစဉ်အခါတွင် မကျန်းမာခြင်း၏ ဆိုးကျိုးကိုမသိနိုင်သော်လည်း တကယ်မကျန်းမာ၍ ဆေးရုံရောက်ငွေကုန်ပေါက်တိုးတော့မှ ဤစကားသည် လက်တွေ့မှန်ကန်နေကြောင်းသိနိုင်ကြပေသည်။

ဤနေရာတွင် အထူးပြုတင်ပြလိုသည်မှာ လူတစ်ယောက်သည် တစ်ကိုယ်လုံးမကျန်းမမာဖြစ်သည်ကို မဆိုထားဘဲ၊ ခန္ဓာကိုယ်၏အစိတ်အပိုင်း တစ်ခုမျှသာဖြစ်သော မျက်စိတွင်းရောဂါဝေဒနာ တစ်ခုခုဖြစ်သည် ဆိုပါစို့။ ဥပမာ- အပေါ်ယံ ရောဂါဝေဒနာတစ်ခုမျှသာဖြစ်သော မျက်စိနာသည့် ဝေဒနာလောက်ပင်ဖြစ်ပါစေ။ ထိုရောဂါမျှ ဖြစ်ရုံနှင့်ပင် အတော်စိတ်ဆင်းရဲမှု စိတ်မချမ်းသာမှု ဖြစ်ရပေပြီ။

မျက်စိသည် အမြင်အာရုံစတင်ရာဖြစ်ပြီး အမြင်အာရုံကောင်းပါမှ သဘာဝအလှတရားကို ခံစားနိုင်မည်ဖြစ်ပေသည်။ အမြင်အာရုံကို အခြေပြုမှ ပညာရှာမှီးနိုင်မည်။ စားဝတ်နေမှု လုံအောင် ပြုနိုင်မည်။ လောကကောင်းကျိုး၊ မိသားစုကောင်းကျိုးတို့ကို အတ္တနှင့်ပရ မျှတစွာ ဆောင်ရွက်နိုင်ပါမည်။ သို့ဖြစ်၍ မျက်စိကျန်းမာလျှင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပေတော့သည်။ သုတေသနပြုချက်များအရ အသက်အရွယ်တူသူနှစ်ဦးတွင် မျက်စိမြင်သူက မျက်စိကွယ်နေသူထက် အသက်ပိုရှည်သည်။ ပျော်ရွှင် ချမ်းမြေ့မှုများကို ပို၍ခံစားရသည်။ အတ္တ၊ ပရနှစ်ဝအကျိုးကိုပိုမို၍ ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။

လူချင်းအတူတူပင်ဖြစ်လင့်ကစား မျက်စိကျန်းမာရေးကို ကောင်းစွာစောင့်ရှောက်တတ်သူ၏ မျက်စိက ရောဂါပိုမိုကင်းရှင်း၏။ ပိုမိုအမြင်သန်၏။

မျက်စိကွယ်စေသည့် အကြောင်းမျိုးစုံရှိ၏။ အကြောင်းအရင်းကြီးများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ မျက်စိထိခိုက်ဒဏ်ရာရခြင်း၊ မျက်ကြည်နာ၊ မျက်မှန်လို၍ မျက်စိမှုန်ခြင်း၊ ဆီးချိုကြောင့် မျက်စိမှုန်ခြင်းတို့ဖြစ်သည်။

မျက်စိကွယ်စေသည့် ရောဂါတချို့မှာ မွေးရာပါဖြစ်၏။ တချို့မှာ အိုမင်းရင့်ရော်လာသောကြောင့် ဖြစ်၏။ တချို့မှာထိခိုက်ဒဏ်ရာကြောင့် ဖြစ်၏။ ဆီးချို၊ AIDS၊ သွေးတိုး အစရှိသည့် ရောဂါများကြောင့်လည်း ဖြစ်တတ်၏။

တချို့မျက်စိရောဂါများကို ကာကွယ်၍ ရ၏။ တချို့ကိုကုသ၍ရ၏။ အတွင်းတိမ်ကိုခွဲစိတ်၍ ကုလျှင် ပြန်မြင်သည်။ မလိုအပ်ဘဲမျက်စိ မကွယ်စေရန်မှာ ရောဂါဖြစ်လာပါက မည်သည့်ရောဂါ အရေးကြီးသည်။ မြန်မြန်ကုသခံရန်လိုအပ်သည်။ ဆေးမီးတိုများမသုံးအပ် စသည်တို့ သိရန်လိုသည်။

မျက်စိကွယ်ခြင်းမှ ကင်းဝေးစေရန် မျက်စိနှင့် မျက်စိရောဂါများအကြောင်း သိရှိရန်လိုအပ်ပေသည်။

ယနေ့ ကမ္ဘာပေါ်တွင် ငါးစက္ကန့်တိုင်းတွင်လူတစ်ဦး မျက်စိကွယ်နေသည်။ တစ်မိနစ်တိုင်း ကလေးတစ်ဦး မျက်စိကွယ်သည်။ ကမ္ဘာပေါ်တွင် မျက်စိကွယ်သူပေါင်း ၄၅ သန်းရှိသည်။ အမြင်အားချို့ယွင်းသူ ၁၃၅သန်းရှိသည်။ မျက်စိကွယ်သူများကို ကုသရေး၊ ပြန်လည်ထူထောင်ရေးအတွက် နှစ်စဉ်နိုင်ငံခြားငွေ ခြောက်ဘီလျံ ကုန်ကျနေပါသည်။ လုပ်အားကုန်ဆုံးရှုံးမှုအတွက် ကုန်ခန်းရသည့် ငွေမပါသေးပါ။

လူ့ဘဝအတွက် အရေးကြီးသည့် မျက်စိကို ရောဂါကင်းရှင်းစေရန်နှင့် အမြင်သန်စွမ်းစေရန် မိမိမျက်စိကိုမိမိ စောင့်ရှောက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် မျက်စိဆရာဝန်များ ဆေးရုံများနှင့်ဝေးသော ကျေးလက်တောရွာများတွင် နေထိုင်ကြသူများသည် မျက်စိအကြောင်း သိထားရန်ပို၍ လိုအပ်ပေသည်။ "အရေးကြီးသောမျက်စိရောဂါ"အချို့ကို အနည်းငယ် တင်ပြလိုပါသည်။

(၁) **"အတွင်းတိမ်ဆိုသည်မှာ"**. . . . မျက်စိအတွင်းရှိသော ကြည်လင်နေသည့် လင်းမှန်သည် အသက်အရွယ်ကြီးရင့်သဖြင့် သော်လည်းကောင်း၊ ထိခိုက်

> **ယနေ့ ကမ္ဘာပေါ်တွင် ငါးစက္ကန့်တိုင်းတွင် လူတစ်ဦး မျက်စိကွယ်နေသည်။ တစ်မိနစ်တိုင်း ကလေးတစ်ဦး မျက်စိကွယ်သည်။ ကမ္ဘာပေါ်တွင် မျက်စိကွယ်သူပေါင်း ၄၅ သန်းရှိသည်။ အမြင်အားချို့ယွင်းသူ ၁၃၅ သန်း ရှိသည်. . .**

ဒဏ်ရာ၊ မွေးရာပါနှင့် အခြားရောဂါ၏ နောက်ဆက်တွဲအဖြစ်သော်လည်းကောင်း၊ ကြည်လင်မှု ပျောက်သွားပြီး ကောင်းကင်တိမ်သားကဲ့သို့ ပိမ်းပိတ်အောင် ဖြူနေခြင်းဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင်လူသန်းပေါင်း ၂၀ ကျော် အတွင်းတိမ်ကြောင့်မျက်စိကွယ်နေပြီး သန်းပေါင်း ၁၀၀ ခန့်မှာ ခွဲစိတ် ကုသခံရမည့် အခြေအနေရောက်နေပြီဖြစ်၏။ မြန်မာနိုင်ငံတွင် အတွင်းတိမ်ကြောင့် မျက်စိကွယ်သူ နှစ်သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားကြသည်။

(၂) **"မျက်ခမ်းစပ်ရောဂါ"** . . . သည် ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး ကူးစက်တတ်သော မျက်စိရောဂါတစ်ခုဖြစ်သည်။ သန်းပေါင်း ၁၅၀ ခန့် မျက်ခမ်းစပ်ရောဂါဖြစ်ပွားလျက်ရှိပြီး ခြောက်သန်းခန့်မှာ ယင်းရောဂါကြောင့် မျက်စိကွယ်လျက်ရှိပါသည်။ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဇုန်ဒေသတွင် အထူးသဖြင့် မျက်ခမ်းစပ်ရောဂါထူပြော၏။ ထိုမျက်ခမ်းစပ်ရောဂါသည် မျက်စိကွယ်စေသော အဓိက အကြောင်းအရင်းတစ်ရပ်ဖြစ်ပေသည်။ ရေရှား၊ ဖုန်ထူ၊ နေအလွန်ပူခြင်းတို့သည် မျက်ခမ်းစပ်ရောဂါ တိုးပွားစေရန်မြေတောင်မြှောက်ပေးသည့်အချက်များ ဖြစ်သည်။ ထို့ပြင် စီးပွားရေးအခြေအနေပါးလျားခြင်းကလည်း မျက်ခမ်းစပ်ရောဂါကူးစက်တိုးပွားရန် အကြောင်းဖန်လာပေသည်။

(၃) **"ရေတိမ်ရောဂါ"** သည် မြန်မာနိုင်ငံအတွက် ဒုတိယအများဆုံး မျက်စိကွယ်စေသော ရောဂါဖြစ်သည်။ ရေတိမ်အမျိုးမျိုးရှိသည့်အနက် အဖြစ်များသော သိလွယ်သော၊ **ထောင့်ကျဉ်းရေတိမ်** ကို သတိထားမိပါက ရေတိမ်ကြောင့် မျက်စိကွယ်ခြင်း၊ နည်းပါးပပျောက်နိုင်ပေသည်။

**"ထောင့်ကျဉ်းရေတိမ်၏လက္ခဏာများမှာ"** မျက်စိလွန်စွာနီခြင်း၊ လွန်စွာကိုက်ခဲခြင်းတို့ ခံစားရသည့်အပြင် ရက်ပိုင်းအတွင်း လျင်မြန်စွာမှုန်သွားတတ်ခြင်းတို့ဖြစ်သည်။

အထက်ဖော်ပြပါရောဂါကြီးသုံးမျိုးနှင့် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်တွေ့နေရသော မျက်စိရောဂါများမှာ အသက် ၁၀ နှစ်အောက် ကလေးများ မျက်စိကွယ်ခြင်း၊ အာဟာရချို့တဲ့ခြင်းကြောင့် မျက်စိကွယ်ခြင်း၊ မျက်မှန်လို၍ လွန်မင်းစွာ မျက်စိမှုန်ခြင်း၊ မျက်စိထိခိုက်ဒဏ်ရာရ၍ မျက်စိမှုန်ခြင်း၊ မျက်ကြည်နာဖြစ်ရာမှ အသိနောက်ကျ၊ ဆေးကုသမှု နှောင့်နှေး၍ မျက်စိကွယ်ခြင်းများလည်း မရှားလှပါ။

**မျက်စိလွန်စွာမှုန်မွဲခြင်း (Severe Loss of Vision)**

ခံစားရသည့်လူပေါင်း ၃၅ သန်းကျော် ဤကမ္ဘာပေါ်တွင်ရှိကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထား၏။ ထိုအထဲတွင် ကလေးသူငယ်၊ လူငယ်၊ လူရွယ်၊ လူကြီးစသည်ဖြင့် အသက်အရွယ်အစုံပါဝင်ကြသည်။လူငယ်များအတွက် အထူးကျောင်းများဖွင့်လှစ်၍ စာသင်ကြားပေးရသည်။ လူကြီးများအတွက် မြင်အားကို အထောက်အကူပြုမည့်အထူးမှန်များ Visual Aids၊ စာအုပ်များ၊ လက်နှိပ်စက်၊ ကွန်ပျူတာစက်များ တီထွင်သုံးစွဲစေရပါသည်။

အရှေ့တောင်အာရှရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အလှူရေစက်လက်နှင့်မကွာ လှူနေကြသော ပရဟိတ ကုသိုလ်ရှင်များသည် စီးပွားရေးအင်အားနည်းပါးသူများအား ဆေးဝါးများ၊ ခွဲစိတ်ခြင်းအတွက် လိုအပ်သည့် ကိရိယာများ၊ ကုန်ကျစရိတ်များကိုလည်း တတ်စွမ်းသမျှ တာဝန်ယူ ထောက်ပံ့ပေးသည်သာမက မျက်စိဆေးရုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဆေးရုံသုံးပစ္စည်း၊ ခွဲစိတ်ပစ္စည်းများကို လှူဒါန်းခြင်းများကိုလည်း ပြုလုပ်ကြပါသည်။ နိုင်ငံတော်အစိုးရကလည်း မျက်စိခွဲစိတ်ကိရိယာများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြု၍ နိုင်ငံခြားမှ တင်သွင်းစေပါသည်။

ပညာရေးနှင့်ကျန်းမာရေးတို့သည် နီးနွယ်နေသည့် ဌာနများဖြစ်ပေသည်။ မျက်စိစောင့်ရှောက်ရေး၊ ကျန်းမာရေးအသိပညာပေးခြင်းများကို မူလတန်းအရွယ်မှစတင်ဆောင်ရွက်လျှင် ပိုမိုထိရောက်အောင်မြင်နိုင်ပေသည်။ မူလတန်းဖတ်စာအုပ်တွင် ပါရှိသည့် မျက်စိကျန်းမာရေးနှင့်ပတ်သတ်၍ မျက်နှာသစ်ရန်နှင့် လက်ဆေးရန် ပညာပေးထားသော **"ခြေလက်မျက်နှာ ဆေးကြောပါ။ ကျန်းမာသန့်ရှင်းရောဂါကင်း"** ဟူသော "ဆောင်ပုဒ်" လေးသည် မျက်ခမ်းစပ်ရောဂါနှင့် မျက်စိနာကူးစက်ခြင်းတို့ကို ကာကွယ်ရန် လွန်စွာ ထိရောက်ဆီလျော်သော ပညာပေးမှုဖြစ်ပေသည်။

ထို့ပြင် "အိမ်၊ လမ်း၊ ရွာကျောင်း၊ သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်း" ဟူသော ဆောင်ပုဒ်သည်လည်း အထွေထွေကျန်းမာရန်အတွက်သာမက ကူးစက်တတ်သော မျက်စိရောဂါများ ကာကွယ်ရန်အတွက်လည်း လွန်စွာကောင်းမွန်သော အစီအစဉ်များဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ချမှတ်သော မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာများအနက် တစ်ခုမှာ **"ရေကောင်းရေသန့် ရရှိရေး"** ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး ဟူသော **(Environmental Improvement)** အချက်တစ်ခုလည်းပါဝင်ပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်အတွင်း၌ အဆိုပါ ပရဟိတလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်လာကြသည်ကို နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်း အစောင်စောင်တို့တွင် ဖတ်ရှုနေကြရပေသည်။ အထူးအားဖြင့် သီတဂူဆရာတော်ကြီးနှင့် ရွှေပါရမီဆရာတော်အရှင်ဆန္ဒာဓိကတို့ဦးဆောင်သော ပရဟိတ မျက်စိရောဂါဝေဒနာနှင့် မျက်မှန်အမျိုးမျိုးလှူဒါန်းခြင်းများကိုလည်း ဝမ်းမြောက်ဖွယ်ဖတ်ရှုကြည်ညိုနေရပေသည်။

သို့ပါ၍ **"မျက်စိကျန်းမာ လူချမ်းသာ"** ဆိုသည့် စကားအတိုင်း နိုင်ငံသားတိုင်း မျက်စိရောဂါဝေဒနာများ ကင်းဝေးကြလျက် မျက်စိကျန်းမာပြီး လူတိုင်းချမ်းသာကြပါစေကြောင်း ဆန္ဒပြုလျက်။ ။

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်

**မြောက်ဦး မတ် ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် တောင်ဦး-ကျီရာပြင် ကျောက်ချောလမ်းခင်းနေမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၅၇)

## အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းသင်တန်းဖွင့်



**သံတွဲ မတ် ၁၇**

အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း ကွန်ပျူတာစနစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက်က သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြ၊ သံတွဲခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးဦး၊ ရခိုင်ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွန်း၊ သံတွဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်အဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းမှာသံတွဲခရိုင်၊ ကျောက်ဖြူခရိုင်မှ သင်တန်းသားသင်တန်းသူ ၃၅ ဦးတက်ရောက်ပြီး ရခိုင်ပြည်နယ်တွင် ပထမဦးဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ချောင်းကူးတံတားအပြီးတည်ဆောက်ရန် ဒေသခံများလိုလား

**မိုးညှင်း မတ် ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဟောင်ပါးဥရုချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ရသည်။

တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရန် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

**နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

ဆောင်းပါး



မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့ သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၈ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသား ခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝ်) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာ ရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

# ရှည်လျားသောသမိုင်း၊ ရှည်လျားသောလမ်း အဟောင်းအသစ် ၆၂ လမ်းမပေါ်မှာ

မင်္ဂလာသိမ်တော် ကန်ရေပြင်တွင် တိမ်စိုင်တိမ်လိပ်တို့ အရိပ်ထင်နေ၏။ ရေလယ်ဇရပ်သည် တိမ်အရိပ်ထဲမှာ မတ်တတ်ရပ်နေသည်။ ကမ်းစပ်ရှိဒန်းပင်က ဇရပ်ဆီ ငုံ့ကြည့်သည်။ မြောက်ဘက်ဆီမှာ ကုသိုလ်တော်ဘုရား၏ မုခ်ပေါက်ပန်းတော့လက်ရာများဖြင့် ကိုယ်ထင်ပြနေသည်။ နေပူထဲပေမင့် မုခ်ခုံးပေါ်မှာ ခြသေ့်တို့ငုတ်တုတ်၊ မတုန်မလှုပ်။

မြင်းလှည်းလေးသည် ကတ္တရာလမ်းပေါ် ခွာသံ တခွပ်ခွပ်ပေးရင်း အတုမရှိကျောင်းတိုက်အပေါက်ဆီ ချိုးဝင်သွားသည်။ ထုထည်ကြီးမားလှသော ကျောင်းတိုက် အဝင် မုခ်တိုင်ကြီးများသည် ဇရာဖြင့်ခံ့ထည်မှုကို ဝံ့ကြွား နေကြသည်။ မြင်းလှည်းလေးသည် မြောက်ဘက် ကုသိုလ်တော်အရှေ့မုခ်ဆီမှ လာခဲ့ဟန်တူ၏။ ဟောသည် ကတ္တရာလမ်းပေါ်ကတစ်ဆင့် အတုမရှိကျောင်းတော်ကြီး ဆီ ဘုရားဖူးအလည်အပတ်သွားကြတာပဲဖြစ်မည်။

**၁၉၈၀ နောက်ပိုင်းတွင် အကြိမ်ကြိမ်လောင်ကျွမ်းသော မီးကြီးများကြောင့် ပဲဖြူကုန်းရွာသည်လည်းကောင်း၊ ငွေတော်ကျည်ကုန်းရွာသည် လည်းကောင်း၊ သိုးခြံရွာသည် လည်းကောင်း၊ ထွန်တုံးရွာသည်လည်းကောင်း၊ ဗိုလ်ရွာသည်လည်းကောင်း၊ မြို့သစ် က၊ခ၊ဂ စသည်မှသည် မြရည်နန္ဒာ၊ ကံသာယာမြို့သစ်များ ပေါ်ထွက်ခဲ့ချေပြီ. . .**

မြို့ခံဘုရားဖူးများ မဟုတ်သောကြောင့် မြင်းလှည်း ကလေးမောင်းသွားသော ကတ္တရာလမ်းမသည် ၆၂ လမ်း ဆိုတာ သိမှာမဟုတ်။ မန္တလေးမြို့၏ အရှည်ဆုံးလမ်းမ ဆိုတာ သိမှာမဟုတ်။ ရတနာပုံခေတ်မှသည် ဈေးကွက်စီးပွားရေးခေတ်အထိ ကန့်လန့်ဖြတ်ပုံရိပ်ကို ထင်ဟပ်သော လမ်းမဆိုတာ သိမှာမဟုတ်။

တကယ်တော့(၆၂)လမ်းသည် အဟောင်းအသစ် ပဋိပက္ခများ၏ ဆုံစည်းရာ. . . ။

"ဂါထာနတ်ရုပ်၊ အင်းမြှုပ်အင်းနှံ၊ ဟီမံပယောဂ၊ တေလ ကုမ္ဘာ၊ ရာနှစ်ဆယ်ဝင်၊ လေးခွင်လေးထောင့်၊ ဂြိုဟ် နတ်စောင့်နှင့်၊ မြို့စောင့်နတ်ဂူ၊ ဆူဆူများစွာ၊ မြို့အင်္ဂါ လည်း ဖွယ်ရာမကြွင်း"ဟူသော မယဒေဝလာ အစီအမံ အတိုင်း မန္တလေးမြို့တော်ကြီး စတင်တည်ထောင်စဉ် မြို့တော်လေးထောင့်တွင် ဆီအိုးကြီးများမြှုပ်နှံပြီးလေသော အခါ ခုနစ်ဌာနကို အုတ်စီခင်း၍ တံခါး ၁၂ ရပ်တိုင်ထူခဲ့ လေသည်။

ခုနစ်ဌာနတွင် မဟာလောကမာရဇိန် စေတီတော်ပါ၏။ အတုလဝေယံ ကျောင်းတော်ပါရှိ၏။

မဟာလောကမာရဇိန်ဘွဲ့တော်ချီသော စေတီတော် ကြီးမှာ ၁၂၂၂ ခု ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် ရွှေမြို့တော်ကြီးနှင့် တစ်ပြိုင်နက် အုတ်စီခင်းစတင်တည် လုပ်ခဲ့ရာ ၁၂၂၄ ခု ဝါဆိုလတွင်ပြီးစီး၍ လပြည့်ကျော် ၉ ရက်နေ့ နေ့တစ်ချက်တီးကျော် ငါးမောင်းအချိန်တွင် ရွှေထီး အထွတ်တင်လှူပြီး ကမ္ဗည်းတပ်တော်မူခဲ့သည်။ ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကုသိုလ်တော်ဖြစ်၏။ မြို့တော်သူမြို့တော်သားတို့က "ကုသိုလ်တော်ဘုရား"ဟု ခေါ်ဆိုခဲ့ကြသည်။ ဘုရားပရိဝုဏ်တွင် ပိဋကတ်ကျောက်စာ တော်ပေါင်း ၇၂၉ ဆူရှိ၏။

မဟာအတုလဇယာရာမ တိုက်တော်အတွင်းရှိ "မဟာ အတုလဝေယန်" ကျောင်းတော်ကြီးမှာလည်း ရွှေမြို့တော် ကြီးနှင့် တစ်ပြိုင်နက် ပန္နက်ချလုပ်ဆောင်ခဲ့သည်မှ ၁၈ နှစ် အကြာ ၁၂၃၉ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် နေ့တွင်မှ အပြောက်အမွမ်းနှင့်လုပ်ဆောင်ပြီးပေသည်။ ဘုံငါးဆင့်ရှိ၏။ ရွှေပိန်းချ၏။ ကွန်းစင်တိုင်အမြင့် ၆၃ တောင်၊ တိုင်ပေါင်း ၂၄၆ တိုင်ဖြင့်ခမ်းနား၏။ မံဘုရားဆင်းတုတော် ကြီးတွင် ဥဏ္ဏာလုံမွေးရှင်တော်ပြု၍ တပ်ဆင်ထားသော ရတီချိန် ၁၀၀ ကျော် မဟာစိန်ကလေးရှိ၏။ ၎င်းကျောင်းတော်ကြီးကို ယောအတွင်းဝန်မင်းကြီး ဆောက်လုပ်ခဲ့သည်။

ရွှေမြို့တော်ကြီးနှင့် တစ်ပြိုင်နက် ပန္နက်ချတည်တော်မူ ခဲ့သော ကုသိုလ်တော်ဘုရား၏ အရှေ့မုခ်နှင့်အတုလ ဝေယန် ကျောင်းတော်ကြီး၏ အရှေ့မုခ်ကိုပြန့်ပြူးဖြောင့်စင်းသည့် မြေနီသရွတ်ကျဲလမ်းနှင့် ဆက်သွယ်ပေးထားမှာ သေချာသည်။ ရှင်ဘုရင်ကောင်းမှုတော်များချည်းမို့ ထိုလမ်းပေါ်တွင် သဲဖြူ ခင်းရာဇမတ်ကာ၊ ငှက်ပျောပင်တို့ စိုက်ထားပေမည်။ ပိုးဖဲ ကတ္တီပါ ရွှေချည်၊ ငွေချည်ထိုး၊ မင်းခမ်းမင်းနားများ မကြာ ခဏကျင်းပပြုလုပ်ပေမည်။ မောင်းသံတဟီဟီ၊ စည်တော် သံတရွှမ်းရွှမ်းဖြင့် ဘုန်းမိုးသွန်းလောင်းတာ မကြာခဏဖြစ် ပေမည်။

ထို့အပြင် မဟာဝိဇယပုညကျောင်းတိုက်၊ ဝဇီရာရာမစိန် တုံးတိုက်၊ မတ္တရာတိုက်၊ သက်ပန်းတိုက်၊ မင်္ဂလာရာမ မောင်းထောင်တိုက်၊ မဟာဝိဇယာရာမ ခင်မကန်တိုက်၊ ရွှေကူ တိုက်၊ တကောင်းတိုက်၊ မဟာဝိသုဒ္ဓါရာမ အင်းဂန်းတိုက်၊ မဟာဓမ္မိကာရာမ စလင်းတိုက်၊ ဝိစိတ္တာရာမ မာန်အောင်တိုက်၊ ဆင်တဲတိုက်၊ လယ်ကိုင်းတိုက်၊ မက္ခရာတိုက်၊ ငါးဆူတိုက်၊ စည်ပုတ္တရာတိုက်၊ တွင်းကြီးတိုက်၊ စလင်းတိုက်သစ်၊ လှတွေ တိုက်-စသည့်စိန်တုံးမိဖုရား၊ လောင်းရှည်မိဖုရား၊ သက်ပန်း မိဖုရား၊ ရတနာဒေဝီနန်းမတော်မိဖုရားကြီး၊ အနောက်နန်း မိဖုရား၊ အလယ်နန်းရှင် ဆင်ဖြူမရှင်မိဖုရား၊ တောင်နန်းမတော် မိဖုရား၊ ဒေဝီစုဖုရားကြီး၊ ရွှေဘိုမင်းမိဖုရားခေါင်ကြီးနှင့် သီပေါမင်း စုဖုရားလတ်တို့၏ ကုသိုလ်ကျောင်းတိုက်ကြီးများ သည်လည်း ဘဝရှင်မင်းတရားကြီး၏ ကုသိုလ်တော်များနှင့် တစ်ဆက်တည်း အရှေ့အနောက်တန်းလျက် တည်ရှိသည်။

ယခုအခါ ထိုကျောင်းတိုက်ကြီးများသည် (၆၂)လမ်းမ ကြီး၏ အရှေ့ဘက်ကပ်လျက် (၁၂) လမ်းမှသည် (၃၅)လမ်း အထိ ဆက်လျက်ရှိ၏။ ထို့ကြောင့်(၆၂)လမ်း၏ မြောက်ဘက် ဖျားမှသည် တောင်ဘက်(၃၅)လမ်းအထိကား ရတနာပုံခေတ်၏ ရှင်ဘုရင် မိဖုရားတို့ ထွက်စည်ဝင်စည်ဖြင့် ပွဲကြီးခြိမ့်ခြိမ့် ကျင်းပကာ မင်းလမ်းစိုးလမ်း ဖြစ်ခဲ့သည်မဟုတ်လော။

ပဒေသရာဇ်၏ ရွှေရောင်လွှမ်းသော လမ်းမကြီးဖြစ်ခဲ့ဖူး သည် မဟုတ်လော. . . ။

တကယ်တော့ "ဥယျာဉ်မြို့တော်"ဟူသည် ရတနာပုံခေတ် ကတည်းက မန္တလေးတွင် စတင်ခဲ့၏။ မင်းကြီးမဟာဇေယျသူ ဘွဲ့ခံပညာရှိအမတ် ညောင်လှမြို့စား နိုင်ငံခြားဝန်ထောက် မင်းဦးချိန်သည် အမှာတော်ရေးရာထူးနှင့် အမှုထမ်းစဉ်က မင်းတုန်းမင်းတရားကြီးထံ ဥယျာဉ်တော် ၂၀ ရပ်အကြောင်း ပတ်ပျိုးသီချင်းခံကြီးကို တင်သွင်းခဲ့လေသည်။ လေးပြင် လေးရပ် ဥယျာဉ်တော်များရှိ၏။

ဥယျာဉ်တော်၂၀ ရပ်တွင် သီရိမနောရမ်ဥယျာဉ်တော် လည်း ပါဝင်ပေသည်။ ယင်းဥယျာဉ်သည် ကျယ်ဝန်းကား ကျုံးမြောင်းများရှိသည်။ အရှေ့တွင် နန်းတော်ကွက်၊ အရှေ့ တောင်စွန်းတွင် ဘုရားရှိသည်။ ဥယျာဉ်ရှေ့တစ်လျှောက် တွင် မြို့တော်ဝန်ကြီး ရွှေးကြီးတာ(၉၀)၊ မကွေးမင်းကြီးတာ (၁၁၀)၊ ပခန်းမင်းကြီးတာ(၉၀)၊ လောင်းရှည်မင်းကြီးတာ (၉၀)၊ တံတိုင်းနှစ်ထပ်ဖြင့် စံနန်းတော် တောင်ဥယျာဉ်တော်၊ မြောက်ဥယျာဉ်တော်ရှိသည်။ အနောက်တွင် လက်ဝဲ၊ လက်ယာ ယာတော်များရှိပြီး အသည်ဝင်း၊ ရွှေနန်းရိုးသမိုင်းဝန်၊ ယင်ပုံ လှေအုပ်၊ မြောက်ထားဝယ်ဝိုင်း၊ တောင်ထားဝယ်ဝိုင်း၊ ဆင်အုပ်၊ ကျောက်စိဝန်ထောက်တို့အတွက် မြေနေရာကွက်များရှိသည်။ ထို့ကြောင့် မှူးကြီးမတ်ရာသေနာပတိတို့ ဝန်းဝိုင်းရံခနေသည့် သီရိမနော်ရမ်ဥယျာဉ်တော်သို့ ဘုရင်မင်းမြတ် မကြာခဏ ထွက်စံပယ်တော်မူခဲ့ကြသည်။

ထီးကျိုးစည်ပေါက်ပြီးနောက် ခရစ်သက္ကရာဇ် ၁၈၉၀ ပြည့်နှစ်ရောက်သောအခါ ဘုန်းတော်ကြီး ဒဗလျူအာဝင်စတန် (Rev.W.R.Winston)က ကုဋ္ဌနူနာရောဂါသည်များအတွက် မန္တလေးတွင် ဆေးရုံတစ်ရုံဆောက်လိုကြောင်း မဟာမင်းကြီး ဆာချားလ်ခရော့စ်သာဝိတ်အား တင်ပြသည်။ မဟာမင်းကြီးက မနောရမ်ဥယျာဉ်တွင် ပထမဆုံးဆေးရုံအဆောက်အအုံကို ၁၈၉၁ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်ပေးကာလူနာများ

## ဆူးငှက်

ကို ဆေးဝါးကုသပေးခဲ့သည်။ ထိုသည်ကစ၍ နောက်ပိုင်းတွင် "မနော်ရမ်"ဟူသောအမည်နာမသည် "ရောဂါသည်"များနှင့် တွဲကာ မှတ်မိနေတော့သည်။ ၁၉၈၀ နှောင်းပိုင်းအထိ (၆၂) လမ်းမသည် (၃၅)လမ်းအထိသာ ကတ္တရာလမ်းမဖြစ်သည်။ မနော်ရမ်ဥယျာဉ် နဒီမြောင်းပေါင်တွင် လှည်းလမ်းသာသာပင်ရှိ သည်။ လူသူအများ အသွားအလာနည်းပါးလှသော လမ်း လည်းဖြစ်သည်။(၆၂)လမ်းမဖြစ်လာမည့် နဒီမြောင်းပေါင်တွင် ပုစွန်တွင်း၊ ပုတတ်တွင်းများနှင့်အတူ ကန်စွန်း၊ ကနဖော့လွှမ်း သော ရေအိုင်စပ်စပ်ရှိသည်။ အရှေ့ဘက်မှာ "ပြင်သစ်ရုံ" ဟု ခေါ်သည့် အနာကြီးရောဂါကုသော သာသနာပြုဆေးရုံကြီး ၏ ခေါင်းလောင်းစင်ကြီးက အုပ်မိုးနေသည်။

ရောဂါသည် မစွမ်းမသန်သူတို့က နဒီမြောင်းတွင် အဝတ် လျှော်နေကြသည်။ တချို့က စက်ဘီးတစ်စီးတွင် သုံးယောက် စီးကာ မြောင်းပေါင်ပေါ် ဂရုတစိုက်နင်းသွားကြသည်။ သူတို့ အဝတ်လျှော်နေသော၊ သူတို့စက်ဘီးစီးနေသော၊ သူတို့ ကန်စွန်းရွက်ခူးနေသော၊ သူတို့ငါးမျှားနေသော ဟောသည့် မြောင်းပေါင်သည် နောင်တစ်ချိန်တွင် ကတ္တရာလမ်းကျယ် ကြီးဖြစ်မည်ဟု မည်သူမျှော်လင့်မိပါသနည်း။

တစ်ဖက်ရပ်တဲလေးထိုးသူထိုး၊ သုံးပင်နှစ်ခန်းအိမ်လေး ဆောက်သူဆောက်၊ အုန်း၊ သရက်၊ မာလကာပင်လေး စိုက် လိုစိုက်ပြီး အေးချမ်းတည်ငြိမ်စွာဖြင့် (ဘဝတူအရပ်သားချင်းမှ အပ မန္တလေးသူ မန္တလေးသားများပင် အလည်အပတ်လာရန် စိတ်မကူးခဲ့ကြသော) သူတို့၏ခြံဝင်းနေအိမ်များကို ဖယ်ရှား ခံရကာ ပေ (၄၀×၆၀) အကွက်များရိုက်မည်ဟု မည်သူ မျှော်လင့်ပါသနည်း။ ထို့အတူ ရေခံမြေခံကောင်းသည့်နေရာဟု သတ်မှတ်ကာဝိုင်းကျဉ်ထားကြသည့် ဟောသည်မြေကွက် များကိုရော ငွေသိန်း ၂၀၊ ၃၀ တန်သွားမည်ဟု မည်သူမျှော်လင့် ပါသနည်း။

သို့သော်. . . .

၁၉၈၀ နောက်ပိုင်းတွင် အကြိမ်ကြိမ်လောင်ကျွမ်းသော မီးကြီးများကြောင့် ပဲဖြူကုန်းရွာသည်လည်းကောင်း၊ ငွေ တော်ကျည်ကုန်းရွာသည်လည်းကောင်း၊ သိုးခြံရွာသည် လည်းကောင်း၊ ထွန်တုံးရွာသည်လည်းကောင်း၊ ဗိုလ်ရွာ သည်လည်းကောင်း၊ မြို့သစ်က၊ ခ၊ ဂ စသည်မှသည် မြရည် နန္ဒာ၊ ကံသာယာမြို့သစ်များ ပေါ်ထွက်ခဲ့ချေပြီ. . . .။ မြို့နှင့်အလှမ်းကွာဝေးလွန်းလှသော မြို့သစ်ကွက်များနှင့် မန္တလေး၏ဆက်သွယ်ရေးလမ်းကြောင်းသည် ထိုစဉ်အခါက ရှင်ပင်အုန်းအင်းဘုရားဆီဦးတိုက်သည့် လေယာဉ်ကွင်း တောင်ဘက်ထိပ်က မြေလမ်းလေးပဲဖြစ်ပါသည်။ ထိုမြေ လမ်းလေးက ရန်ကုန်-မန္တလေးလမ်းမကြီးဆီဆိုက်၏။ ထိုမြေ လမ်းလေးသည် မိုးရွာသောအခါ မြို့သစ်သားတို့၏ ပခုံးပေါ် သို့ သူတို့၏စက်ဘီးများကို ထမ်းတင်သွားစေသည်။ သူ၏ မြမြလှသည့် ရွှံ့ဆေးများဖြင့် အမှတ်(၁၀) သစ်သားဘတ်စ် ကားအိုကြီးများကို ရပ်တန့်သွားစေ၏။

ထိုအခါ မန္တလေးမြို့မှ လူလည်ပွဲစားများ၏ မြေကွက် အရောင်းအဝယ်သည် ၎င်းမြေလမ်းကလေးနှင့်နီးသော မူလမြို့သစ်၏ မနော်ဟရိလမ်းမကြီးနှင့် နီးသောအကွက် အကွင်းကိုသာ စိတ်ဝင်စားကြသည်။ သူတို့လက်ထဲ၌ တွန့် ကြေမွကာ စုတ်ပြတ်လုလု ဘီလပ်မြေအိတ်ခွံများအပေါ် ခဲနီပြာတံနှင့် ရေးဆွဲထားသည့် မြို့သစ်မြို့ပြကွက် မြေပုံ များရှိသည်။ ရှင်ပင်အုန်းအင်းဘုရား၏ မြောက်ဘက်မုခ် သစ်သားဇရပ်လေးမှ ထိုင်စောင့်ကာ မြေလမ်းလေးအတိုင်း ဒယီးဒယိုင်ဝင်လာသည့် ကားစီး၊ ဆိုင်ကယ်စီး၊ လူတန်းစားကို သူတို့လက်ထဲကဘီလပ်မြေအိတ်ခွံမြေပုံများ ဖြန့်ကာဖြန့်ကာ ပြရင်း ဒီနေရာကဈေး၊ ဒီနေရာကကျောင်း၊ ဒီနေရာက သမ ဝါယမ၊ ဒီနေရာက ရုပ်ရှင်ရုံဟု အနာဂတ်မြို့ပြပုံစံသည် နက်ဖြန်ရောက်ရင်ပဲ နိုင်လွန်လမ်းဖြူးဖြူး၊ မာကျူရီတထိန်ထိန်၊ ဘတ်စ်ကားတဝီဝီနှင့် နယူးယောက်မြို့ကြီး ရှုံးလောက် အောင် ပေါ်ပေါက်လာတော့မည့်အလား အာပေါင်အာရင်း သန်သန် ပြောပြမည်။

"ထောင့်ကွက်ယူပါလား၊ ရုပ်ရှင်ရုံနဲ့နီးတယ်။ ဈေးနဲ့ လည်းနီးတယ်လေ"ဟု တိုက်တွန်းမည်။

လေပူတစ်ချက်ဝှေ့သည်။ ဖုန်လုံးတို့ဝေါခနဲ ပြိုကျသွား ၏။ ကန်သင်းရိုးပေါ်မှရပ်ရင်း လေထဲလွင့်မပါသွားအောင် ထိန်းလိုက်ရသည်။ အရှေ့ဆီလှမ်းကြည့်တော့ သစ်ပင်မရှိ၊ ရိုးပြတ်လယ်တောတို့ တစ်မျှော်တစ်ခေါ်၊ ဟိုတစ်စု၊ ဒီတစ်စု၊ တဲအိမ်လေးအချို့တော့ တွေ့ရသည်။ ဝါးလုံးတိုင်လေးတွေ ထိုးထိုးထောင်ထောင်၊ ရှမ်းရိုးမသည် တံလျှပ်ပြားတွင် အရိပ်ပြပွဲလိုတဖျပ်ဖျပ်။ မြို့သစ်မြေကွက်များကို စိတ်ဝင်စား သူတွေကတော့ လတ်တလောလုနေကြသည့် (က)(ခ) အကွက်များကို စိတ်ဝင်စားသည်။ ဒုတိယစဉ်းစားကြတာက (ဆ)ရပ်ကွက် ။

ဗိုလ်ရွာ ပြောင်းရွှေ့လိုက်ရသောအခါ မြို့သစ်မြေပုံ တစ်မျိုးပြောင်းလဲသွားပြန်၏။ ဗိုလ်ရနေရာတွင် မြေကွက် များရိုက်၍ ရရှိသွားသူများက လူစွမ်းကောင်းများပင် မဟုတ်ပါလော။ ထိုအခါ "ဗိုလ်ရ" အကွက်များကို စိတ်ဝင် စားကြပြန်သည်။ ထိုနေရာများမှာ ကတ္တရာလမ်း အရင်ခင်း မှာ သေချာသည်။

လျှပ်စစ်မီးအရင်ရမှာသေချာသည်၊ ထင်သည့်အတိုင်း ပင် ရွာခံတို့၏တဲများမှ ထန်းလက်များပင် မဖြုတ်ခွာရမီ ပေကြိုးဆွဲ၏။ ထုံးဖြူတား၏။ ကျောက်ကြီးချ၏။ လမ်းမီး အတွက် မျှောတိုင်စိုက်၏။ မကြာမီ ကတ္တရာလမ်းမသစ် တစ်လမ်း ဘွားခနဲ ပေါ်လာပြန်သည်။ (၆၅)လမ်း။ မကြာမီ ဗို့အားပြည့်လျှပ်စစ်မီး ၂၄ နာရီအပြည့်ရလာ၏။ မကြာမီ တယ်လီဖုန်းလိုင်းများ ရောက်လာ၏။

အာဂ"ဗိုလ်ရ" ရွာပါကလား။

ထို့ကြောင့် မြို့သစ်နှင့် မန္တလေး၏အဆက်အသွယ်သည် (၆၅)လမ်းမှလွဲ၍ ဘယ်နေရာများ အဓိကကျပါလိမ့်မည် နည်း။ (၆၅)လမ်းသည် သူ၏ဝဲယာတွင် ယူဂိုဆလပ်ပုံတိုက် လေးများ အစီအရီ ပေါ်လာချေပြီတမုံ့။

*(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)*





## စေတီတည်ဆောက်မည့် မြေနေရာကွင်းဆင်းကြည့်ရှု

**ဟိုပန် မတ် ၁၇**

၁၉၇၇ ခုနှစ် အောက်တိုဘာလ တွင် ၂၄ရက်ကြာ ဖြစ်ပွားခဲ့သည့် ခြူးရွှေ-ပန်ကောက်တိုက်ပွဲ၌ တိုင်းပြည် အတွက် အသက်ပေးကာကွယ်ခဲ့သည့် မြန်မာ့တပ်မတော်သားများအား ရည်စူး ၍ လည်းကောင်း၊ နယ်မြေအေးချမ်း သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်းရည်ရွယ်၍ 'ဝ' ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ဖာလင်ကျေးရွာ ညောင်ပင်ကုန်းပေါ်၌ ရွှေပြည်အေးဘွဲ့အမည်ဖြင့် စေတီတော် တစ်ဆူ တည်ထားကိုးကွယ်သွားမည် ဖြစ်သည်။

စေတီတော် တည်ထားကိုးကွယ်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ငွေကျပ်သိန်း ၅၀ မတည်ပေးခဲ့ပြီး ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်း ငွေဖြင့် တည်ထားကိုးကွယ်သွားမည် ဖြစ်သည်။ မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက စေတီတော်တည်ထားကိုးကွယ် မည့် မြေနေရာသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ တိုင်းဦးစီးအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများ၊ ဖာလင်ကျေးရွာချမ်းရိပ် ငြိမ် ထေရဝါဒဗုဒ္ဓဘာသာသာသနာပြု ကျောင်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာစက္ကနှင့် စေတီတော် ဖြစ်မြောက်ရေး ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရ သည်။

(ခရိုင် ပြန်/ဆက်)

## မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ပျဉ်းမနား မတ် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ် (၁) မြို့မဈေးတွင် ဈေးမှုစတင်၍ မီးလောင်မှုမဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ထားရှိမှုအခြေ အနေများကို မတ် ၁၅ ရက်နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် အမှတ် (၁) မြို့မဈေးတာဝန်ခံ ဦးတင်မောင်ကြည်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော် ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးပြီး ဈေးတာဝန်ခံ ဦးတင်မောင်ကြည်က ဈေးမှုစတင်ပြီးမီးလောင် မှုမဖြစ်ပွားစေရေးအတွက် ဈေးအတွင်းအပြင် လျှပ်စစ်မီးကြိုး များ သွယ်တန်းထားရှိမှု၊ မီးသတ်ယာဉ်များ ဝင်/ထွက်နိုင်သ ည့်လမ်းများအခြေအနေ၊ မီးသတ်ဆေးဘူးထားရှိမှု၊ အရေးပေါ်ဖြစ်ပွား ပါက ရေအသင့်သုံးစွဲနိုင်ရန် မီးသတ်ရေကန်တွင် ရေဖြည့်တင်းထားရှိမှု စသည့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပဗေဒ)

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**


ဝင်းညွှန့်ညွှန့် စိန်ရွှေရတနာဆိုင်

ပစ္စည်းများအားလုံးကို ဒစ်ဂျစ်တယ်ရွှေရည်စမ်းသပ်စက်ဖြင့် စမ်းသပ်ထုတ်လုပ်ထားသောဆန်းသစ် လှပသည့် စက်ဒီဇိုင်း၊ လက်ဒီဇိုင်း ၁၅`ရည်၊ ၁၆`ရည် ရွှေရည်ပြည့် ရွှေထည်ပစ္စည်းများ၊ စိန်ထည်ပစ္စည်းများကို ထုတ်လုပ်ရောင်းချပေးနေပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်ဆွေသစ်များကို အလျော့တွက်လက်ခ သက်သာစွာဖြင့် ရောင်းချပေးနေပါသည်။

ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။

အမှတ် (၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၁၀၀ ၊ ၅၃၉၅၁၂ ၊ ၅၂၃၈၁၈



မြန်မာနိုင်ငံဓာတ်ပုံအသင်း

"ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပွဲတော်"
"၂၀၁၅ ခုနှစ်၊ (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာနှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲ"
"၂၀၁၅ခုနှစ်၊ အကြိမ်(၆၀)မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကြီး"
"၂၀၁၅ခုနှစ်၊ အမှုဆောင်သစ်ရွေးချယ်ပွဲ"

ဖိတ်ကြားခြင်း

| | |
|---|---|
| ဒုတိယအကြိမ်ဓာတ်ပုံပွဲတော်ကျင်းပမည့်ရက် | - ၂၀-၃-၂၀၁၅ရက်မှ ၂၂-၃-၂၀၁၅ရက်အထိ၊ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ |
| နှစ်ပတ်လည်ပြိုင်ပွဲဆုချီးမြှင့်မည့်ရက်/နေရာ | - ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) The Yangon Gallery |
| လစဉ်ပြိုင်ပွဲ၊ သင်တန်းသားဆုချီးမြှင့်ပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည့်ရက်/နေရာ | - ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၊ အစည်းအဝေးပွဲ မွန်းတည့် ၁၂နာရီ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၊ အမှတ် ၂၇/၂၉၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ် |

အသင်းသား/အသင်းသူများသည် အသင်း၏တိုးတက်ရာ တိုးတက်ကြောင်း ဆွေးနွေးအကြံပြု ချက်များနှင့် အမှုဆောင်ဆန္ဒပြုလွှာများကို ၂၅-၃-၂၀၁၅ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့ရပါမည်။ အသင်းသားများအနေဖြင့် နှစ်စဉ်ကြေးပေးဆောင်ပြီးသော အသင်းဝင်ကတ်ပါမှသာ မဲပေးခွင့်ပြုပါမည်။ (အမှုဆောင်အဖွဲ့)



ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၂၇၆၇ (၀၅၁၃)
နဂါးအမှတ်တံဆိပ်
လေငန်းဖမ်း၍ကိုယ်တစ်ခြမ်းသေခြင်း၊ ပါးရွဲ့ခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ဖြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။



ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1661 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2237 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကြော်ငြာ



ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

# 68 RESIDENCE CONDOMINIUM

68 Residence
WE DEFINE LIFESTYLE

DEVELOPED BY: UNITED GP
Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း






**5 % Discount**
**+**
**Interior Decoration Package with fully furnished facilities**

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
**84 %**
Sold Out

**အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။**

ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။

CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွန်ခိုင်မာသောရင်းနှီးမြှုပ်နှံမှု

| ROOM TYPES | SQFT |
|---|---|
| 1 BEDROOM | 750 Sqft |
| 2 BEDROOMS | 1000 - 1100 Sqft |
| 2 BEDROOMS + STUDY | 1200 - 1300 Sqft |
| 3 BEDROOMS + STUDY | 1380 - 1580 Sqft |
| DUPLEX (3 BEDROOMS + 1) | 2100 Sqft |
| DUAL KEY (2 BEDROOMS + 1 BEDROOM) | 2100 Sqft |

SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

Main Sponsor
SUPER ONE CO.,LTD.
ကိုချန်ဟိန်း(ရတနာမြိုင်)စီစဉ်သည်
Dr.နန္ဒာသန်း..ဖြည့်ဆည်းမှု
Media Partner
SKY NET mntv your point of view CHANNEL 9




21-3-2015 (Sat)
7:00PM
အမျိုးသားဇာတ်ရုံ (မြို့မကျောင်းလမ်း)
40000Ks. 30000Ks. 20000Ks. 10000Ks.

ချမ်းချမ်း အိုင်ရင်းဇင်မာမြင့် နီနီခင်ဇော် ရတနာမိုင် JENNY
L.P.J + PLUS THREE + စန္ဒရားမျိုးနိုင်

လက်မှတ်အရောင်းဌာန
Super One ကုန်တိုက်များ(ကျိုက္ကဆံ၊ ရွှေဘုံသာ၊ တော်ဝင်စင်တာ၊ Junction-8) Tel: 01-545871~4 , 241021
Victoria ကုန်တိုက်များ(လှိုင်သာယာ၊ Excel Hotel ၊ ရေကြောင်းသိပ္ပံကျောင်းရှေ့) Tel: 01-685211, 505614, 559648
Nation Mart ဆိုင်များ (ကြို့ကုန်း၊ မြောက်ဥက္ကလာပ၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပုဇွန်တောင်စက်ဆန်း) Tel: 09-32252737, 09-260426500~1
Super One Company(Wholesales Center) မင်္ဂလာဈေးBranch, ညောင်ပင်လေးဈေးBranch-Tel: 01-202711, 229241
ရတနာမြိုင် တေးသံသွင်း Tel: 01-373413, 246539 | မန်းသီရိ တေးသံသွင်း Tel: 01-392931, 252903

အထူးမေတ္တာရပ်ခံချက် -ပြင်ပမှဝယ်ယူလာသောလက်မှတ်များတာဝန်မယူပါ ။ Digital ဗီဒီယိုကင်မရာ(လုံးဝ)ယူဆောင်လာခွင့်မပြုပါ ။

## TRADE MARK CAUTIONARY NOTICE

Notice is hereby given that my client, YOMA BANK LIMITED, a financial institution, having its registered office at No.11/17, Bokalay Zay Street, Botahtaung Township, and Yangon, Myanmar is the owner and the sole proprietor of the following trade mark;

YOMA BANK
The Responsible Bank.

**Reg No. 18603/2014**

To be used in connection with Insurance; Financial Affairs; Monetary Affairs; Real Estate Affairs as provided under International trademark **Class-36.**

**NOTICE IS ALSO GIVEN** that legal proceedings will be taken against any person or company who uses said trademark or any imitation thereof, or who otherwise infringes the rights of said company.

For further information, please contact:

Thu Ya Zaw
Attorney-at-Law
LL.B, LL.M, H.G.P
No. 11/17, Bogalay Zay Street,
Botahtaung Township, Yangon, Myanmar.
For YOMA BANK LTD.
Dated:12-3-2015

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၆၈၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရှာသာကြီး)

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.
ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။
အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်
ရွှေအသည်း
အမှတ်တံဆိပ်
အသည်းအားဆေး
အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး




- အသည်းရောဂါ ဘီပိုး၊ စီပိုးကို လျော့နည်းတားဆီးနှိမ်နင်းနိုင်ကြောင်း၊ ရောဂါပိုးရှာမတွေ့နိုင်သော အနေအထားသို့ ရောက်ရှိသွားကြကြောင်းကို ဖော်ပြသည့် Case Study သုတေသနအား တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းခဲ့ပါသည်။
- အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေပြီး အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။
- အသည်းပျက်စီးမှုကို ကာကွယ်ထားခြင်းကြောင့် အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။ အသည်းခြောက်နေသူများအတွက် ပိုမို၍အသည်းခြောက်ခြင်းမှ လျော့နည်းသက်သာလာစေပါသည်။
- Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
- Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။
- ဤဆေးသည် အမှန်တကယ်ဆေးစွမ်းအာနိသင်ထက်မြက်ကြောင်းကို ခိုင်မာသောအထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသနပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းများကို ဂုဏ်သိက္ခာမြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသနညီလာခံများတွင် တင်သွင်းနိုင်ခဲ့ပါသည်။
- နာတာရှည်အသည်းရောဂါရှိသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး/ရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရာ တိုင်းရင်းဆေးဖြစ်ပါသည်။

*Reference :*
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ၊ ၄နံ ၂၂ ၊ ၂၀၁၃

(တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာစာပေနှင့်ဆေးဝါးများကြော်ငြာစိစစ်ရေးအဖွဲ့၊ ကြော်ငြာခွင့်ပြုချက်အမှတ် ၀၉၆/၀၉၁၃)

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့
### အသက်(၈၄)နှစ်

ရဲမှူးချုပ်စိုးမြိုင်(ဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)-ဒေါ်ခင်သန်းညွန့်တို့၏မိခင် ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြကြည်
### အသက်(၉၂)နှစ်

ဒေါက်တာသက်နိုင် (ပါမောက္ခ၊ ရူပဗေဒဌာန၊ စစ်ကိုင်းတက္ကသိုလ်)၏မိခင် ဒေါ်မြကြည်သည် ၁၃-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရူပဗေဒမိသားစု**
**ရန်ကုန်တက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြကြည်
### အသက်(၉၂)နှစ်

ဒေါက်တာသက်နိုင် (ပါမောက္ခ၊ ရူပဗေဒဌာန၊ စစ်ကိုင်းတက္ကသိုလ်)၏မိခင် ဒေါ်မြကြည်သည် ၁၃-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရူပဗေဒအသင်း**
**ဖြစ်မြောက်ရေးကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့
### အသက်(၈၄)နှစ်

ရဲမှူးချုပ်စိုးမြိုင်(ဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်-ဒေါ်ခင်သန်းညွန့်တို့၏မိခင် ဒေါ်ခင်နွဲ့သည် ၁၇-၃-၂၀၁၅ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ**
**နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်စိုးမြိုင်၏မိခင် ဒေါ်ခင်နွဲ့ အသက်(၈၄)နှစ်သည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့**
**တပ်ဖွဲ့ဝင်များ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးဖေ
### (ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)
### အသက် (၆၀)

ဒေါ်အေးအေးမို (ခရိုင်စိုက်ပျိုးရေး၊ မော်လမြိုင်)၏ခင်ပွန်း ဦးအေးဖေ (ညွှန်ကြားရေးမှူး၊ ငြိမ်း)သည် ၁၅-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

**ဌာနမှူးနှင့်ဝန်ထမ်းများARCPC**
**မော်လမြိုင်မြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်းတင်(ခ)ဦးဒဂုန်မောင်
### အသက်(၅၁)နှစ်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဦးအောင်သိန်း-ဒေါ်အေးကြည်)တို့၏သား ဦးစိန်ဝင်းတင်(ခ)ဦးဒဂုန်မောင်သည်၁၁-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စိန်တံခွန်ရေနံထုတ်လုပ်ရေးမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်း၊ ဒါယိကာမ
## ဒေါ်ခင်စန်းမြင့်(အမရပူရမြို့)
### အသက်(၅၁)နှစ်

ဦးဝင်းဟန် ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)နှင့် ဒေါ်ကေသီ (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ညီမ ဒေါ်ခင်စန်းမြင့်သည် ၈-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**(ရုံးချုပ်) ဝန်ထမ်းများ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းခင်
### အသက်(၉၂)နှစ်

ဦးဝင်းသော်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်သီတာဦးတို့၏မိခင် ဒေါ်သိန်းခင်သည် ၁၀-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ရောဝတီဘဏ်လီမိတက်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်နွဲ့
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တိုးကြောင်ကလေးကျေးရွာနေ (ဦးဘသန်း-ဒေါ်ညိမ်းမြ)တို့၏သမီး၊ (ဦးသိန်း-ဒေါ်စောရင်)တို့၏ချွေးမ၊ ဒေါ်လှခင်၏ညီမ၊ (ဦးအေး)၏ဇနီး၊ ရဲမှူးချုပ်စိုးမြိုင်-ဒေါ်ခင်သန်းညွန့်၊ အရာခံဗိုလ်ဝင်းနိုင်-ဒေါ်ထွေးထွေးတင်၊ ဒေါ်စန်းစန်းမြ၊ (ဦးဟန်သိန်း)-ဒေါ်ခင်ဝင်းရီ၊ ဒေါ်အေးအေးသန်း၊ ဦးတင်နိုင်တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၀၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ ၃လမ်း၊ အမှတ် ၁၃၉၉ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည် (သနပ်ပင်မြို့)
### သူနာပြုဆရာမကြီး(ငြိမ်း)
### အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ အောက်စုရပ်နေ (ဦးဘအုန်း-ဒေါ်သန်းမေ)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးသာဟန်-ဒေါ်သောင်းမြင့်)၊ (ဒေါ်လှရီ)၊ (ဒေါ်ခင်ကျော့)တို့၏ညီမ၊ (ဦးမျိုးမြင့်၊ အကောက်ခွန်၊ ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း (အကောက်ခွန်၊ ငြိမ်း)တို့၏အစ်မ၊ (ဦးဘိုဘို)-ဒေါ်စုစုမြင့်၊ ဦးခင်ဇော်-ဒေါ်ထွေးထွေးသိန်း၊(ဦးချစ်ဝင်း-ဒေါ်ယုယုမြင့်)၊ရဲအုပ်ဖုန်းဇော်-ဒေါ်နီနီမြင့်၊ဦးမောင်မောင်နိုင်-ဒေါ်မာမာအေး၊ ဦးကျော်စွာမြင့် (Golden Eagle Shipping)-ဒေါ်သိုက်သိုက်မျိုး၊ ဦးဇင်မင်းထွန်း(အကောက်ခွန်)-ဒေါ်ကေသွယ်ဦး (YRS ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အဒေါ်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၃-၂၀၁၅ရက် မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဝင်း
### အသက်(၇၀)

ဒေါက်တာသန်းဇော်မြင့်-ဒေါက်တာဝင်းမာတို့၏မိခင် ဒေါ်တင်တင်ဝင်းသည် ၁၃-၃-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဌာနမှူးများ၊ မော်ကွန်းထိန်း၊**
**လက်ထောက်မော်ကွန်းထိန်း၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြမြသန်း
### အသက်(၄၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်၏ချစ်လှစွာသောဇနီး၊ မကြယ်စင်ထွန်း(အဌမတန်း)၏ချစ်လှစွာသောမိခင် ဒေါ်မြမြသန်း(ဒု-ဦးစီးမှူး၊ ငြိမ်း)သည် ၁၄-၃-၂၀၁၅ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျောက်ပန်းတောင်းမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးငြိမ်းငြိမ်းစံ အသက်(၂၆)နှစ်
### အထပြ၊ အထက(၁)အမ်း၊ ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၊ ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးတင်သိန်း P.E အပတ်စဉ်(၁)-ဒေါ်ခင်မာရီတို့၏သမီး၊ ဦးပြည့်ဖြိုးအောင်(ဒုဦးစီးမှူး၊ ကျောက်ဖြူမြို့နယ် ထွေ/အုပ်ရုံး)၏ဇနီး ဒေါ်အေးငြိမ်းငြိမ်းစံ(အမ်းမြို့)သည် ၁၃-၃-၂၀၁၅ရက် (အောင်တံခွန်-၃)ရေယာဉ်နစ်မြုပ်မှု၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ကျော်ထွန်းနှင့် ဇနီး ဒေါ်စံအေးနု**
**ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊**
**ပုသိမ်မြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးငြိမ်းငြိမ်းစံ အသက်(၂၆)နှစ်
### အထပြ၊ အထက(၁)အမ်း၊ ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၊ ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးတင်သိန်း P.E အပတ်စဉ်(၁)-ဒေါ်ခင်မာရီတို့၏သမီး၊ ဦးပြည့်ဖြိုးအောင်(ဒုဦးစီးမှူး၊ ကျောက်ဖြူမြို့နယ် ထွေ/အုပ်ရုံး)၏ဇနီး ဒေါ်အေးငြိမ်းငြိမ်းစံ(အမ်းမြို့)သည် ၁၃-၃-၂၀၁၅ရက် (အောင်တံခွန်-၃) ရေယာဉ်နစ်မြုပ်မှု၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အခြေခံပညာ ကာယဆရာ ဆရာမများ၊ သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲ**
**ကျင်းပရေးကော်မတီ၊ ပြည်နယ်/တိုင်းများမှ**
**အခြေခံပညာ ကာယဆရာ ဆရာမများ**

### ဝမ်းနည်းကြေကွဲခြင်း
## မောင်ထက်ပိုင်ဦး
### အသက်(၁၂)နှစ်

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးစိုးကျော်သူ(ငြိမ်း)-ဒေါက်တာစံပယ်မြင့်တို့၏ချစ်လှစွာသောသား မောင်ထက်ပိုင်ဦးသည် ၁၅-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးစောထွန်း
### ပ/စက်ခန်းအုပ်
### အကောက်ခွန်(ငြိမ်း)
### စစ်တွေ-ပေါက်တော
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှင်းသာအဆင့်မြင့်အိမ်ရာ၊ အမှတ်(အီး-၃)၊ အခန်း ၁၀၆နေ(ဦးချက်ဖား-ဒေါ်လှဒါဦး)တို့၏သား၊ ဦးထွန်းနိုင်(ဦးစန္ဒီမာ)-ဒေါ်တင်အောင်၊ ဦးစိန်ရွှေ-ဒေါ်သန်းသန်းငွေး၊ ဦးထွန်းအောင်ကျော်-ဒေါ်မြတ်မြတ်ထွန်း၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးကျော်ဝင်း၊ ဦးရွှေသာ-ဒေါ်စန္ဒာဝင်း၊ ဒေါ်မရွှေဝင်း၊ ဦးနေလင်းကိုကို - ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး ၂၀၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည်၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေးရီ
### B.A. (ed), B.Ed
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၁)ဗဟန်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘကြီး-ဒေါ်စိန်ခင်)တို့၏သမီး၊ (ဦးမြင့်သိန်း၊ တရားရုံးချုပ်ရှေ့နေ)၏ဇနီး၊ ကိုအောင်ဇော်ဦး-မဝါဝါတင်(ခေတ္တ-ဩစတြေးလျ)တို့၏မိခင်၊မောင်သုဝဏ္ဏအောင်၊ မောင်ထွဋ်ဝဏ္ဏအောင်(ခေတ္တ-ဩစတြေးလျ)တို့၏အဘွား၊ (ဗိုလ်မှူးမျိုးအောင်-ဒေါ်တင်ကြည်)၊ (ဦးဘစိန်-ဒေါ်မြင့်မြင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ်၅၉၂၊ ကမ်းနားလမ်းနှင့် ကိုင်းတန်းလမ်းထိပ်၊ လမ်းမတော်မြို့နယ်နေ (ဦးပြန်စိန်-ဒေါ်ညွန့်ရီ)တို့၏ချွေးမ၊ တူ၊ တူမ ၁၂ယောက်တို့၏အဒေါ်သည် ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၂:၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်မေသက် (မန္တလေး)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ် ၁၄၈ (မြေညီထပ်)နေ(ဦးတင်-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးကိုကိုလေး)၏ဇနီး၊ ဦးလှမျိုးအောင် - ဒေါ်စန်းစန်းဦး (ခေတ္တ-စင်ကာပူ)၊ ဒေါ်ခင်ခင်လေး (အမက-၆၊ ကျောက်တံတား)၊ ဒေါ်သင်းသင်းနွယ်(အထက-၃၊ မင်္ဂလာတောင်ညွန့်)တို့၏မိခင်၊ မနှင်းဝတ်ရည်၊ မဇင်မာနှင်း(ခေတ္တ-စင်ကာပူ)တို့၏အဘွားသည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရင်ထွန်း(ခ)ငထီး
### CNG (MOGE)
### အသက်(၅၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ ဇီးတောကျေးရွာနေ (ဦးကုလားချေ-ဒေါ်အောင်မဦး)တို့၏သားငယ်၊ (ဦးဘကျန်-ဒေါ်ပုစိန်)တို့၏သားသမက်၊ သန်လျင်မြို့၊ ရုံးတော်ရပ်ကွက်၊မြို့ပတ်လမ်း၊သဘာဝဓာတ်ငွေ့စခန်းအိမ်ရာဝင်းနေ ဒေါ်ရီရီတင်၏ခင်ပွန်း၊ ဦးမောင်စံမြ-ဒေါ်အောင်ကျန်ဖြူ၊ ဦးဝေတင်-(ဒေါ်ပုယေမ)တို့၏မောင်၊ မောင်သော်တာမင်း-မလင်းလင်းထွန်း၊ မောင်သီဟအောင်တို့၏ဖခင်သည် ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝိလာသ
### သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာ၊ ကမာကလစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဝိလာသ (သာသနာ့ဓဇ ဓမ္မာစရိယ)(ရွှေဘိုခရိုင် ပန်းရုံကျေးရွာ)သည် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၂ရက်) ၃-၁၁-၂၀၁၄ရက်(တနင်္လာနေ့) ည ၈:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၅ရက်) ၂၄-၃-၂၀၁၅ရက်တွင် သုံးခွကျေးရွာ ကမာကလစ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ
သုံးခွကျေးရွာ

## ဗိုလ်မှူးအောင်စန်း (ငြိမ်း)
### ကြည်း-၈၄၀၈၊ O.T.S (24)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ သိဃ်ာလမ်း၊ အမှတ် ၁၅၉/၅နေ (ဦးသာအေး-ဒေါ်ကြီးညွန့်)တို့၏သား၊ (ဒေါက်တာဒေါ်စိန်စိန်ခင်၊ မေ့ဆေးဆရာဝန်ကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဒေါ်စိုးရီ)၊(ဒေါ်စမ်းမေ)၊(ဒေါ်သန်းဆွေ)၊ ဒေါ်စိုးကြည်၊ဒေါ်သန်းရီ၊ဒေါ်မြသိန်း၊(ဦးတင်ထွန်း)တို့၏မောင်/ညီ၊ တူ၊တူမ ၁၅ယောက်တို့၏ဦးလေးသည် ၁၇-၃-၂၀၁၅ရက် နံနက် ၄:၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးအေး(၁၃) (စစ်တွေ)
### အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊နေမျိုးသူရလမ်း၊ အမှတ်(၄/B)နေ (ဦးစံထွန်းအောင်-ဒေါ်မင်းဘူး)တို့၏သား၊ (ဦးစိန်-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒေါ်မြမေ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုဦး)၊ ဦးမောင်မောင်လင်း၊ ဦးကျော်ညဏ်လင်း-မအေးသီတာ(AMAZAING Three Co., Ltd.)တို့၏ချစ်လှစွာသောဖခင်၊ မမိုးမြတ်ဆုညဏ် (Grade-V, အထက-၂၊ စမ်းချောင်း)တို့၏အဘိုးသည် ၁၇-၃-၂၀၁၅ရက် ညနေ ၄:၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၃-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၅ရက် နံနက်တွင် အမှတ်(၄/B)၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးဇော်ဝင်း (စခန်းမှူး၊ ငြိမ်း)
### (မန္တလေးမြို့)
### အသက်(၇၅)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ၈၇လမ်း၊ ၂၅×၂၆လမ်းကြား၊ အမှတ် ၁၈၀/၃၆၊ ခိုင်သစ္စာထန်းလျက်ပွဲရုံနေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးဌေးလှိုင်-ဒေါ်စုစုမြတ်(စံထက်လူဘော်ဒါ၊ မန္တလေး)၊ ဗိုလ်မှူးစိုးသူရ(ငြိမ်း)-ဒေါ်မီမီဝင်း(ရန်ကုန်)၊ ဒေါ်နီလာဝင်း(မန္တလေး)တို့၏ဖခင်၊ မောင်လင်းသူရ၊ မောင်ခန့်သူရ(အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းခန့်ကျော်တို့၏အဘိုးသည် ၁၇-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၃:၅၂နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(ဗဟန်းမြို့နယ်၊ Delta Plaza အလယ်ရွှေဂုံတိုင်လမ်း၊ တိုက် D2၊ အခန်း ၅၀၁ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းမြင့်
### ရဲမှူး(အငြိမ်းစား)(သတင်းတပ်ဖွဲ့)
### အသက်(၆၈)နှစ်

ဦးရဲခေါင်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်သီဂီဝင်းတို့၏ချစ်လှစွာသောဖခင် ဦးသန်းမြင့်သည် ၁၅-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ**
**သူငယ်ချင်းများ**

## ဦးမြင့်သိန်း
### မန်နေဂျာ(ငြိမ်း)၊ဂုန်လျှော်လုပ်ငန်း
### လယ်/ဆည်ဝန်ကြီးဌာန
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ် ၆၊ အမှတ် ၁၂၁/၂နေ (ဦးရှိန် - ဒေါ်နီနီ)တို့၏ သားကြီး၊ (ဦးမောင်မောင် - ဒေါ်ခင်သန်း)တို့၏ သားသမက်၊ (ဦးမြင့်သန်း-ဒေါ်အေးအေးဟန်)၊ ဒေါ်ဘေဘီရှိန်၊ (ဗိုလ်မှူးမောင်မောင်)-ဒေါ်ခင်ဆွေလွင်၊(ဦးဆန်နီလေး)-ဒေါ်စပယ်ဦး၊ ဦးခင်မောင်ချို၊ (ဦးကိုကိုလေး) - ဒေါ်အေးအေးစိုး၊ ဦးမြင့်အေး(ကညန၊ ပြည်)-ဒေါ်သန်းသန်းကြွယ်(အာမခံ၊ ပြည်)တို့၏အစ်ကိုကြီး၊ ဒေါ်တင်တင်ဖြူ၏ ခင်ပွန်း၊ ကိုစည်သူသန်း၊ ကိုကျော်သူသန်း-မသူသူ၊ ကိုအေးကျော်-မခင်စောမူတို့၏ဖခင်၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုကိုအောင်
### (ဗဟိုဆေးသိုလှောင်ရေးဌာန ဝန်ထမ်းဟောင်း)
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ စံပယ်လမ်း၊ အမှတ် ၄နေ ဦးခင်မောင်-(ဒေါ်တင်ကြည်)တို့၏သားငယ်၊ ဦးထွန်းထွန်းဦး-ဒေါ်မေလွင်အောင်၊ ဒေါ်ခင်ချိုလတ်(ထ-၃၊တောင်ညွန့်)၊ဦးဌေးမြင့်-ဒေါ်ခင်ဝါဝါ၊ ဒေါက်တာကျော်တိုး-ဒေါက်တာခင်နီနီတို့၏ ညီ/မောင်၊ မောင်ကောင်းညွန့်ဦး၊ မဆုမြတ်ခင်၊ မောင်ဘုန်းမြင့်စံ၊ မဂျူးဂျူးနွယ်ဦးမွန်တို့၏ဦးလေးသည် ၁၇-၃-၂၀၁၅ရက် နံနက် ၁၁:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၅ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ**

စာ » ၈

ပြည်သူ့လွှတ်တော် အစည်းအဝေး

**စီမံကိန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိသော မြေကွက်လပ်များကို အဆင့်ဆင့် အရေးယူဆောင်ရွက်သွားမည်**

စာ » ၇

အမျိုးသားလွှတ်တော် အစည်းအဝေး

**ရွှေဘိုပေါ်ဆန်းမွှေး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိ**

စာ » ၇



မြန်မာခြင်းလုံးကစားသမားများ လေ့ကျင့်နေစဉ်။

# မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်း ကမ္ဘာ့အဆင့်သို့ရောက်ရှိရန် ဆောင်ရွက်နေ

**ရန်ကုန် မတ် ၁၇**

**သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်**

ခြင်းလုံးအားကစားနည်းသည် မြန်မာ့ရိုးရာကစားနည်းတစ်ခု ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကတည်းက အားကစားနည်းအဖြစ် လည်းကောင်း၊ ကျန်းမာရေးအတွက်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မြန်မာတို့၏ ရိုးရာအားကစားနည်းဖြစ်သည့် ရိုးရာခြင်းလုံးအားကစားနည်းမှာ ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့်အတူ နိုင်ငံတကာပြိုင်ပွဲအဖြစ် စတင်ကျင်းပနိုင်ခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် အတူစတင်ခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ဆီးဂိမ်းပြိုင်ပွဲများတွင် ဆက်တိုက်ပါဝင်လာရန်နှင့် နိုင်ငံတကာပြိုင်ပွဲများကျင်းပပြီး အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်သို့ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဦးစိုးနိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ခြင်းလုံးအားကစားနည်းကို ပြည်တွင်းအဆင့်၌ပင်မဟုတ်ဘဲ နိုင်ငံတကာအဆင့်သို့ ရောက်ရှိအောင် ငွေကြေးများစွာအကုန်အကျခံပြီး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် အရေးပါသည့် ဆောင်ရွက်မှုအဖြစ် အာရှခြင်းလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်ကပင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဥက္ကဋ္ဌ ဦးစိုးနိုင်သည် ခြင်းလုံးအားကစားလောကတွင် ကျင်လည်နေသူဖြစ်သည့်အားလျော်စွာ

စာမျက်နှာ ၁၂ ကော်လံ ၁ ❁

**ယနေ့ မာတိကာ**

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်အပေါ် နှစ်ဖက်ခေါင်းဆောင်တို့၏ အမြင်များ** စာမျက်နှာ » ၄

**အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း (၂)**

ဆောင်းပါး စာမျက်နှာ » ၆

# ရိုးတူးမြောင်း တူးဖော်မှုကြောင့် စိုက်ပျိုးမြေဧက ၇၃၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်





**စဉ့်ကိုင် မတ် ၁၇**

စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေများမှ ပိုလျှံသောရေများ ပြန်လည်စွန့်ပစ်သည့်ချောင်းများ၊ ရေနုတ်မြောင်းများ၊ ရေဆိုးပစ်မြောင်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်တူးဖော်ပေးခဲ့ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ကာ ယခင်က မိုးရာသီအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော စိုက်ပျိုးမြေဧက ၇၃၅၀ ရေကြီးရေလျှံခြင်းမှ ကာကွယ်နိုင်ပြီး တောင်သူများ ပိုမိုအကျိုးအမြတ် ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ တိုင်းဒေသကြီးအစိုးရ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းတွင် စဉ့်ကိုင်မြို့ မြို့မရပ်ကွက်အတွင်းမှ ရေဆိုးများ ထုတ်ယူသည့် ပိုးတူးရိုးကို အရှည်ပေ

စာမျက်နှာ ၄ ကော်လံ ၁ ❍


**CLAIMS DAY NOTIC**

**MV. GOLD STAR**

Consignees of cargo carried by MV. GOLD STAR are here by notified that the vessel will arrive of about 21-3-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၆

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**CLAIMS DAY NOTICE**

**M.V ATLAS HIGHWAY VOY:NO(224A)**

Consignees of cargo carried by M.V ATLAS HIGHWAY VOY: NO. (224A) are here by notified that the vessel will arrive on about 19-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။